# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## မမေ့မလျော့ခြင်း

မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်းတည်း။ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။ မမေ့မလျော့သောသူတို့သည် သေသည် မမည်ကုန်။ မေ့လျော့သော သူတို့သည် သေသည်မည်ကုန်၏။

အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၁)

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် | ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၁၃ ရက်၊ သောကြာနေ့ | အတွဲ (၆၀)၊ အမှတ် (၁၁၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ပိုမိုထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အများပြည်သူအလုပ်ပိတ်ရက် တိုးမြှင့်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၂၂၆ /၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)
ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ပိုမိုထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊
ကုသနိုင်ရေးအတွက် အများပြည်သူအလုပ်ပိတ်ရက် တိုးမြှင့်သတ်မှတ်ခြင်း

အများပြည်သူအလုပ်ပိတ်ရက်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကွင်းဆက်ကို ဖြတ်တောက်နိုင်ရန် တစ်ဆက်တစ်စပ်တည်း အများပြည်သူ အလုပ်ပိတ်ရက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လေးကြိမ် သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ဆက်လက်ထိန်းချုပ်ပြီး ပုံမှန်အခြေအနေသို့

စာမျက်နှာ ၃ ကော်လံ ၁ ◆

## သတင်းထုတ်ပြန်ချက်

## အတည်ပြုနိုင်ခြင်းမရှိသော မှားယွင်းသည့် သတင်းအချက်အလက်များအပေါ် အခြေခံကာ တစ်ဖက်သတ်စွပ်စွဲမှုများကို လက်မခံ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener သည် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ၁၀-၈-၂၀၂၁ ရက်တွင် နယူးယောက်စံတော်ချိန် ၁၀ ၀၀ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ပြုလုပ်ခဲ့မှုအပေါ် မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်သည်။

သတင်းစာရှင်းလင်းမှု၌ သူမအနေဖြင့် အတည်ပြုနိုင်ခြင်းမရှိသော မှားယွင်းသည့် သတင်းအချက်အလက်များအပေါ် အခြေခံကာ တစ်ဖက်သတ်စွပ်စွဲ ပြောကြားထားသည်။ ရှင်းလင်းပြောကြားရာတွင် အကြမ်းဖက်အဖွဲ့များ၏ အဖျက်အမှောင့် လုပ်ရပ်များကြားမှ

စာမျက်နှာ ၄ ကော်လံ ၁ ❄

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ အဆက်မပြတ်တင်သွင်းနိုင်ရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၂

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အရေးတကြီးလိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူ ရုံးပိတ်ရက်များတွင်လည်း လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❖



မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်များ တင်ဆောင်လာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။



# ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ ပြည်တွင်းဈေးကွက်၌ ပြတ်လပ်မှု မရှိစေရေးအတွက် လေကြောင်း၊ ရေကြောင်း၊ နယ်စပ် ကုန်သွယ်ရေး စခန်းများမှ အလွယ်တကူ၊ ချောချောမွေ့မွေ့၊ စဉ်ဆက်မပြတ် တင်သွင်းနိုင်ရန် သက်ဆိုင်ရာဌာနတို့က ပိတ်ရက်မရှိ နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ကလည်း Task Force ဖွဲ့စည်း၍ ဆေးနှင့် ဆေးပစ္စည်းများ တင်သွင်းရောင်းချနေသည့် လုပ်ငန်းရှင်များ ပစ္စည်းတင်သွင်းရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ညှိနှိုင်းဖြေရှင်းပေးခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်ပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းသည် လျင်မြန်စွာ ကူးစက်ပျံ့နှံ့သလို ရောဂါကလည်း ပြင်းထန်ခြင်းကြောင့် ရှေ့တွင် ဖြစ်ပွားခဲ့သည့် ပထမလှိုင်း၊ ဒုတိယလှိုင်းတို့နှင့် နှိုင်းယှဉ်ပါက ဆေးဝါး၊ ဆေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပါအဝင် လိုအပ်ချက်များ လွန်စွာမြင့်မားခဲ့သည်။ အောက်ဆီဂျင် ဆလင်ဒါအိုး၊ အောက်ဆီဂျင်ခါတ်ငွေ့၊ အောက်ဆီဂျင်အရည်၊ အိမ်သုံး အောက်ဆီဂျင်စက်၊ အိမ်သုံးဆေးဝါးများ စသည်တို့ ဈေးကွက်တောင်းဆိုမှု များပြားသည်နှင့်အမျှ ဈေးကွက်တွင် ပစ္စည်းပြတ်လပ်ပြီး ဈေးနှုန်းများမှာလည်း ပုံမှန်ထက် အဆများစွာ မြင့်တက်လာခဲ့သည်။ ကုန်စည်တစ်ခု၏ ထုတ်လုပ် မှု/ တင်သွင်းမှုနှင့် ဝယ်ယူမှုတို့၏ ဆက်စပ်မှုတွင် ဝယ်ယူမှုများပြားပါက ဈေးနှုန်းမြင့်တက်လေ့ရှိသည်မှာ သဘာဝဖြစ်သော်လည်း ဝိသမလောဘဖြင့် ဈေးကစားရန်ရည်ရွယ်၍ ကုန်ပစ္စည်းများကို သိုလှောင်ထားပြီး ဈေးကွက်တွင် ပစ္စည်းပြတ်လပ်စေကာ ဈေးနှုန်းမြှင့်တင်ခြင်းကမူ ကပ်ရောဂါကာလ ဆေးနှင့် ဆေးပစ္စည်းများ အပေါ်တွင် ပြုလုပ်သင့်သည် မဟုတ်ပေ။ အသက်အန္တရာယ်ရှိသည့် ရောဂါအတွက် ဆေးဝါးများကို ဈေးကစားခြင်းက လူသတ်မှုနှင့် မခြားဟုပင် ဆိုရမည်ဖြစ်သည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ရန်ကုန်မြို့ရှိ ဆေးနှင့် ဆေးပစ္စည်း တင်သွင်းဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းများ၏ ဆေးဝါးသိုလှောင်ရုံ အချို့ကို သက်ဆိုင်ရာက ဝင်ရောက်ထိန်းချုပ်ကာ ဆေးဝါးတင်သွင်းမှု၊ သိုလှောင်မှု၊ ဖြန့်ဖြူးရောင်းချမှုတို့ ပုံမှန်အတိုင်းဖြစ်စေရေးအတွက် တည့်မတ်ဆောင်ရွက်ပေးခဲ့ရာ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် ဆေးနှင့် ဆေးပစ္စည်းသိုလှောင်သူအချို့ကိုလည်း တွေ့ရှိခဲ့ရကြောင်း သိရသည်။ ဝိသမလောဘသမားတို့အနေဖြင့် ပုံမှန်ထက် အမြတ်ကြီးကြီးရစေရေးအတွက် ဆေးဝါးနှင့် ဆေးပစ္စည်းများကို ဈေးကစားခြင်းသည် ဆေးဝါးကို မဖြစ်မနေသုံးစွဲရမည့်သူများအပေါ်တွင် နောက်ထပ်ဝန်ထုပ်ဝန်ပိုးတစ်ခုကို ထပ်၍တင်ပေးလိုက်ခြင်းပင် ဖြစ်ရာ လွန်စွာအပြစ်ကြီးသည့် လုပ်ရပ်ပင်ဖြစ်သည်။

"ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးပစ္စည်းများ၊ အခြေခံ အိမ်သုံးဆေးပစ္စည်းများနှင့် ပတ်သက်၍ မည်သည့်ကန့်သတ်ချက်မျှ မထားရှိဘဲ တင်သွင်းခွင့် ပေးထားပြီးဖြစ်သဖြင့် သက်သာသော ဈေးနှုန်းများဖြင့်သာ ရောင်းချပေးစေလိုကြောင်း၊ ရန်ကုန်နှင့် အချို့မြို့ကြီးများမှတစ်ဆင့် ရပ်ဝေးဒေသများသို့ ဖြန့်ချီခြင်းများ လုပ်ဆောင်ရခြင်းဖြစ်သဖြင့် တိုက်ရိုက်မရောက်ရှိဘဲ တစ်ဆင့်ခံရောက်ရှိ သုံးစွဲရသူများအတွက်ပါ ထည့်သွင်းစဉ်းစား၍ ဈေးနှုန်း သက်သက်သာသာနှင့် ဝယ်ယူသုံးစွဲနိုင်အောင် ကိုယ်ချင်းစာတရားထား၍ လုပ်ဆောင်ပေးကြစေလိုကြောင်း၊ ထို့ပြင် ဆေးဝါးများ expired မဖြစ်စေရေးနှင့် လိုအပ်နေသူများထံသို့ အချိန်မီရောက်ရှိစေရေး လုပ်ဆောင်ပေးရန် လိုအပ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့ရာ ဆေးနှင့် ဆေးပစ္စည်းတင်သွင်း ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များအနေဖြင့် "ကုသိုလ်လည်းရ ဝမ်းလည်းဝ"စေကာ နှစ်ဦးနှစ်ဖက်မျှတစွာ ရောင်းဝယ်ဖောက်ကားနိုင်ကြပါစေကြောင်း။ ။

# "ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး " ခေါင်းစဉ်နှင့် " ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ " ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၁၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ ပိုမိုပူးပေါင်းလာစေရန်အတွက်လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ပြည်သူများအသိပညာပေး လုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်စေရေးနှင့် စနစ်တကျ မှတ်တမ်းတင်နိုင်ရေး အတွက်လည်းကောင်း **"ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး"** ခေါင်းစဉ်နှင့် **"ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ"** ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ပြန်ကြားရေးဝန်ကြီးဌာနက ဖိတ်ခေါ်ထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဝါသနာရှင်အဆင့်ပြိုင်ပွဲနှင့် ပညာရှင်အဆင့်ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား နှစ်မျိုး ကျင်းပမည်ဖြစ်သည်။ ဝါသနာရှင်အဆင့်ပြိုင်ပွဲကို **"ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဓာတ်ပုံပညာကို ဝါသနာအရ ရိုက်ကူးနေကြသူများ၊ ပြည်တွင်း/ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိသူများ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ပညာရှင်အဆင့် ပြိုင်ပွဲကို **"ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲသို့ ကိုဗစ်-၁၉ ရောဂါ ဆိုးကျိုးများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ဆိုင်ရာလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနေမှုများ၊ အသိပညာပေးဆောင်ရွက်နေမှုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများက ပါဝင်ကူညီ ဆောင်ရွက်ပေးနေမှုများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုများ စသည့်အကြောင်းအရာများဖြင့် ဖော်ညွှန်းရိုက်ကူးယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့် ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပါသည်။ ဒစ်ဂျစ်တယ် နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသည့် ဓာတ်ပုံများ၊ ပြည်တွင်း ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင် ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများတွင် အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံအကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျောတွင် သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၀-၉-၂၀၂၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ ( ရန်ကုန် ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ သို့ ဆက်သွယ်ပေးပို့ကြရမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒသမအကြိမ် အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

ဒသမအကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိ- ဒေသတွင်းအဆင့်(10th ASEAN Quiz – Regional Level) ပြိုင်ပွဲကို ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် ဦးဆောင်ကျင်းပနိုင်ရန်နှင့် အဆိုပါ ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ကျောင်းသား ကျောင်းသူများကို အာဆီယံ ဉာဏ်စမ်းပဟေဠိ- နိုင်ငံတော်အဆင့် (10th ASEAN Quiz – National Level) ပြိုင်ပွဲအတွက် ရွေးချယ်နိုင်ရေး ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တက်ရောက်အမှာ စကားပြောကြားသည်။**(အောက်ပုံ )**

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံမှ 10th ASEAN Quiz – Regional Level ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် 10th ASEAN Quiz – National Level ပြိုင်ပွဲဝင်များအား ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနက ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အသက် ၁၅ နှစ်မှ အသက် ၁၈နှစ် အတွင်းရှိ ကျောင်းသား ကျောင်းသူ ၄၀ခန့် ရွေးချယ်ရေး၊ သက်ဆိုင်ရာဌာနအသီးသီးမှ မေးခွန်းလွှာများ စုစည်းပေးပို့ရေး၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် ကျောင်းသား ကျောင်းသူများ ထွက်ပေါ်လာစေရေး၊ နည်းပညာပိုင်းဆိုင်ရာတွင် အခြားနိုင်ငံများနည်းတူ အဆင့်မြင့်မြင့် အသုံးပြုနိုင်ရေး၊ လိုအပ်သည်များ ကူညီပံ့ပိုးနိုင်ရေး ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြသည်။

အာဆီယံဉာဏ်စမ်း ပဟေဠိပြိုင်ပွဲသည် အာဆီယံ ပြန်ကြားရေးဆပ်ကော်မတီဖြစ်သည့် (SCI) ၏ စီမံကိန်းတစ်ခုဖြစ်ပြီး ၂၀၀၂ ခုနှစ်မှစတင်၍ နှစ်နှစ်လျှင် (၁) ကြိမ် အာဆီယံအဖွဲ့ဝင်နိုင်ငံများက အလှည့်ကျ ကျင်းပလျက်ရှိရာ ၂၀၀၂ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ၂၀၀၄ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံ၊ ၂၀၀၆ ခုနှစ်တွင် မလေးရှားနိုင်ငံ၊ ၂၀၀၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၊ ၂၀၁၂ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ၂၀၁၄ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၊ ၂၀၁၆ ခုနှစ်တွင် လာအိုနိုင်ငံ၊ ၂၀၁၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံနှင့် ၂၀၂၀ ပြည့်နှစ်တွင် စင်ကာပူနိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြောင်း ၂၀၂၂ ခုနှစ်တွင် (၁၀)ကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိ (ဒေသတွင်းအဆင့်) 10th ASEAN Quiz (Regional Level) ပြိုင်ပွဲအား မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## အမျိုးသားလုံခြုံရေး အက်ဥပဒေရေးဆွဲနိုင်ရေး

အမျိုးသားလုံခြုံရေးအက်ဥပဒေရေးဆွဲနိုင်ရေးကို ပြန်လည်စိစစ်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများ ဖမ်းဆီးမိရေးနှင့် သတင်းပေးသူများအား ထိုက်သင့်သည့် ဆုငွေချီးမြှင့်ရေးကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာမြေပြဿနာများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စနစ်တကျဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် တိုင်းရင်းဆေးထုတ်လုပ်နိုင်ရေးကို သက်ဆိုင်ရာ သုတေသနဌာနများက လုပ်ဆောင်လျက်ရှိကြောင်း၊ မြို့နယ်အလိုက် အောက်ဆီဂျင်စက်ရုံများ တည်ဆောက်ရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၈-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၃/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

◆ *ရှေ့ဖုံးမှ*

အမြန်ပြန်လည် ရောက်ရှိနိုင်ရေးအတွက် ၂၀၂၁ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အထိအား တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေ ပုဒ်မ ၂၅ အရ တိုးမြှင့်သတ်မှတ် ကြေညာလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## အခြေခံပညာကျောင်းများ ရက်သတ္တ (၁)ပတ် ဆက်လက် ယာယီပိတ်ထားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID-19)
ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ
အသိပေးကြေညာချက်
၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

လက်ရှိအခြေအနေအရ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ဆက်လက်ဟန့်တားထိန်းချုပ်ရန် လိုအပ်သည့်အတွက် အခြေခံပညာကျောင်းများ (ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင်) အား ၁၆-၈-၂၀၂၁ ရက်နေ့မှ ၂၂-၈-၂၀၂၁ ရက်နေ့အထိ ရက်သတ္တ(၁)ပတ် ဆက်လက်၍ ယာယီပိတ်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော်ရှိ နိုင်ငံပိုင်သတင်းစာတိုက်များနှင့် နေပြည်တော်ပုံနှိပ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၂

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတိုက်နှင့် နေပြည်တော်ပုံနှိပ်စက်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော်ပုံနှိပ်စက်ရုံတွင် ကျောင်းသုံးပုံနှိပ်စာအုပ်များ ပုံနှိပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် ခရေပင်လမ်းခွဲရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဘိုးဝဇီရခန်းမသို့ ရောက်ရှိကြပြီး သတင်းစာတိုက်များမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် ပုံနှိပ်စက်ခန်းများနှင့် သတင်းခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန နေပြည်တော်ပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ နေပြည်တော်ပုံနှိပ်စက်ရုံအတွင်း အများပြည်သူအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ထားသည့်ကာလဖြစ်သော်လည်း ကျောင်းသုံးပုံနှိပ်စာအုပ်များ အချိန်မီပြီးစီးရေးအတွက် ကိုဗစ် -၁၉ ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပုံနှိပ်စက်များ ကြံ့ခိုင်ရေးဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြည်ထောင်စုဝန်ကြီးက ပုံနှိပ်စက်များ စွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် စက်များမွမ်းမံပြင်ဆင်ရေး၊ မီးဘေးလုံခြုံရေးအတွက် ဂရုပြုဆောင်ရွက်ရေးတို့ကို မှာကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

နိုင်ငံပိုင်သတင်းစာတိုက်များနှင့် နေပြည်တော်ပုံနှိပ်စက်ရုံတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့နိုင်ငံပိုင်မီဒီယာများသည် နိုင်ငံတော်အစိုးရနှင့်ပြည်သူများအကြား အပြန်အလှန် ပေါင်းကူးဆက်သွယ်ခြင်းသာမက ပြည်ပနိုင်ငံများကပါ မိမိတို့၏ သတင်းမှန်၊ အခြေအနေမှန်များကို သိရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုအခါ အိမ်စောင့်အစိုးရအဖွဲ့ ဖွဲ့စည်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို မူဝါဒအဖြစ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများအား ပြည်တွင်းပြည်ပ သိရှိအောင် သတင်းမှန်ပြန်ကြားခြင်းကို မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ပုံနှိပ်မီဒီယာအပါအဝင် မီဒီယာ၏ အခန်းကဏ္ဍကို အထူးအလေးထားပါကြောင်း၊ ပြောင်းလဲတိုးတက်လာသော နည်းပညာများဖြင့် မီဒီယာကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကာ ပြည်သူများ၏ သတင်းအချက်အလက်သိရှိပိုင်ခွင့်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းစဉ်များတွင်လည်း ပညာပေးဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံပိုင်မီဒီယာများတွင်သာမက မြို့နယ်တိုင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများက ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုကို အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင်သွားရန် လိုအပ်ကြောင်း။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအနေဖြင့် ပြည်သူများ ဖတ်ရှုသင့်သည့်စာအုပ်ကောင်းများကို မပြတ်ထုတ်ဝေသွားရန် လိုအပ်ကြောင်း၊ လူငယ်ကဏ္ဍကို ဦးစားပေးပြီး လူငယ်လူရွယ်များ ဖတ်ရှုသင့်သည့်စာအုပ်ကောင်းများကိုလည်း ဦးစားပေးရွေးချယ်ထုတ်ဝေစေလိုကြောင်း၊ နိုင်ငံသားတစ်ယောက်၏တာဝန်ကို သိရှိစေရန် စာပေဖြင့် အသိပညာပေးရမည်ဖြစ်ကြောင်း၊ ခေတ်နှင့်လျော်ညီသည့်စာအုပ်ကောင်းများ ထုတ်ဝေနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းခွင်တွင်လည်း ကိုဗစ် - ၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာလုပ်ဆောင်သွားရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**

❊ *ရှေ့ဖုံးမှ*

အစိုးရ၏ ဒီမိုကရေစီကူးပြောင်းရေး ကြိုးပမ်းဆောင်ရွက်မှုများနှင့် သက်ဆိုင်ရာ မြန်မာအာဏာပိုင်များမှ ပုံမှန်ထုတ်ပြန်အသိပေးနေသည့် သတင်းအချက်အလက်များကို လျစ်လျူရှုခဲ့သည်။ ထို့ပြင် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဖွဲ့စည်းစေလိုကြောင်းဖြင့် အဆိုပြုမှုများသည် မြန်မာနိုင်ငံအပေါ် မလိုလားအပ်သော နိုင်ငံရေးဖိအားပေးသည့်သဘော သက်ရောက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဘုံသဘောတူညီချက်(၅)ချက်အား အကောင်အထည်ဖော်ဆောင်ရွက်လိုကြောင်း ပြသသည့်အနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ခန့်အပ်မှုအား လက်ခံခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား ခန့်အပ်သည့်အဆိုအား လက်မခံ ပယ်ချခဲ့သော်လည်း ကုလသမဂ္ဂနှင့်အပြုသဘော ပူးပေါင်းဆောင်ရွက်မှုကို ပြသသည့်အနေဖြင့် အထူးကိုယ်စားလှယ်နှင့် ၂၀၁၈ ခုနှစ်မှစတင်၍ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်တာဝန်များကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် အိမ်စောင့်အစိုးရ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အိမ်စောင့်အစိုးရအနေဖြင့် တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပပြီး အနိုင်ရသည့်ပါတီသို့ နိုင်ငံတော်တာဝန်အား ပြန်လည်လွှဲပြောင်းပေးမည်ဖြစ်ကြောင်း အပြည့်အဝ ကတိကဝတ်ပြုမှုကို သိသာထင်ရှားစွာ ထုတ်ဖော်ကြေညာထားပြီးဖြစ်သည်။

အိမ်စောင့်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး အစီအစဉ်အား နိုင်ငံတစ်ဝှမ်း ထိုးနှံပေးနိုင်ရေးဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် တရားမဝင်အဖွဲ့အစည်းများနှင့် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw– CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government– NUG) နှင့် ၎င်းတို့ကို ထောက်ခံသူများမှ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးသည့်နေရာများတွင် တိုက်ခိုက်မှုများရှိကြောင်း ဝမ်းနည်းဖွယ်တွေ့ရှိရသည်။ အထူးကိုယ်စားလှယ်အနေဖြင့် ပြောကြားရာတွင် အကြမ်းဖက်တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ ဖော်ပြထားခြင်းမရှိဘဲ နိုင်ငံ၏အခြေအနေကို ပြင်ပမှ ဝင်ရောက်စွက်ဖက်လိုသူများဘက်မှ ချဲ့ကားပြောကြားခဲ့သည်ကို တွေ့ရှိရသည်။

သို့ပါ၍ အထူးကိုယ်စားလှယ်အနေဖြင့် သူမအား ပေးအပ်ထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အပြုသဘော၊ ဘက်လိုက်မှုမရှိ၊ ဓမ္မဓိဋ္ဌာန်ကျကျ ဆောင်ရွက်သွားရန် တိုက်တွန်းသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ ပြောကြားချက်များသည် ကုလသမဂ္ဂမှ ပြဋ္ဌာန်းထားသည့် လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများအပါအဝင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အခြေခံမူများကို ချိုးဖောက်ရာ ရောက်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ကန့်ကွက်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်။**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်**

❖ *ရှေ့ဖုံးမှ*

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Oxygen Concentrator ၂၂၉၆ခု၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းမှ PPE ဝတ်စုံ ၃၀၀၀၀ အပါအဝင် မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ မြဝတီ၊ ကော့သောင်းကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည် (Bowser) ယာဉ်နှစ်စီးဖြင့် ၃၈ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၀ ဒသမ ၁၁ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၅၈၇၅ ခု၊ Oxygen Plant လေးခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator)၈၉၅ ခု၊ PPE ၂၈၈၀၀၊ လက်အိတ်နှစ်တန်နှင့်နှာခေါင်းစည်း (Mask) ၅၈ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများအား ကုမ္ပဏီ ၃၁ ခုမှ ယာဉ်စီး ရေ ၅၅ စီးဖြင့် တင်သွင်းလာခြင်းဖြစ်သည်။

ဩဂုတ်လအတွင်း ယာဉ်စီးရေ ၆၉၇ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser)ယာဉ်ဖြင့် ၆၂၈ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၁၅၆ တန်၊ အောက်ဆီဂျင်ခါတ်ငွေ့အိုးဖြင့် ၆၆ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၈၃၆၇၉ ခု၊ Oxygen Plant ၂၀၊ အောက်ဆီဂျင် (Generator) ၁၀ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၆၄၈၄၉ ခု၊ Test Kit ၁၅၀၂၆၈ ခု၊ PPE ၄၀၀၆၅၂ စုံ၊ လက်အိတ်တန် ၆၀ နှင့် နှာခေါင်းစည်း (Mask) ၉၀၇ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

၂၀၂၁ ခုနှစ် ဇူလိုင်လမှ ဩဂုတ် ၁၂ရက်ထိ ပြည်ပမှ တင်သွင်းလာသည့် အောက်ဆီဂျင်အရည်(Bowser) ယာဉ် စုစုပေါင်း ၆၅ စီးမှာ ရန်ကုန်မြို့သို့ ၄၈ စီး၊ မန္တလေးမြို့သို့ ၁၁စီး ၊ ပဲခူးမြို့သို့ နှစ်စီး၊ မော်လမြိုင်မြို့သို့ သုံးစီး၊ သထုံမြို့သို့ တစ်စီးဖြစ်ကြောင်း သိရသည်။ Oxygen Plant စုစုပေါင်း ၂၈ ခုမှာ ရန်ကုန်မြို့သို့ လေးခု၊ လားရှိုးငါးခု ၊ ပဲခူးမြို့သို့ လေးခု၊ ပခုက္ကူနှစ်ခု ၊ မန္တလေးမြို့နှစ်ခု၊ ဘားအံနှစ်ခု၊ မော်လမြိုင်မြို့နှစ်ခု၊ တောင်ကြီး၊ သံဖြူဇရပ်၊ မကွေး၊ ထားဝယ်၊ ဝါးခယ်မ၊ မြစ်သား၊ ကျောက်ပန်းတောင်းမြို့များသို့ တစ်ခုစီ ဖြစ်ကြောင်း သိရသည်။



မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။



ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အိုးများ တင်ဆောင်လာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အများပြည်သူရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသည့် ဩဂုတ် ၉ ရက်နေ့မှ ၁၅ ရက်အထိ ရုံးပိတ်ရက်များတွင်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် အလုပ်တာဝန်များ ရပ်ဆိုင်းထားမည်မဟုတ်ဘဲ ပုံမှန်အတိုင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးမည်ဖြစ်ပြီး အဆိုပါရက်များတွင်လည်း ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်)တို့မှ အွန်လိုင်းစနစ်ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားမှုများကိုလည်း ရုံးချိန်အတွင်းပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဩဂုတ် ၈ ရက်နေ့စွဲဖြင့် အသိပေးကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့် စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံ သင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ ည ၇ နာရီထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၇၅ ဦးနှင့် အမျိုးသမီး ၁၅၀ စုစုပေါင်း ၃၂၅ ဦးကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခါတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး လေးဦး၊ စုစုပေါင်း ၂၁ ဦးတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခါတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၂၄၃ ဦးနှင့် အမျိုးသမီး ၂၀၆ ဦး စုစုပေါင်း ၄၄၉ ဦးကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခါတ်ခွဲအတည်ပြုပိုးတွေ့လူနာအမျိုးသား ၈၃ ဦးနှင့် အမျိုးသမီး ၆၀၊ စုစုပေါင်း ၁၄၃ ဦးကိုလည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရှိရသည်။

အထက်ပါ စောင့်ကြည့်လူနာများနှင့် ခါတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူဖက်စပ်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ၏ ပုလဲများတန်ဖိုးဖြတ်ခြင်းနှင့် အချိုးတူခွဲဝေခြင်း ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းနှင့် အကျိုးတူဖက်စပ်ဆောင်ရွက်လျက်ရှိသော ပုလဲမွေးမြူထုတ်လုပ်ရေးကုမ္ပဏီ၏ ဖော်ယူပြီးသော ပုလဲများကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှ နေပြည်တော်သို့ မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် သယ်ယူ၍ တန်ဖိုးဖြတ်ခြင်းနှင့် အချိုးကျခွဲဝေခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြတိုက်၌ ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်၊ ထိန်းချုပ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်စစ်ဆေးကြည့်ရှုသည်။ **(အပေါ်ပုံ)**

**လျာထားချက် ပြည့်မီကျော်လွန်**

တနင်္သာရီ တိုင်းဒေသကြီးအတွင်း မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူ ဖက်စပ်ဆောင်ရွက်လျက်ရှိသော ပြည်ပကုမ္ပဏီလေးခု၊ ပြည်တွင်းကုမ္ပဏီခုနစ်ခုနှင့် နိုင်ငံပိုင်ပုလဲစခန်းတစ်ခု၊ စုစုပေါင်း ပုလဲထုတ်လုပ်ရေးစခန်း ၁၂ ခုဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပုလဲလုံးရေစုစုပေါင်း ၁၂၉၀၀၇၆ လုံး၊ အလေးချိန် ၇၆၄၁၅၁ မိုမီ ထုတ်လုပ်ရရှိခဲ့ကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဇူလိုင်လကုန်အထိ ကုမ္ပဏီရှစ်ခုမှ စုစုပေါင်း ပုလဲလုံးရေ ၁၀၃၄၂၁၇ လုံး၊ အလေးချိန် ၆၅၁၉၄၅ မိုမီကို ထုတ်လုပ်ရရှိခဲ့ပြီး ကုမ္ပဏီသုံးခုနှင့် နိုင်ငံပိုင်ပုလဲစခန်းတစ်ခုမှာ ပုလဲဖော်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကုမ္ပဏီအနေဖြင့် ဘဏ္ဍာရေးနှစ်အတွင်း ထုတ်လုပ်ရရှိခဲ့သည့် စုစုပေါင်းပုလဲအလုံးရေ ၃၃၇၉၁၂ လုံး၊ အလေးချိန် ၂၄၂၇၈၂ မိုမီကို မြန်မာ့ပုလဲလုပ်ငန်း ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ(က)အရ တန်ဖိုးဖြတ်၊ အချိုးကျခွဲဝေခြင်းကို ဆောင်ရွက်ခဲ့သဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ထုတ်လုပ်မှုလျာထားချက် ပြည့်မီကျော်လွန် ရရှိခဲ့ကြောင်း သိရသည်။

**ကြိုတင်ပြင်ဆင်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် ပြန်လည်ဖွင့်လှစ်နိုင်ရန် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကာ ကျောက်စိမ်းအချောထည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူရှင်များက ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အလှူငွေများနှင့် ဆေးဝါးပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၂**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင်အလှူရှင်များက ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ အောက်ဆီဂျင်အိုးများနှင့် အလှူငွေများကို လာရောက်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ၊ အထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးများလှူဒါန်းခြင်းကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စေတနာရှင်အလှူရှင်များက ငွေကျပ် ၁၇၂၅ သိန်း၊ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၀၀၊ Flow meter ၁၀၀ နှင့် ငွေကျပ် ၁၈ သိန်း တန်ဖိုးရှိ ဆေးဝါးပစ္စည်းမျိုးစုံတို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး**(ဓါတ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်း စိုက်ပျိုး မွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၂**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူများသည် တိုင်းစစ်ဌာနချုပ်၊ မြိတ်တပ်နယ်၌ စိုက်ပျိုး၊ မွေးမြူရေးဆောင်ရွက်ထားရှိမှုနှင့် မြိတ်မြို့ ပုဂ္ဂလိကပိုင် ဥစားကြက်မွေးမြူရေးခြံတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၁၁ ရက်တွင် တွံတေးမြို့နယ် အရိုင်းတောင်ကျေးရွာအုပ်စု ဇော်တိကကျေးရွာရှိ Kyaw Lay Kyaw Company Limited ၏ ကျွဲ၊ နွားယာယီစုဆောင်းခြံနှင့် ရန်ကုန်ပေါက်ကျေးရွာအုပ်စုရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တွံတေးစိုက်ပျိုးမွေးမြူရေးစခန်း၌ ငါးမွေးမြူထုတ်လုပ်မှုနှင့် ထူးသစ်ကုမ္ပဏီမှ ဧက ၃၅၀ ၌ ငါး၊ ပုစွန်မွေးမြူထုတ်လုပ်မှုများကိုလည်းကောင်း အသီးသီးသွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူများ မြိတ်တပ်နယ်၌ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခြောက်လတာ ခရီးမှတ်တိုင်

## ကနေ့ခင်

*(ယမန်နေ့မှအဆက်)*

**ငြိမ်းချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး**

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရ ငြိမ်းချမ်းရေးအတွက် နိုင်ငံတစ်ဝန်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာကိစ္စရပ်များကို ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိနှင့် ထပ်မံ၍လည်း သြဂုတ်လ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ထပ်မံတိုးမြှင့်ရပ်ဆိုင်းပေးသွားမည်ဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်သိရှိရပါသည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံးသည် ဇူလိုင်လ ၅ ရက်က တရားမအထူးအယူခံမှု လေးမှုကို ရုံးထိုင်ကြားနာခဲ့ပြီး လေးမှုကို စီရင်ချက်များ ချမှတ်နိုင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းခြင်းအမိန့်ကို ထုတ်ပြန်ခဲ့ပါသည်။ သက်ဆိုင်ရာတရားရုံးများတွင် စွဲဆိုခံရသည့် ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းပြီး တရားခံများအား အမှုမှလွှတ်ရမည် ဟူ၍ပါရှိပြီး အကျုံးဝင်သော အမှုအမျိုးအစားများကို စနစ်တကျစိစစ်ခဲ့ပြီး အကျဉ်းသားအကျဉ်းသူ ၄၂၉၇ ဦး ကိုသက်ဆိုင်ရာ အကျဉ်းထောင်အသီးသီးမှ ပြန်လွှတ်ပေးခဲ့သည်ကိုလည်း မြင်တွေ့ရပါသည်။

**ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဇူလိုင်လ ၅ ရက်က ကချင်ပြည်နယ် နောင်မွန်း၊ ခေါင်လန်ဖူး၊ ဆော့လော်၊ အင်ဂျန်းယန်နှင့် ဖားကန့်မြို့နယ်၊ ကရင်ပြည်နယ် ဖာပွန်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ မြေပြင်အခြေအနေမှန်ကို ဖော်ထုတ်ခဲ့သည်။ ဇူလိုင်လ ၆ ရက်တွင် ကချင်ပြည်နယ် မြို့နယ် ၁၈ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးဖော်ထုတ်ခဲ့သကဲ့သို့ ဇူလိုင်လ ၇ ရက်တွင် ကရင်ပြည်နယ် မြို့နယ် ခုနစ်မြို့နယ်၏ မဲပေးခဲ့မှုအခြေအနေများ မြေပြင်စစ်ဆေးဖော်ထုတ်မှုရလဒ်တို့ကို သတင်းထုတ်ပြန်ပေးခဲ့သည်။

ဇူလိုင်လ ၈ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်စောင်ထုတ်ပြန်ရာ၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့သည့်မြို့နယ် ၃၁၅ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများကို စစ်ဆေးခဲ့ရာ မြို့နယ်တိုင်း၊ မဲရုံတိုင်း၌ မဲစာရင်းအရေအတွက်များပြားစွာမှားယွင်းလျက်ရှိပြီး ယင်းမှာ မတော်တဆ အမှားမျိုးမဟုတ်သည့် ကြိုတင်ကြံစည်ထားရှိမှုဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။ ပွင့်လင်းမြင်သာစွာ မြေပြင်စစ်ဆေးဖော်ထုတ်ချက်များအရ မဲမသမာမှုဖြစ်ပွားခဲ့သော မဲစာရင်းတွေ့ရှိချက်မှာ ၁၁၃၀၅၃၉၀ (၂၉ ဒသမ ၅၄ ရာခိုင်နှုန်း) ဖြစ်ကြောင်း ထုတ်ပြန်နိုင်ခဲ့သည်။ ဇူလိုင်လ ၁၀ ရက်ကလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်ခဲ့ရာ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိခြင်း၊ သုံးကြိမ်အထက်၊ နှစ်ကြိမ်ခန့် မဲပေးခြင်း၊ အသက် ၁၈ နှစ်အောက်နှင့် ၁၀၀ နှင့်အထက် မဲပေးထားခြင်းစသည့် မဲမသမာမှုများကို တိကျသည့်စာရင်းဇယားများဖြင့် ထုတ်ပြန်ခဲ့သည်ကိုလည်း မြင်တွေ့ရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဇူလိုင်လ ၂၃ ရက်တွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်၊ ဇူလိုင်လ ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဇူလိုင်လ ၂၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့၏ ရွေးကောက်ပွဲရလဒ်များနှင့် စပ်လျဉ်း၍ မြေပြင်အခြေအနေများအပေါ် ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်ခဲ့ပြီး ဇူလိုင်လ ၂၆ ရက်တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲသည် ဥပဒေများနှင့် ညီညွတ်ခြင်းမရှိသည့်အပြင် လွတ်လပ်၍ တရားမျှတမှု မရှိသော ရွေးကောက်ပွဲဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ကြောင်း ကြေညာခဲ့သည်။

> ❍ ရွေးကောက်ပွဲရလဒ်များနှင့် စပ်လျဉ်း၍ မြေပြင်အခြေအနေများအပေါ် ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်ခဲ့ပြီး ဇူလိုင်လ ၂၆ ရက်တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် ဥပဒေများနှင့် ညီညွတ်ခြင်း မရှိသည့်အပြင် လွတ်လပ်၍ တရားမျှတမှုမရှိသော ရွေးကောက်ပွဲဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ကြောင်း ကြေညာခဲ့

**မိမိအိမ်မှာသာ နေထိုင်ရေးအစီအစဉ်**

ပဲခူးနှင့် မန္တလေးတိုင်းဒေသကြီး မြို့နယ် ၉ မြို့နယ်ကို ဇူလိုင်လ ၁ ရက်ကလည်းကောင်း၊ ဇူလိုင်လ ၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၊ ရှမ်းပြည်နယ် နောင်ချိုမြို့နယ်တို့ကို လည်းကောင်း၊ ဇူလိုင်လ ၃ ရက်က ဧရာဝတီတိုင်းဒေသကြီးမှ မြို့နယ် ၃ မြို့နယ်ကိုလည်းကောင်း၊ ဇူလိုင်လ ၆ ရက်က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရှိ မြို့နယ် ၂ မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး မြို့နယ် ၃ မြို့နယ်တို့ကို လည်းကောင်း၊ ဇူလိုင်လ ၇ ရက်က မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ မြို့နယ် ၁၄ မြို့နယ်အား လည်းကောင်း၊ ဇူလိုင်လ ၁၁ ရက်က ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၈ မြို့နယ်အား လည်းကောင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၁၁ မြို့နယ်၊ ဇူလိုင်လ ၂၅ ရက်တွင် နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းမှ မြို့နယ် ၇ မြို့နယ်၊ ဇူလိုင်လ ၂၇ ရက်တွင် ပဲခူး၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ မြို့နယ် ၅ မြို့နယ်၊ ဇူလိုင်လ ၃၀ ရက်တွင် ပဲခူးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့ကိုလည်း နေအိမ်တွင်နေထိုင်ရေး အစီအစဉ်အကျုံးဝင်ကြောင်း ကြေညာခဲ့ပါသည်။

**ကိုဗစ် – ၁၉ တတိယလှိုင်းကို အစိုးရနှင့်ပြည်သူပူးပေါင်းတွန်းလှန်**

ဗဟိုအဆင့်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အသီးသီးတို့တွင် ကိုဗစ် – ၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ညှိနှိုင်းစည်းဝေးမှုများ၊ ကွင်းဆင်းဆောင်ရွက်မှုများ၊ ပြန်လည်သုံးသပ်ဆွေးနွေးခြင်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပြီး ဆေးရုံများတွင် လူနာများအတွက်ပြင်ဆင်ခြင်း၊ ရောဂါဖော်ထုတ်ခြင်းနှင့် ကာကွယ်ရေးပစ္စည်းများဖြန့်ဝေခြင်းကို ဇူလိုင်လ ပထမပတ်နှင့် ဒုတိယအပတ်တို့တွင် အများအပြား ဆောင်ရွက်ခဲ့သည်ကိုလည်း မြင်တွေ့ရပါသည်။ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို သွင်းကုန် လိုင်စင်လျှောက်ထားခြင်း ယာယီကင်းလွတ်ခွင့်ပြုပေးခြင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများကို ပိတ်ရက်မရှိ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ် – ၁၉ တတိယလှိုင်း စတင်မြင့်တက်လာသည့် ဇူလိုင်လ ၁၂ ရက်မှ ၃၁ ရက်အထိ ယာဉ်အစီးရေ ၇၄၉ စီးဖြင့် အောက်ဆီဂျင်အရည် ၇၂၇ တန်၊ အောက်ဆီဂျင်အရည်(အိုး) ၅၆၇ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့အိုးဖြင့် ၁၁၄ တန်၊ အိမ်သုံး အောက်ဆီဂျင်စက် ၆၉၁၄၆ ခု၊ Test Kit ၃၂၂၈၇၈ ခု၊ နှာခေါင်းစည်း Mask ၁၁၀၄ တန်၊ အောက်ဆီဂျင် Plant ရှစ်ခု၊ အောက်ဆီဂျင်ဂျင်နရေတာ ၁၁ ခု၊ ဆေးရုံသုံး အောက်ဆီဂျင်ဖြည့်စက်လေးခုတို့ကို တင်သွင်းခွင့်ပြုနိုင်ခဲ့သည်။

တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ဖေဖော်ဝါရီလ ၅ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ ပြင်ပလူနာပေါင်း ၂၇၆၁၈၁ ဦးနှင့် အတွင်းလူနာပေါင်း ၈၀၇၁၈ ဦးကို ကုသပေးနိုင်ခဲ့ပြီဖြစ်သည်ကိုလည်း သိရှိရသည်။ ထို့ပြင် ဆေးကုသရန်ခက်ခဲသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများတွင်လည်း တပ်မတော်သားသမားတော်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုများက ကျန်းမာရေးစောင့်ရှောက်မှုများ ဖြည့်ဆည်းပေးလျက်ရှိသည်ကိုလည်း မြင်တွေ့ရပါသည်။

တစ်ကျော့ပြန်တွေ့ကြုံလာသည့် ကိုဗစ် – ၁၉ ရောဂါကူးစက်မှုများပြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ဆောင်ရွက်ရေးအစီအမံများကိုလည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်နေသည်ကိုလည်း ဇူလိုင်လအတွင်း မြင်တွေ့ရသည်။

*စာမျက်နှာ ၇ သို့*



မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းရှိ စက်ရုံမှ ထုတ်လုပ်သည့် အောက်ဆီဂျင်အိုးများကို သက်ဆိုင်ရာ နေရာများသို့ ဖြန့်ဝေပေးစဉ်။

*စာမျက်နှာ ၆ မှ*

ထို့အတူ ကိုဗစ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများပြုလုပ်ရာတွင် လိုအပ်သည့် ရောဂါကာကွယ်ရေးပစ္စည်းများ၊ ဆေးဝါးနှင့် အသုံးအဆောင်များ၊ စားသောက်ဖွယ်ရာနှင့် လိုအပ်သည့်ပစ္စည်းများကို ဆေးရုံ၊ ဆေးခန်းများ၊ ကွာရန်တင်းစင်တာနှင့် ကိုဗစ်ကုသရေးစင်တာများသို့ တိုက်ရိုက်လှူဒါန်းကြစေဖို့လည်း ကိုဗစ် – ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုန့်ပြန်ရေးကော်မတီက အသိပေးနှိုးဆော်ထားပါသည်။

**ကျောင်းများ ယာယီပိတ်**

မျိုးရိုးဗီဇပြောင်းလဲလာသော ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့နှံ့မှုများပြားလာသဖြင့် အခြေခံပညာကျောင်းများ(ပုဂ္ဂလိကနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင်)ကို ဇူလိုင်လ ၉ ရက်မှ ၂၃ ရက်အထိ ယာယီပိတ်ထားခဲ့ပြီး ထပ်တိုးအဖြစ် ဩဂုတ်လ ၈ ရက်အထိ ဆက်လက်တိုးမြှင့်၍ ယာယီပိတ်ထားခဲ့သည်။ ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကမ္ဘာ့ကပ်ရောဂါကူးစက်မှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ပိတ်ရက်များနှင့် တစ်ဆက်တစ်စပ်တည်း ဇူလိုင်လ ၁၇ ရက်မှ ၂၅ ရက်အထိအား အများပြည်သူအလုပ်ပိတ်ရက်ရှည်အဖြစ် ကြေညာခဲ့ပြီး ဇူလိုင်လ ၂၆ ရက်မှ ဩဂုတ်လ ၁ ရက်အထိကိုလည်း အများပြည်သူရုံးပိတ်ရက်အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့သည်။ ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီက ပိတ်ရက်ကာလများအတွင်း ရောဂါကူးစက်မှုကို ထိရောက်စွာ နှိမ်နင်းနိုင်ရေးအတွက် နေအိမ်တွင် နေထိုင်ရေးအပါအဝင် အခြားစည်းကမ်းချက်များကို ထုတ်ပြန်ခဲ့ပါသည်။

**ဖြေလျှော့ပေး**

အစိုးရရုံးပိတ်ရက်များအတွင်း ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်းလိုင်းများ၊ ပင်လယ်ရေကြောင်းဆိပ်ကမ်းများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် မြဝတီ၊ တာချီလိတ်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည်များ၊ အရည်ပါဝင်သည့် ဆလင်ဒါအိုးများ၊ အိုးအလွတ်များ၊ အိမ်သုံး အောက်ဆီဂျင်စက်များ၊ ကိုဗစ် Test Kit များနှင့် Mask များကို ဆက်တိုက်တင်သွင်းခွင့် အမြန်ဆုံး ရရှိရန်အတွက် လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ ပေးခဲ့သည်ကိုလည်း မြင်တွေ့ရသည်။

အောက်ဆီဂျင်လိုအပ်ချက် ပြည့်မီစေရေးအတွက် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ မင်းဓမ္မ အောက်ဆီဂျင်ဓာတ်ငွေ့စက်ရုံမှ တစ်ရက်လျှင် အောက်ဆီဂျင်ကုဗပေ ၁၄၉၀၀၀ ကျော်နှင့် မြောင်းတကာ အောက်ဆီဂျင်ဓာတ်ငွေ့စက်ရုံမှ တစ်ရက်လျှင် အောက်ဆီဂျင် ကုဗပေ ၁၂၀၀၀ ကို နေ့စဉ်ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ နှင့် ပြည်သူ့ဆေးရုံခုတင် ၃၀၀၊ တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ ခုတင် ၃၀၀ တို့တွင်လည်း အောက်ဆီဂျင်ထုတ်လုပ်နိုင်မည့် Plant များ တပ်ဆင်ထုတ်လုပ်လျက်ရှိသည်ကိုလည်း မြင်တွေ့ရပါသည်။

ကုသရေးဦးစီးဌာနရှိ ဆေးရုံများနှင့် ကိုဗစ် – ၁၉ ရောဂါကုသရေးဌာနများတွင် လက်ထောက်ဆရာဝန်များကို စာချုပ်စနစ်ဖြင့် ခန့်ထားနိုင်ရန်နှင့် သူနာပြု၊ သားဖွားများကိုလည်း ကန်ထရိုက်စနစ်ဖြင့် ခန့်ထားနိုင်ရေးအတွက် လျှောက်လွှာများကို ဇူလိုင်လ ၁၃ ရက်က စတင်ခေါ်ယူခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုအတွက် အားဖြည့်ဆောင်ရွက်ခဲ့ပါသည်။



ကိုဗစ်–၁၉ ကူးစက်မြန်ရောဂါ အရေးပေါ်ကုသရာတွင် အသုံးပြုရန်အတွက် အိန္ဒိယနိုင်ငံ National Strategic Investment Corporation Co.Ltd(NSIC) မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ လှူဒါန်းသည့် Remdesivir ကုသဆေးများ နေပြည်တော်လေဆိပ်သို့ ဇူလိုင် ၂၀ ရက်က ရောက်ရှိလာစဉ်။

**✻ တရုတ်နိုင်ငံမှလှူဒါန်းသည့် Sinopharm ကာကွယ်ဆေး နှစ်သန်း၊ မြန်မာနိုင်ငံက ဝယ်ယူထားသည့် Sinovac ကာကွယ်ဆေး နှစ်သန်းအနက် တစ်သန်းရောက်ရှိနေပြီဖြစ်ခြင်းကြောင့် လူဦးရေသုံးသန်းအား ဦးတည်လူအုပ်စုများ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ အမြန်ဆုံးရောက်ရှိ၍ ပြည်သူများကို ကာကွယ်ဆေးအမြန်ဆုံး လွှမ်းခြုံနိုင်အောင် ဆောင်ရွက်နေကြပြီဖြစ်သည်ကိုလည်း အားရဖွယ်မြင်တွေ့ရ**

**ကောလ်စင်တာဖုန်းနံပါတ်များ**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုဗစ် – ၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာများ၊ လိုက်နာဆောင်ရွက်ရန်နှင့် ပတ်သက်၍ ပြည်သူများ သိရှိလိုသည်များကို အချိန်နှင့်တစ်ပြေးညီ ဖြေကြားနိုင်ရေးအတွက် ဇွန်လကုန်မှ စတင်၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၉ နာရီအထိ ကောလ်စင်တာဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် ကိုဗစ်–၁၉ ရောဂါ ရှာဖွေရေးလုပ်ငန်းခွင့်ပြုထားသည့် ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲများကို အများပြည်သူအဆင်ပြေလွယ်ကူစေရန် ခွင့်ပြုဆောင်ရွက်ပေးခဲ့သည်ကို မြင်တွေ့ရသည်။

ဇူလိုင်လလယ်ခန့်မှစတင်၍ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့များတွင် အောက်ဆီဂျင် Plant များ အမြန်ဆုံးတည်ဆောက် လည်ပတ်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်ကိုလည်း မြင်တွေ့ရပြီး မြို့နယ်အသီးသီးတွင် ကွာရန်တင်းစင်တာများ၊ ကိုဗစ်ကုသရေးနှင့် စောင့်ကြည့်ရေးစင်တာများကို ကြိုတင်ပြင်ဆင်ရေး၊ လူနာများလက်ခံကုသရေးတို့ကိုလည်း ဇူလိုင်လအတွင်း ဖွင့်လှစ်နိုင်ခဲ့ပြီး Mask ဖြန့်ဝေခြင်းမှသည်၊ ကိုဗစ်သံသယလူနာများ စစ်ဆေးအတည်ပြုခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုကို မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် အဆင့်ဆင့်ဆက်သွယ်ချိတ်ဆက်၍ လူနာများကို ကယ်တင်ကုသပေးခြင်းနှင့် လိုအပ်သည့် မြို့နယ်များအတွက် အောက်ဆီဂျင်အိုးများ ဖြန့်ဝေလှူဒါန်းခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်ကို မြင်တွေ့ရမည်ဖြစ်ပါသည်။

**ကိုဗစ်–၁၉ ကာကွယ်ဆေးရောက်ရှိ**

ဇူလိုင်လ ၂၀ ရက်က ကိုဗစ် – ၁၉ ရောဂါကုသရန်အတွက် National Strategic Investment Corporation (NSIC) မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ လှူဒါန်းသည့် Remdesivir ကုသဆေး အလုံးပေါင်း ၃၀၀၀၀ ခန့်သည် အိန္ဒိယနိုင်ငံမှ တစ်ဆင့် တပ်မတော်လေယာဉ်ဖြင့် ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့လှူဒါန်းသည့် Sinopharm ကုမ္ပဏီထုတ် ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေး Dose ၇၃၆၀၀၀ နှင့်စပ်ဆက်ပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇူလိုင်လ ၂၂ ရက်တွင် စတင်ရောက်ရှိခဲ့ပြီး ဇူလိုင်လ ၂၃ ရက်တွင် မြန်မာနိုင်ငံမှ ဝယ်ယူထားသည့် ကာကွယ်ဆေး တစ်သန်း၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လှူဒါန်းပေးသည့် ကာကွယ်ဆေး ၅၂၈၀၀၀ ၊ ဇူလိုင်လ ၂၄ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ကာကွယ်ဆေး နှစ်သန်းအနက်မှ တတိယအသုတ်အဖြစ် ကာကွယ်ဆေး ၇၃၆၀၀၀ နှင့် ဆေးထိုးအပ်များ ထပ်မံရောက်ရှိလာခဲ့ပါသည်။

**ကာကွယ်ဆေးထိုး**

**တရုတ်နိုင်ငံမှ လှူဒါန်းသည့် Sinopharm ကာကွယ်ဆေးနှစ်သန်း၊ မြန်မာနိုင်ငံက ဝယ်ယူထားသည့် Sinovac ကာကွယ်ဆေး နှစ်သန်းအနက် တစ်သန်းရောက်ရှိနေပြီဖြစ်ခြင်းကြောင့် လူဦးရေသုံးသန်းအား ဦးတည်လူအုပ်စုများ** မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ အမြန်ဆုံးရောက်ရှိ၍ ပြည်သူများကို ကာကွယ်ဆေးအမြန်ဆုံးလွှမ်းခြုံနိုင်အောင် ဆောင်ရွက်နေကြပြီဖြစ်သည်ကိုလည်း အားရဖွယ်မြင်တွေ့ရပါသည်။ ဇူလိုင်လ ၂၆ ရက်မှ စတင်၍ အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးဝန်ထမ်း၊ အခြားဝန်ထမ်းနှင့် ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းများ၊ ရဟန်းသံဃာ၊ သီလရှင်များနှင့် ဘာသာရေးအဖွဲ့အစည်းများ၊ လူအိုရုံများ၊ ဘဏ်လုပ်ငန်းများ၊ စေတနာရှင် ပရဟိတလုပ်အားရှင်များ၊ အကျဉ်းသားများစသည်ဖြင့် ဦးစားပေးသတ်မှတ်ကာ ကာကွယ်ဆေးများ ထိုးနှံပေးနေပြီဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*




အောက်ဆီဂျင်အရည် (Bowser) ယာဉ်များ နယ်စပ်ဂိတ်များမှတစ်ဆင့် ပိတ်ရက်မရှိ တင်သွင်းခွင့်ပြုပေးနေမှုကို တွေ့ရစဉ်။

# မိသားစုကျန်းမာရေးအတွက် ဆေးဝါးဝယ်ယူရာတွင် ပစ္စည်းမှန် ဈေးနှုန်းမှန်ရရှိဖို့ သတိပြုကြစို့

## ဒေါက်တာသန်းနိုင်စိုး(ကျန်းမာရေးအသိပညာမြှင့်တင်ရေး)

**လက်ရှိအချိန်ကာလသည် နိုင်ငံတကာတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး (SARS–Cov–2)၏ မျိုးရိုးဗီဇများ ပြောင်းလဲကူးစက်နေချိန်ဖြစ်ကာ မိမိတို့နိုင်ငံတွင်လည်း အဆိုပါ မျိုးရိုးဗီဇပြောင်းရောဂါပိုးများကြောင့် ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းကိုခံစားနေရချိန်ဖြစ်ပါသည်။ မျိုးရိုးဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ပိုးများ ဥပမာ– ဒယ်လ်တာ ဗိုင်းရပ်စ်မျိုးကွဲသည် မူလကိုရိုနာဗိုင်းရပ်စ်ပိုးများနှင့် နှိုင်းယှဉ်လျှင်ကူးစက်မှုနှုန်း နှစ်ဆမှ သုံးဆအထိပိုမို၍ ကူးစက်ကာ ရောဂါပြင်းထန်စွာ ဖြစ်ပွားနိုင်သည့်နှုန်း ပိုမိုမြင့်မားကြောင်း တွေ့ရှိနေရပါသည်။**

သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ပထမလှိုင်းကာလ ၂၃–၃–၂၀၂၀မှ ၁၅–၈–၂၀၂၀ အထိ ၁၄၆ ရက်အတွင်း ဖြစ်ပွားသူ ၃၇၄ ဦး၊ သေဆုံးသူ ခြောက်ဦး၊ ဒုတိယလှိုင်းကာလ ၁၆–၈–၂၀၂၀မှ ၂၆–၅–၂၀၂၁ အထိ ၂၈၄ ရက်အတွင်း ဖြစ်ပွားသူ ၁၄၂,၉၄၄ ဦး၊ သေဆုံးသူ ၃,၂၁၀ဦး ရှိခဲ့ရာမှ ယခုတတိယလှိုင်းကာလ ၂၇–၅–၂၀၂၁ မှ ၆–၈–၂၀၂၁ အထိ ၇၂ ရက်တာကာလအတွင်း ဖြစ်ပွားသူ ၁၇၉,၅၂၀ ဦး၊ သေဆုံးသူ ၈,၀၄၆ ဦးအထိ ရှိလာခဲ့ခြင်းဖြစ်ပါသည်။


### မတန်တဆဈေးပိုပေးနေရ

ရောဂါဖြစ်ပွားမှု တတိယလှိုင်းကာလအတွင်းတွင် ဖြစ်ပွားကူးစက်မှုနှုန်း အလွန်မြင့်မားစွာနှင့် လျင်မြန်စွာဖြစ်ပေါ်ခဲ့ခြင်းကြောင့် ရောဂါဖြစ်ပွားမှုများပြားရာဒေသများတွင် အခြေခံအိမ်သုံးဆေးဝါးများ (Over The Counter Medicine – OTC)နှင့် ဆရာဝန်ညွှန်ကြားမှုဖြင့် သောက်သုံးရသော ဆေးဝါးများ (Prescription Only Medicine – POM) များ ဝယ်ယူရာတွင် ခက်ခဲရှားပါးမှုများ အထူးသဖြင့် လူသုံးများ၍ နာမည်ကြီး တံဆိပ်ပါ ဆေးဝါး(Branded Medicine)များ ဝယ်ယူရာတွင် ခက်ခဲရှားပါး၍ မတန်တဆ ဈေးပိုပေးနေရသည့် အခြေအနေများ ဖြစ်ပေါ်လာခဲ့ရပါသည်။

ထိုသို့ အိမ်သုံးဆေးဝါးများ ဈေးကြီးပေး၍ ခက်ခဲရှားပါးစွာ ဝယ်ယူနေရမှုဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းများအနက် အချို့မှာ– ပြည်သူတို့အနေဖြင့် ဆေးဝါး/ဆေးပစ္စည်းဆိုင်ရာ ဝယ်ယူသုံးစွဲမှုများနှင့် ပတ်သက်သည့် ကျန်းမာရေးအသိပညာအားနည်းခြင်း၊ အချို့သောဆေးဆိုင်များသည် ကိုဗစ်– ၁၉ ရောဂါ ကူးစက်မှုအန္တရာယ်ကို အကြောင်းပြ၍ ဖွင့်လှစ်ရောင်းချမှုမပြုခြင်း၊ အချို့သောကျင့်ဝတ်နှင့်မညီညွတ်သည့် ဆေးဝါးတင်သွင်းဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းကုမ္ပဏီများ၊ လုပ်ငန်းများနှင့် ဆေးအရောင်းကိုယ်စားလှယ်များသည် ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ဆေးနှင့်ဆေးပစ္စည်းများကို ဈေးကစားလိုသည့် ရည်ရွယ်ချက်ဖြင့် လက်ထဲတွင် သိုလှောင်သိမ်းဆည်းထား၍ အမြတ်အစွန်းကြီးစွာရရှိစေရန် ဆောင်ရွက်ခြင်း၊ ကပ်ရောဂါဖြစ်ပွားနေစဉ် ကာလအတွင်း ဆေးဝါးနှင့်ဆေးပစ္စည်းများ အဆင်ပြေချောမွေ့စွာ စီးဆင်းသွားလာရေးတွင် အကန့်အသတ်များရှိနိုင်ခြင်းနှင့် ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းကို အိမ်နီးချင်းနိုင်ငံများတွင်လည်း တစ်ပြိုင်နက်ခံစားနေရချိန်ဖြစ်၍ ဒေသတွင်း ဈေးကွက်လိုအပ်ချက် များပြားနေခြင်းတို့ကြောင့် ဖြစ်သည်ဟု သုံးသပ်ရပါသည်။

### သင့်တင့်သည့်ဈေးနှုန်းအတိုင်းသာရောင်းချ

နိုင်ငံတော်အစိုးရအနေဖြင့်လည်း မိမိအိမ်တွင်သာနေထိုင်ရမည့်အစီအစဉ် (Stay at Home) တွင် ပါဝင်သည့် မြို့နယ်များနှင့် အခြားမြို့နယ်များတွင်လည်းကောင်း၊ ရုံးပိတ်ရက်ရှည်ကာလများတွင်လည်းကောင်း ဆေးဝါးနှင့်ဆေးပစ္စည်း အရောင်းဆိုင်များ၊ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုဆေးရုံ/ ဆေးခန်းများကို ဆက်လက် ဖွင့်ထားရန် ကြေညာထားရှိခြင်း၊ ရုံးပိတ်ရက်ရှည်ကာလအတွင်းတွင်ပင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ထမ်းများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆေးပစ္စည်းများ အဆင်ပြေချောမွေ့စွာ စီးဆင်းနိုင်ရေးအတွက် နေ့စဉ်ဌာနများကို ပိတ်ရက်မရှိ ဖွင့်လှစ်၍ ဝန်ဆောင်မှုပေးနေခြင်း၊ နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်း၍ နိုင်ငံရပ်ခြားမှ ဆေးဝါးနှင့် ဆေးပစ္စည်းကုန်စည်များဝင်ရောက်လာမှု အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် ဆေးဝါး နှင့်ဆေးပစ္စည်း အမြောက်အမြားတင်သွင်းခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ ပြည်တွင်းထုတ်လုပ်မှုတိုးမြှင့်ခြင်း စသည်တို့ကို အထူးအားပေး ဆောင်ရွက်နေချိန်ဖြစ်ပါသည်။ ဆေးဝါးနှင့် ဆေးပစ္စည်းများလက်ဝယ် သိုလှောင်ထားသည့် ဆေးဝါးနှင့် ဆေးကုမ္ပဏီများ၊ ဆေးအရောင်းကိုယ်စားလှယ်များအနေဖြင့်လည်း အများပြည်သူအကျိုးရှေးရှု၍ ဆေးဝါးနှင့် ဆေးပစ္စည်းများကို သိုလှောင်ထိန်းသိမ်း၍ ဈေးမြှင့်တင်ရောင်းချခြင်းမပြုဘဲ သင့်တင့်သည့် ဈေးနှုန်းအတိုင်းသာ ရောင်းချသင့်သည့် အချိန်ကာလဖြစ်ပါသည်။




**ဆေးဝါးထုပ်ပိုးမှုပစ္စည်း (သို့မဟုတ်) ဆေးဘူးခွံပေါ်တွင် ကြည့်ရှုစစ်ဆေးရမည့် မြန်မာနိုင်ငံဆေးဝါး မှတ်ပုံတင်အမှတ် (Myanmar Registration Number)နှင့် အချက်အလက်များ။**

မိဘပြည်သူများအနေဖြင့် အိမ်သုံးရန်အတွက်လိုအပ်၍ဖြစ်စေ၊ ဆရာဝန်ညွှန်ကြားထား၍ ဖြစ်စေ ဆေးဝါးများကို ဝယ်ယူရာတွင် အောက်ဖော်ပြပါ အချက်တို့ကို သတိပြု၍ လိုက်နာကြည့်ရှု ဝယ်ယူကြစေလိုပါသည် –

(က) မိမိဝယ်ယူမည့် ဆေးအရောင်းဆိုင်သည် စနစ်တကျမှတ်ပုံတင်ထားခြင်း (သို့မဟုတ်) လိုင်စင်သက်တမ်းရှိသည့် ဆေးအရောင်းဆိုင် (သို့မဟုတ်) လုပ်ငန်းကုမ္ပဏီဖြစ်ရန် လိုအပ်ပါသည်။ အွန်လိုင်းမှ တရားမဝင် ရောင်းချသော မည်သည့် အာမခံချက်မျှမရှိသည့် မည်သည့် ဆေးဝါး၊ ဆေးပစ္စည်းမဆို ဝယ်ယူသုံးစွဲခြင်းမှ လုံးဝ ရှောင်ကြဉ်သင့်ပါသည်၊

(ခ) မိမိဝယ်ယူသုံးစွဲမည့်ဆေးကတ် (သို့မဟုတ်) ဘူးခွံပေါ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနအသိအမှတ်ပြု မှတ်ပုံတင်လက်မှတ် (Myanmar Registration Number) ပါဝင်ရပါမည်၊ ထုတ်လုပ်သည့်ရက်၊ သက်တမ်းကုန်ဆုံးမည့်ရက်တို့ကို ရှင်းလင်းစွာ ဖော်ပြထားရပါမည်၊ ထုပ်ပိုးမှုစနစ် ကောင်းမွန်ပြီး ဆေးအညွှန်းအမှတ် အသားများ၊ ပါဝင်ပစ္စည်းများပြည့်စုံရှင်းလင်းစွာ ဖော်ပြထားရပါမည်၊ ဆရာဝန် ညွှန်းဆိုမှုဖြင့် သောက်သုံးရသော ဆေးဝါးများ (Prescription Only Medicine) ဖြစ်ပါက တတ်ကျွမ်းနားလည်သော ဆေးပညာရှင်များက ညွှန်ကြားသော ဆေးဝါးနှင့် ဆေးပစ္စည်းများကိုသာ ဝယ်ယူသုံးစွဲသင့်ပါသည်၊

(ဂ) ဈေးအလွန်ကြီးမြင့်၍ လတ်တလော ဝယ်ယူရန် ရှားပါးသော နာမည်ကြီး တံဆိပ် အခြေခံအိမ်သုံးဆေးဝါး (Branded Over The Counter Medicine)များကို ဈေးများစွာပိုပေး၍ ဝယ်ယူခြင်းမှ ရှောင်ရှားသင့်ပါသည်၊ အချို့သော အခြေခံအိမ်သုံးဆေးများသည် လတ်တလော အခြေအနေတွင် မူလရှိရင်းစွဲဈေးထက် (၁၀)ဆမှ အဆ (၂၀) အထိ အလွန်မြင့်မား စွာ တိုးမြှင့်ရောင်းချလျက်ရှိနေသည်ကို တွေ့ရှိရပါသည်၊ အဆိုပါနာမည်ကြီး တံဆိပ်ဆေးများနှင့် ပါဝင်သည့်ဆေးအမျိုးအစား၊ ဆေးပမာဏနှင့် အရည်အသွေး တူညီကာ ဈေးနှုန်းသက်သာသည့် မူလဆေးဝါးဗေဒဆိုင်ရာ အမည်ဖြင့်ဆေး (Generic Medicine) (သို့မဟုတ်) အခြားတံဆိပ်ဖြင့် ဆေးများစွာရှိပါသည်၊ ဥပမာ–‘BBB’ တံဆိပ်ဖြင့် ရောင်းချသည့် အကိုက်အခဲပျောက်ဆေး ပါရာစီတမော ၅၀၀ မီလီဂရမ်ပါဝင်သည့်ဆေးသည် ဈေးအလွန်ကြီး၍ ဝယ်ယူရန်ခက်ခဲနေပါက ပါဝင်သည့် ဆေးအမျိုးအစား ပါရာစီတမော ၅၀၀ မီလီဂရမ် (Paracetamol 500mg) တူညီစွာပါဝင်သည့် ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အသိအမှတ်ပြု ပါရာစီတမော ၅၀၀ မီလီဂရမ် (Generic Medicine)ဆေး (သို့မဟုတ်) အခြားတံဆိပ်ဖြင့် ပါရာစီတမော ၅၀၀ မီလီဂရမ် ပါဝင်သောဆေးကိုပြောင်းလဲ၍ ဝယ်ယူသုံးစွဲသင့်ပါသည်၊ ထိုသို့ဝယ်ယူသုံးစွဲလျှင် လိုအပ်သောဆေးကို အလွယ်တကူ ဈေးနှုန်းသင့်တင့်စွာဖြင့် ဝယ်ယူရရှိမည်ဖြစ်ပါသည်၊

(ဃ) ဈေးနှုန်းအလွန်သက်သာမှု တစ်ခုတည်းကိုကြည့်၍ ဝယ်ယူသုံးစွဲခြင်းကိုလည်း ရှောင်ကြဉ်သင့်ပါသည်၊ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အသိအမှတ်ပြု မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ် (Myanmar Registration Number) မပါရှိခြင်း၊ စနစ်တကျထုပ်ပိုးမှုမရှိခြင်း၊ ထုတ်လုပ်သည့်ရက်၊ သက်တမ်း ကုန်ဆုံးသည့်ရက်မပါရှိခြင်း စသည့်ဆေးဝါးများဖြစ်ပါက ဆေးဝါးအတု (Fake Drug) များ (သို့မဟုတ်)

*စာမျက်နှာ ၉ သို့*

# ကိုဗစ်- ၁၉ ရောဂါ ကုသရေးလုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်



**ရန်ကုန် ဩဂုတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့ နံနက် ၇ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC (Myanmar Convention Center) ကိုဗစ်ကုသရေးစင်တာသို့သွားရောက်၍ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ ကြီးကြပ်မှုဖြင့် မြန်မာသီဟကုမ္ပဏီမှ တန် ၂၀ Liquid Oxygen Tank တပ်ဆင်ထားရှိရန် ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ပန်းလှိုင်တံတား ချဉ်းကပ်လမ်းသို့ သွားရောက်၍ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား)မှ တာဝန်ယူဆောင်ရွက်နေသည့် ပန်းလှိုင်တံတားချဉ်းကပ်လမ်း၊ ပန်းလှိုင်တံတားနှင့် BOC လမ်းဆုံကြား အရှည် ၃၁၆၈ ပေရှိ လမ်း ဝဲ/ယာအား Excavator ဖြင့် လမ်းတိုးချဲ့ခြင်း၊ AG Mixer ယာဉ်ဖြင့် ကွန်ကရိလောင်းခြင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၂**

တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)သို့ အောက်ဆီဂျင်အလုံး ၂၀ ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ်များရှိ နယ်မြေခံတပ်မတော် ဆေးရုံများနှင့် ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)သို့ တပ်မတော်ရေမှပြုလုပ်သည့် အောက်ဆီဂျင်အိုးတင်လှည်းများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် အိမ်မဲမြို့များရှိ ပြည်သူ့ဆေးရုံများနှင့် ပရဟိတအသင်းများသို့ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၅၅ လုံးကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ မိဘဂုဏ်အောက်ဆီဂျင် စက်ရုံမှ ထုတ်လုပ်သည့် လီတာ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၀၅ လုံးကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအလုံး ၅၀ နှင့် မိတ္ထီလာပြည်သူ့ဆေးရုံသို့ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၄၀ တို့ကိုလည်းကောင်း တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေးအဖွဲ့အစည်းများက သွားရောက် လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။



ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင်လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင် လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏစက်မှုဇုန်ရှိ စိမ်းတက်အောင်ကုမ္ပဏီပိုင်စက်ရုံဝင်းအတွင်းရှိ အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်နေမှုများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်ပြည်သူ့ဆေးရုံအနီးရှိ Oxygen Plantနှင့် လှည်းကူးမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀)၌ စေတနာရှင် အလှူရှင်တစ်ဦးက လှူဒါန်းထားသည့် Oxygen Plant တို့၌ စက်လည်ပတ်နိုင်မှုနှင့် အောက်ဆီဂျင်ထုတ်လုပ်နိုင်မှုအခြေအနေများကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ရွှေစေတီဘုန်းကြီးကျောင်းအတွင်း အောက်ဆီဂျင်စက်ရုံ(ရွှေစေတီ)တည်ဆောက်နေမှု၊ ဝမ်းတွင်းမြို့ အမှတ် (၂)ရပ်ကွက်၊ မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက်နှင့် ရမည်းသင်းမြို့တို့၌ Oxygen Plant များ တည်ဆောက်နေမှုတို့ကိုလည်းကောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကောင်စီဥက္ကဋ္ဌများ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

အရည်အသွေးမပြည့်ဝသော ဆေး (Substandard Drug)များ (သို့မဟုတ်) သက်တမ်းလွန်ဆေးဝါး (Expired Drug) များဖြစ်နိုင်၍ သုံးစွဲမည့်သူအတွက် အသက်အန္တရာယ်ပင် ရှိနိုင်ပါသည်၊

(င) စပ်ဆေးများဝယ်ယူသုံးစွဲခြင်းကို လုံးဝရှောင်ကြဉ်ရမည်ဖြစ်ပါသည်၊ စပ်ဆေးများတွင်ပါဝင်သော ဆေးများသည် သက်တမ်းလွန်ဆေးဝါးများ၊ ပဋိဇီဝဆေးဝါးများ၊ပြင်းထန် သည့်အကိုက်အခဲပျောက်ဆေးများ၊ စတီးရွိုက်ဆေးဝါးများပါဝင်၍ သောက်သုံးမိပါက လတ်တလောတွင် ဝေဒနာသက်သာစေသလိုရှိသော်လည်း ရောဂါပြင်းထန်လာကာ အသက်သေဆုံးသည်အထိ ဖြစ်ပွားခြင်း၊ စပ်ဆေးများကို မကြာခဏဝယ်ယူသောက်သုံးပါက နောက်ဆက်တွဲအစာအိမ်၊ ကျောက်ကပ်၊ နှလုံးနှင့်သွေးကြောရောဂါများဖြစ်ပွား၍ ဘေးထွက်ဆိုးကျိုးများစွာခံစားရခြင်း၊ ပဋိဇီဝဆေးယဉ်ပါးခြင်းတို့ ဖြစ်ပွားစေကာ လူ့သက်တမ်းစေ့မနေရဘဲ စောစီးစွာ အသက်သေဆုံးနိုင်ပါသည်၊

**“ဆေးဝါးနှင့် ဆေးပစ္စည်းများလက်ဝယ် သိုလှောင်ထားသည့် ဆေးဝါးနှင့် ဆေးကုမ္ပဏီများ၊ ဆေးအရောင်းကိုယ်စားလှယ်များအနေဖြင့်လည်း အများပြည်သူအကျိုးရှေးရှု၍ ဆေးဝါးနှင့် ဆေးပစ္စည်းများကို သိုလှောင်ထိန်းသိမ်း၍ ဈေးမြှင့်တင်ရောင်းချခြင်းမပြုဘဲ သင့်တင့်သည့်ဈေးနှုန်းအတိုင်းသာ ရောင်းချသင့်သည့် အချိန်ကာလဖြစ်ပါသည်”**

(စ) ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက အွန်လိုင်းပေါ်မှရရှိသည့် ဆေးမြီးတိုများနှင့် ကုသခြင်းလုံးဝ(လုံးဝ)မပြုပါနှင့်၊ နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ်သွားရောက်ပြသ၍ စနစ်တကျကုသမှုခံယူခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။ အိမ်တွင်း ဆေးမြီးတိုဖြင့် ကုသခြင်းသည် ရောဂါကြောင့်သေဆုံးမှုကို အလွန်မြင့်တက်စေ၍ အိမ်တွင်းရှိ အခြားသူများကို ရောဂါ ဆက်လက်ကူးစက်စေနိုင်ပါသည်၊

(ဆ) ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ဆေးအရောင်းဆိုင်များသို့ ဆေးဝါးနှင့် ဆေးပစ္စည်း သွားရောက်ဝယ်ယူပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျ တပ်ဆင်ထားပါ၊ လက်ကို အနည်းဆုံးစက္ကန့် ၂၀ ကြာအောင် စနစ်တကျဆေးပါ၊ အခြားသူများနှင့် ခြောက်ပေအကွာ ခပ်ခွာခွာနေပါ၊ ဆေးဆိုင်တွင်လိုအပ်ပါက စနစ်တကျ တန်းစီ၍ဝယ်ယူပါ၊ လူစုလူဝေးဖြစ်စေခြင်းမှ လုံးဝရှောင်ကြဉ်ပါ၊ မိမိအတွက် လိုအပ်သည့်ပမာဏကိုသာ ဝယ်ယူပါ၊ ဆေးကို မလိုအပ်ဘဲအလွန်အကျွံ များပြားစွာ ဝယ်ယူစုဆောင်းခြင်း မပြုပါနှင့်။

အထက်ဖော်ပြပါ ဆေးဝါး/ဆေးပစ္စည်းဆိုင်ရာဝယ်ယူသုံးစွဲမှုများနှင့်ပတ်သက်သည့်ကျန်းမာရေးအသိပညာများကိုမိတ်ဆွေအချင်းချင်း၊ မိသားစုအချင်းချင်း မျှဝေပေးခြင်း၊ လိုက်နာကြည့်ရှုဆောင်ရွက်စေခြင်းဖြင့် အခြေခံအိမ်သုံးဆေးများအလွန်အကျွံဈေးနှုန်းတက်၍ ဝယ်ယူရခက်ခဲခြင်းမှရှောင်ရှားနိုင်ခြင်း၊ ဆေးဝါးနှင့်ဆေးပစ္စည်းများကို ဈေးနှုန်းကစား၍ အမြတ်တင်ရောင်းချသူတို့၏ လှည့်ဖြားခြင်းအန္တရာယ်မှ ရှောင်ရှားနိုင်ခြင်း၊ အရည်အသွေးပြည့်ဝသော ဆေးဝါးများကို တန်ဖိုးသင့်စွာဖြင့် ဈေးပိုပေးစရာမလိုဘဲ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဝယ်ယူရရှိခြင်း၊ အရည်အသွေးမပြည့်မီသောဆေးဝါးများ၊ ဆေးဝါးအတုများ နှင့် စပ်ဆေးအန္တရာယ်တို့မှ ကင်းဝေးခြင်း အကျိုးကျေးဇူးတို့ကို ရရှိခံစားရစေမည်ဖြစ်ပါသည်။ ။

# မေတ္တာကမ္ဘာကြီး တည်ဆောက်ကြမယ်

ရုံးပိတ်ရက်ရှည်ကာလ ဩဂုတ်လဆန်းတွင် အမေ့အတွက် မိသားစုပင်စင်လစာငွေများကို ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၄)၌ ကိုယ်စားသွားထုတ်ပေးဖြစ်သည်။ အမေက အသက် ၉၀ ကျော်ပြီ။ သည်ကြားထဲ လူကြီးနာဖြင့် အိပ်ရာထဲ လဲနေသည်မှာ လေး၊ ငါးလခန့် ရှိနေပြီမို့ လျှောက်လွှာပေါ်တွင် လက်မှတ်ပင် ပီပီသသမထိုးနိုင်တော့။ တစ်ကြိမ်နှင့်တစ်ကြိမ် ထိုးမြဲလက်မှတ်ကလည်း မတူတော့။ သည်လလည်း ပြီးခဲ့သည့်လက လက်မှတ်နှင့် မတူညီပြန်။ ငွေထုတ်ကောင်တာမှ ဝန်ထမ်းညီမငယ်က နားလည်မှုရှိစွာ ပံ့ပိုးကူညီဆောင်ရွက်ပေး၍ အဆင်ပြေခဲ့ရပါ၏။

**စာချစ်သူ**

### တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေး

ပြီးခဲ့သည့် နှစ်လကလည်း မိသားစုပင်စင်လစာ ထုတ်ယူရန် သက်ရှိထင်ရှားရှိသေးကြောင်း ခြောက်လတစ်ကြိမ် လူတွေ့စစ်ဆေးရမည့်ကာလဖြစ်သော်လည်း ကျွန်တော်က အမေအိပ်ရာထဲ လဲနေကြောင်း တင်ပြရာ အရာရှိအစ်မက Video Call ဖြင့်သာ ခေါ်ယူသက်သေပြသစေ၍ အဆင်ပြေချောမွေ့ခဲ့ရပါ၏။ ယခုလည်း သူတို့သည် အများပြည်သူ ရုံးပိတ်ရက်အတွင်း အငြိမ်းစားပင်စင်စားကြီးများ ပုံမှန်ပင်စင်လစာငွေထုတ်ယူနိုင်ရန် ပြည်သူ့ဝန်ကို တာဝန်ကျေပွန်စွာ လာရောက်ထမ်းရွက်ကြရုံမက ကျွန်တော့်ကိုလည်း လုပ်ထုံးလုပ်နည်းဘောင်အတွင်းမှ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေး၍ ကျေးဇူးတင်ရပါ၏။

ပြည်သူ့ဝန်ကို ထိုသို့ဦးထိပ်ပန်ဆင်၍ တာဝန်သိသိ သစ္စာရှိရှိထမ်းရွက်နေကြသော သူတို့ကိုကြည့်ရင်း ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲဖြင့် CDM လုပ်သွားကြသည့် တစ်ချိန်က နိုင်ငံ့ဝန်ထမ်းများကို သတိရမိသည်။ အများစုကတော့ စားဝတ်နေရေးအတွက် အတော့်ကို ခက်ခက်ခဲခဲ ရုန်းကန်နေကြရရှာသည်။ ယခင်က အစိုးရအိမ်ရာများတွင် အလကားနီးနီး နေထိုင်ခဲ့ကြရသော ဝန်ထမ်းမိသားစုများသည် CDM လုပ်ပြီး အလုပ်ထွက်ကြပြီဆိုတော့ အပြင်မှာ တစ်လတစ်လ သိန်းနှင့်ချီသော အိမ်လခများကို ပေးချေကြရတော့သည်။ အများစုမှာ ပုံမှန်ဝင်ငွေမရှိတော့၍ ကြာတော့ မတတ်နိုင်ကြ။ မိဘဆွေမျိုးအိမ်များသို့ သွားရောက်ကပ်ရပ်နေကြရတော့သည်။ အချို့က ဇာတိရပ်ရွာသို့ ပြန်ကြရလေပြီ။

တစ်ချိန်က သူတို့အားကိုးယုံစားခဲ့ကြသည့် အဖွဲ့အစည်းများကလည်း စကတည်းက နိုင်ငံရေးတိုက်ကွက်သက်သက် တစ်ခုသာဖြစ်၍ ဘယ်အဖွဲ့အစည်းကမျှ ရေရှည်တာဝန်မယူကြတော့။ ဘုရားမပြီးခင်မှာပင် ငြမ်းကိုဖျက်ကြလေပြီ။ တစ်နေ့က လူမှုကွန်ရက်စာမျက်နှာထက်တွင် ဖတ်လိုက်ရသည့် အောက်ပါအသိပေးကြေညာချက်ကလည်း CDM တို့၏ လက်ရှိဘဝအခြေအနေကို တစ်ပိုင်းတစ်စ လှစ်ဟပြနေသလို။

### " CDM Support Program "

"ဘယ်လိုမှ မခံစားနိုင်တော့ပါဘူးနော်။ မြန်မာနိုင်ငံမှာ CDM Support Team က ကျွန်တော်တို့တစ်ဖွဲ့တည်းရှိတာ မဟုတ်ပါ။ အဓိကအလှူငွေစီးဆင်းတဲ့အဖွဲ့အစည်းကတော့ CRPH ပါ။ ကျန်တာတော့ မသိပါ။ ရှိတာတော့ သိပါတယ်။ အဲဒါကြောင့် အခြား CDMers များအနေနဲ့ ကျွန်တော်တို့ထက် အလှူငွေစီးဆင်းမှုကောင်းတဲ့ CDM Support Team များထံ သွားရောက်အကူအညီ တောင်းစေလိုပါတယ်။ အခုဟာက တစ်ချိန်လုံး ကျွန်တော်တို့ CDM SP မှာပဲ တငိုငို တရယ်ရယ် ကူပါကယ်ပါလာအော်နေကြတယ်။ ကျွန်တော်တို့လည်း ကြာရင်ဝမ်းနည်းရလွန်းလို့ နှလုံးရောဂါရရပါတော့မယ်။

ဒီလဆိုရင် CDM Support Program က အလှူငွေ ခြောက်သိန်းကျော်သာ စီးဆင်းပါတယ်။ ကဲ စဉ်းစားကြည့်တော့။ ဘဲအုပ်က တစ်ရာ နှစ်ရာ၊ ဗေဒါက တစ်ပင်တည်းဆိုတဲ့ ကဗျာလိုပဲ။ CDM က တစ်ရာနှစ်ရာ အလှူငွေက ခြောက်သိန်းကျော်တည်း"ဟူ၍။

> * ငွေကြေးအားဖြင့် ကိုယ်တတ်စွမ်းသမျှ ကိုယ်နိုင်သလောက် လေးမျှသာ လှူဒါန်းပူဇော်ခဲ့ရခြင်း ဖြစ်သော်လည်း တစ်ဦးစေတနာ တစ်ဦးမေတ္တာကြောင့် စိတ်ဝယ်အေးချမ်းလှ
>
> * သို့ရာတွင် ယခုရက်ပိုင်းအတွင်း မေတ္တာကမ္ဘာ၏ အခြားမဲ့ အရပ်မှ မေတ္တာတရားကင်းမဲ့သူ အကြမ်းဖက်သမားများ၏ ကာလဒေသမရွေး လုပ်ဆောင်ခဲ့ကြသည့် အကြမ်းဖက်မှု ဖြစ်စဉ်အချို့လည်း ပေါ်ပေါက်ခဲ့

ထိုသောအခါ လူ့စည်း၊ ဘီလူးစည်းကို နယ်စည်းမခြားတတ်ခဲ့ကြသည့် CDM ဝန်ထမ်းများအား ကရုဏာသက်မိရုံမှအပ အခြားမရှိတော့။ ကိုယ့်ဝန်ကိုယ်တာ ကိုယ်ခန္ဓာ ချမ်းသာစွာ မွေးမြူနိုင်ကြပါစေရယ်လို့ မေတ္တာပို့သရပါ၏။

### ယာဉ်သွား ယာဉ်လာ အတော်လေးရှင်း

မြန်မာ့စီးပွားရေးဘဏ်ခွဲ(၄)က ထွက်တော့ မိုးက ဖွဲဖွဲလေးရွာလာသည်။ နိုင်ငံတော်က ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပြည်သူများ Stay at Home နေထိုင်စေရန် ရုံးပိတ်ရက်ရှည် သတ်မှတ်ကာလမို့ ရန်ကုန်မြို့လယ်တွင် လူသွားလူလာ၊ ယာဉ်သွား ယာဉ်လာ အတော်လေးရှင်းနေသည်။

မိုးတဖွဲဖွဲလေးကြားက ကုန်သည်လမ်းထောင့်တွင် ဆရာတော်ကြီးတစ်ပါး ကြွလာသည်ကို ဖူးတွေ့လိုက်ရသည်။ အင်္ကျီအိတ်ထောင်ထဲက ကိုယ်ပိုင်ငွေကျပ် ၁၅၀၀ ကို လက်အုပ်ချီမိုးရှိခိုး၍ လှူဒါန်းပူဇော်လိုက်သည်။ ဆရာတော်ကြီးက ဆုတွေ တသီတတန်းပေးရင်း ကေသီသင်္ကန်းထဲမှ တစ်စုံတစ်ခုကိုနှိုက်ယူပြီး ကျွန်တော့်အားပေးသည်။ နှုတ်ကလည်း "ဒါဆောင်ထား၊ ရောဂါဘေးအန္တရာယ်ကင်းတယ်" ဟုလည်း မိန့်ကြားလေသည်။ ကြည့်လိုက်တော့ ပလတ်စတစ်လောင်းထားသော ငွေကျပ်တစ်ရာတန်ပေါ်ဝယ် မြတ်ဗုဒ္ဓ၏ပုံတော်ကို ကြည်ညိုစွာဖူးတွေ့လိုက်ရသည်။ ငွေကြေးအားဖြင့် ကိုယ်တတ်စွမ်းသမျှ ကိုယ်နိုင်သလောက်လေးမျှသာ လှူဒါန်းပူဇော်ခဲ့ရခြင်းဖြစ်သော်လည်း တစ်ဦးစေတနာ တစ်ဦးမေတ္တာကြောင့် စိတ်ဝယ်အေးချမ်းလှပါ၏။

ကုန်သည်လမ်းတစ်လျှောက် ဆက်လျှောက်ဖြစ်သည်။ ပေါ်တီကိုအမိုးလေးအောက်ဝယ် သက်ကြီးပိုင်းလူကြီးတစ်ဦး ပေါင်ချိန်စက်လေး ရှေ့ချ၍ နေ့လယ်စာ စားသုံးနေသည်။ သူ့ထမင်းချိုင့်လေးကို ဝေ့ဝဲကြည့်လိုက်တော့ အသားဟင်းလျာမတွေ့ရပါ။ ပေါင်ချိန်စက်ပေါ် ကျွန်တော်တက်လိုက်သည်။ ဘကြီးက စားလက်စခေတ္တရပ်၍ ပေါင်ချိန်စက်ကို ကြည့်ပြီး "၁၁၆"ဟု ဆိုသည်။ ပေါင်ချိန်စက်ပေါ်က ပြန်ဆင်းပြီး ငွေကျပ်တစ်ထောင်တန် ကမ်းလိုက်တော့ ဘကြီးနှုတ်က တစ်စုံတစ်ရာပြောဖို့ နှုတ်ပြင်လာသည်။ "ရပါတယ် အဘ၊ မအမ်းပါနဲ့ ယူထားလိုက်ပါ"ဆိုတော့ မျက်နှာက ပြုံးယောင်သန်းကျန်ခဲ့သည်။

သိမ်ဖြူလမ်းပေါ်ရောက်တော့ မိုးကဖွဲရာမှ သည်းလာသည်။ လုံခြုံအောင်ထီးကို ဂရုတစိုက်ပြန်မိုးရသည်။ သည်ကာလဝယ် ဖျားနာလို့ လုံးဝမဖြစ်။ "ဟင်" မျက်နှာချင်းဆိုင်ကလာနေတဲ့ သက်လတ်ပိုင်းအစ်မကြီး ထီးမပါပါလား။ အိမ်နေရင်းအဝတ်အစားနဲ့ဆိုတော့ ဒီအနီးအနားကပဲဖြစ်မယ်။

"အစ်မကြီး၊ ထီးဆောင်းလေ။ ဒီရာသီမှာ ဖျားနာလို့မဖြစ်ဘူး" နှုတ်က လွှတ်ခနဲထွက်သွားသည်။

သုတ်ခြေတင်ခြေလှမ်းကျဲများကြားက အစ်မကြီး၏ အပြုံးပန်းတစ်ပွင့်ကို ဖျတ်ခနဲ တွေ့လိုက်ရသည်။

ရှေ့တူရူ မလှမ်းမကမ်းတွင်မူ သက်ကြီးရွယ်အို အဘိုးတစ်ဦးကို တွေ့ရပြန်သည်။ ဟိန္ဒူဘာသာဝင်လား၊ မွတ်စလင်ဘာသာဝင်လားမသိ။ လေရှူရသည်မှာ မွန်းကျပ်သည် ထင်၊ နှာခေါင်းစည်းကို မေးစေ့မှာ ချိတ်လာသည်။

### အပြုံးပန်းတစ်ပွင့်ရခဲ့

"အဘ၊ နှာခေါင်းစည်း တပ်ထားနော်။ မေးစေ့မှာချိတ်မထားနဲ့။ ရောဂါတွေက ကြောက်စရာကောင်းတယ်" အဘထံမှလည်း ကျွန်တော့်၏မေတ္တာကို အသိအမှတ်ပြုသည့် အပြုံးပန်းတစ်ပွင့်ကို ရခဲ့ပြန်သည်။ ဘာရယ်မဟုတ် ယနေ့တစ်နေ့တာ ကျွန်တော် ပြုသမျှက မေတ္တာမနောကံ၊ မေတ္တာဝစီကံ၊ မေတ္တာကာယကံတွေဖြစ်နေပါလားဟု တွေးမိလေသည်။

### မေတ္တာကမ်းလင့်လက်များဖြင့်

ပစ္စက္ခ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး၏ တတိယလှိုင်းကာလဝယ် မြန်မာနိုင်ငံတွင် မေတ္တာအင်ပါယာကို မေတ္တာကမ်းလင့်လက်များဖြင့် တည်ဆောက်နေကြသူ အများအပြားကိုလည်း လူမှုကွန်ရက်ထက်တွင် ဝမ်းမြောက်ကြည်နူးဖွယ် တွေ့မြင်ရသည်။

Yadanar Oo အမည်ဖြင့်တင်ထားသော လူမှုကွန်ရက်စာမျက်နှာထက်တွင် သူနာပြုဝတ်စုံဖြင့် ညီမငယ်တစ်ဦးက သူသည် ပုဂ္ဂလိကဆေးရုံတစ်ခုက Nurse Incharge တစ်ဦးဖြစ်ကြောင်း၊ ဆေးရုံဆေးခန်းမသွားနိုင်သူများ၊ နှာခေါင်းပိုက်၊ ဆီးပိုက် ပြုတ်၍ ပြန်ထည့်လိုသူများ၊ ဆရာဝန်ပေးသော injection ဆေးများထိုးရန် လိုအပ်သူများကို အခမဲ့ ကူညီပေးမည်ဖြစ်ကြောင်း ဖုန်းနံပါတ်နှင့်တကွ ရေးတင်ထားသည်ကို ဖတ်လိုက်ရသည်။ သာခုနုမော် ခေါ်ဆိုရပါ၏။

ကိုပူတူးနှင့် ဘော်ဒါများကမူ -

"အဘိုးတို့၊ အဘွားတို့ ကြက်ပေါင်းစားချင်သလား"

"စားချင်တာပေါ့။ ဒါပေမယ့် ဈေးကြီးတယ်လေ။ အဘွားတို့ အဘိုးတို့က တစ်နေ့လုပ်မှ တစ်နေ့စားရတာလေ။ မစားနိုင်ပါဘူး သားလေးရယ်"

"စားချင်တယ်ဆို သားကျွေးမှာပေါ့ဗျ။ ရော့ ကြက်ပေါင်း"

"ကျေးဇူးအများကြီးတင်လိုက်တာ သားရယ်။ ညအိမ်ပြန်ရောက်ရင် မိသားစုတွေနဲ့ စားလိုက်မယ်။ တကယ် ကျေးဇူးတင်ပါတယ် သားလေးရယ်"

### ကြည်နူးစိတ်များစိမ့်ဝင်

"ဩော်၊ ကျွန်တော်တို့အတွက် ဘာမျှမဟုတ်ပေမယ့် ဆင်းရဲနွမ်းပါး အဘိုးအဘွား ၁၀ ယောက် တဒင်္ဂ ပြုံးပျော်သွားရင် ပျော်ပါပြီ"ဟူသည့် စာသားများနှင့် အတူ ကြက်ပေါင်း ပလတ်စတစ်ဘူးကြီးတွေ ကိုယ်စီကိုင်ဆောင်ထားသည့် အဘိုးအဘွားတို့ ဓာတ်ပုံများကိုပါ လူမှုကွန်ရက်စာမျက်နှာထက်တွင် တင်ထားသည်ကို တွေ့မြင်ရပြန်သောအခါ အလှူရှင်နှင့် အလှူခံတို့၏ ကြည်နူးပီတိစိတ်များက ကျွန်တော့်နှလုံးသားသို့ပါ စိမ့်ဝင်စီးဆင်းလာသည်။

ကြက်ဥတစ်ကတ် + ဂေါ်ဖီတစ်ထုပ်ကို ငွေကျပ် ၅၀၀၊ ဆန်တစ်ပြည် + ပန်းဂေါ်ဖီ တစ်ထုပ်ကို ငွေကျပ် ၅၀၀ တို့ဖြင့် လှိုင်သာယာ၊ ရွှေပြည်သာနှင့် ဒလမြို့နယ်များရှိ ရပ်ကွက်များသို့ အရောင်းကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးမည့် ကြော်ငြာများ၊ အခြေခံစားကုန်များ၊ ဆေးဝါးများကို လူမျိုးမရွေး၊ ဘာသာမရွေး ပါဝင်လှူဒါန်းနေကြသည့် စေတနာရှင် အလှူရှင်များ၊ လုပ်အားဒါနရှင် ပရဟိတသမားများ၏ ထိုထိုသောပုံရိပ်များစွာတို့ကလည်း နတ်လူသာခုခေါ်စရာပင်။

### မေတ္တာဓာတ်များလွှမ်းခြုံ

ဤကမ္ဘာနှင့် ဤမြန်မာပြည်ဝယ် ထိုကဲ့သို့ မေတ္တာကမ္ဘာကြီးတစ်ခုကို မေတ္တာဓာတ်များဖြင့် ဆက်လက်လွှမ်းခြုံတည်ဆောက်နိုင်ပါက အဘယ်မျှ အေးမြပါလိမ့်မည်နည်းဟုလည်း တစ်ဆက်တည်း စဉ်းစားမိသည်။ သို့ဆိုလျှင် လူတိုင်းလူတိုင်း မေတ္တာအင်ပါယာကို လက်ဆင့်ကမ်းတည်ဆောက်ကြဖို့လိုသည်။

သို့ရာတွင် ယခုရက်ပိုင်းအတွင်း မေတ္တာကမ္ဘာ၏ အခြားမဲ့အရပ်မှ မေတ္တာတရားကင်းမဲ့သူ အကြမ်းဖက်သမားများ၏ ကာလဒေသမရွေး လုပ်ဆောင်ခဲ့ကြသည့် အကြမ်းဖက်မှုဖြစ်စဉ်အချို့လည်း ပေါ်ပေါက်ခဲ့ပါသည်။

ဩဂုတ်လ ၁ ရက် မွန်းတည့်ချိန်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများဆောင်ရွက်နေစဉ် အနီရောင်ဝတ်ဆင်ထားသည့် အကြမ်းဖက်သမားတစ်ဦးက လက်ပစ်ဗုံး နှစ်လုံးဖြင့် လာရောက်ပစ်ခတ်ထွက်ပြေးသွားသည်။

*စာမျက်နှာ ၁၂ သို့*

# ပြည်သူလူထုသို့ အသိပေးချက်

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ခြင်းအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုထားသော အရည်အသွေးကောင်းမွန်၍ ဘေးကင်းစိတ်ချရသော ကာကွယ်ဆေးများ ဝယ်ယူ၍ ဦးစားပေးအုပ်စုများ သတ်မှတ်ကာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှု ကျဆင်းရေး၊ ကူးစက်မှု ကွင်းဆက်ပြတ်တောက်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေး ဦးတည်ချက်များထားရှိကာ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ပြည်သူလူထုအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိပါသည်။

ကာကွယ်ဆေးများထိုးနှံရာတွင် အရည်အသွေးကောင်းမွန်၍ ဘေးကင်းစိတ်ချရသော ကာကွယ်ဆေးများဖြစ်စေရန် ထုတ်လုပ်သည့်ကုမ္ပဏီများမှ တရားဝင်ရောင်းချပြီး အအေးလမ်းကြောင်းမပျက်ထားသိုသိမ်းဆည်းထားသည့် ကာကွယ်ဆေးများဖြစ်ရန် လိုအပ်ပါသည်။

ယခုအခါ ဈေးကွက်အတွင်းတွင် ကာကွယ်ဆေးအတုအပများ Online မှတစ်ဆင့်သော် လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်သော် လည်းကောင်း ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ကာကွယ်ဆေးများသည် တရားဝင်တင်သွင်းလာသည့် ကာကွယ်ဆေးများ မဟုတ်သောကြောင့် ရောဂါကာကွယ်နိုင်ခြင်းမရှိသည့်အပြင် ဘေးအန္တရာယ်ဖြစ်ပွားနိုင်သောကြောင့် ကျန်းမာရေးဝန်ကြီးဌာနက တရားဝင်အသိအမှတ်ပြုထားသော ကာကွယ်ဆေးများကိုသာ ထိုးနှံကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကာကွယ်ဆေးအတုအပများ တင်သွင်း၍ ရောင်းချခြင်း သို့မဟုတ် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် "ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ တင်သွင်းဖြန့်ဖြူးရာတွင် လိုက်နာရမည့် အချက်များ" အား လိုက်နာခြင်းမရှိဘဲ တင်သွင်းဖြန့်ဖြူးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
၁၂-၈-၂၀၂၁

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ တင်သွင်းဖြန့်ဖြူးရာတွင် လိုက်နာရမည့်အချက်များ

ပုဂ္ဂလိကဆေးဝါးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ကုမ္ပဏီများအနေဖြင့် နိုင်ငံတကာနှင့် အာရှဒေသတွင် ထိုးနှံဆောင်ရွက်နေသော အရည်အသွေးအာနိသင်ရှိပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို မိမိတို့ အစီအစဉ်ဖြင့် တင်သွင်းဖြန့်ဖြူးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်း ဆောင်ရွက်လိုပါက အောက်ပါသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည် -

**ကာကွယ်ဆေးတင်သွင်းရာတွင် လိုက်နာရမည့်အချက်များ**

၁။ အောက်ပါသတ်မှတ်အထောက်အထားများဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ လျှောက်ထားရပါမည် -

(က) Letter of Authorization from owner
(ခ) NRA/ FDA approval of vaccine from country of origin
(ဂ) Company profile and Manufacturer License/ GMP Certificate
(ဃ) Summary of product characteristics
(င) Batch or Lot release certificate from regulatory authority
(စ) Patient information leaflet and package insert
(ဆ) Container labeling
(ဇ) Storage and distribution plan

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ တင်သွင်းခွင့်ရရှိပြီးပါက တင်သွင်းခွင့်လျှောက်ထားစဉ်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အဆိုပြုခဲ့သည့် ကာကွယ်ဆေးထိုးနှံ အသုံးပြုမည့် ဆေးရုံ/ ဆေးခန်း၊ ဆေးထိုးစုရပ်များသို့သာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဖြန့်ဖြူးရမည်ဖြစ်ပါသည်။

၃။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် အခြားကာကွယ်ဆေးများနှင့်မတူဘဲ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရေးပေါ်အခြေအနေတွင် အသုံးပြုရန် (Emergency Use Listing) သာ ခွင့်ပြုထားသည့် ကာကွယ်ဆေးဖြစ်သောကြောင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သတ်မှတ်ချက်အရ ပြင်ပဆေးဆိုင်များသို့ လုံးဝ (လုံးဝ) ဖြန့်ဖြူးရောင်းချခွင့်မရှိပါ။

၄။ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး တင်သွင်းဖြန့်ဖြူးရာတွင် Risk Communication and Management plan ကို ကြိုတင်၍ တင်ပြရမည်။

၅။ ကာကွယ်ဆေးများကို တင်သွင်းဖြန့်ဖြူးခွင့်ရရှိသူသည် Drug Import Approval Certificate (DIAC) ရှိရန် လိုအပ်ပြီး -

(က) အမျိုးသားဆေးဝါးဥပဒေနှင့် အမိန့်ကြော်ငြာစာပါ စည်းကမ်းချက်များကို လိုက်နာရမည်။
(ခ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ သိုလှောင်ရာတွင် အသုံးပြုသည့် Walk in Cooler ၊ Walk in Freezer နှင့် Ice Lined Refrigerator များနှင့် ကာကွယ်ဆေးပို့ဆောင်ခြင်းအတွက် အသုံးပြုမည့် Cold Box နှင့် Vaccine Carrier များသည် ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့် ပြည့်စုံရမည်ဖြစ်ပြီး WHO Standard သတ်မှတ်ချက်နှင့် ကိုက်ညီရန်လိုအပ်ပါသည်။
(ဂ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အမျိုးအစားအလိုက် သတ်မှတ်ထားသော အအေးလမ်းကြောင်းထိန်းစနစ် (+2 to +8 Degree Centigrade အတွင်း (သို့မဟုတ်) Ultra Cold Chain at -70 Degree Centigrade ထားရှိနိုင်ရန်) ကို တိကျစွာလိုက်နာရမည်။ လိုအပ်သည့် သင်တန်းပေးခြင်း၊ ရေခဲသေတ္တာများ တပ်ဆင်ခြင်း စသည်တို့ကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရမည်။
(ဃ) ကာကွယ်ဆေးများ သိုလှောင်ခြင်း၊ ပို့ဆောင်ခြင်းများကို အအေးလမ်းကြောင်းမပျက်ဆောင်ရွက်နိုင်ရန် သင်တန်းရရှိပြီးသော အအေးလမ်းကြောင်းထိန်းသိမ်းမှု ကျွမ်းကျင်သည့် ဝန်ထမ်းများခန့်ထား၍ ဆောင်ရွက်ရမည်ဖြစ်ပြီး အအေးလမ်းကြောင်းမှတ်တမ်း (temperature record) များကို သက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက တောင်းခံစစ်ဆေးပါက အချိန်မရွေးတင်ပြ နိုင်ရန်စီစဉ်ထားရှိရမည်ဖြစ်သည်။လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာနမှ online သင်တန်းပို့ချပေးမည် ဖြစ်ပါသည်။

၆။ ကာကွယ်ဆေးထိုးနှံရာတွင် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် ချိတ်ဆက်ပြီး ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် Vaccine Management Information System (vmis@mohs.gov.mm) တွင် ထည့်သွင်းရပါမည်။ သီးခြားစနစ်ထူထောင်၍ မှတ်ပုံတင်ခြင်း၊ သီးခြားကာကွယ်ဆေးမှတ်တမ်း ထုတ်ပေးခြင်းကို မပြုလုပ်ရပါ။

၇။ ကာကွယ်ဆေးထိုးနှံရာတွင် ပူးပေါင်းဆောင်ရွက်မည့် ပုဂ္ဂလိကဆေးရုံ/ ဆေးခန်းများ၊ ဆေးထိုးစုရပ်များ၏ အမည်စာရင်းကို ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

၈။ ကာကွယ်ဆေးထိုးနှံရာတွင် ကာကွယ်ဆေးထိုးပေးသူ (Immunizer) များသည် ကာကွယ်ဆေးထိုးနှံခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲဖြစ်ရပ်များအား စီမံခန့်ခွဲခြင်း သင်တန်းရရှိထားသူများ ဖြစ်ရမည်ဖြစ်ပြီး လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာနမှ သင်တန်းပို့ချပေးမည် ဖြစ်ပါသည်။

၉။ ကျန်းမာရေးဝန်ကြီးဌာနမှ ကာကွယ်ဆေးထိုးပေးသူများအား ပုဂ္ဂလိကအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံခြင်းတွင် ဆောင်ရွက်ခွင့်ပြုမည် မဟုတ်ပါ။

၁၀။ ကာကွယ်ဆေးထိုးနှံပြီးနောက် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများနှင့်ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုခြင်း၊ သတင်းပို့ခြင်း (Adverse Event Following Immunization Surveillance and Reporting) ကို ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းပေးပို့မှုစနစ်အတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကာကွယ်ဆေးထိုးပြီး ပြင်းထန်သည့် နောက်ဆက်တွဲဖြစ်ရပ်များ ဖြစ်ပွားခြင်း၊ သေဆုံးခြင်းများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ချက်ချင်းသတင်းပေးပို့ရမည်။

၁၁။ တင်သွင်းမည့် ကာကွယ်ဆေးများနှင့် ပတ်သက်၍ ကာကွယ်ဆေးအစစ်အမှန်ဖြစ်ခြင်း၊ ကာကွယ်ဆေးများ အသုံးပြု၍ ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲဖြစ်ရပ်များအား တင်သွင်းသူများက တာဝန်ယူကြောင်း၊ ကတိခံဝန်ချက်ကို လက်မှတ်ရေးထိုး၍ တင်သွင်းခွင့်လျှောက်ထားရမည် ဖြစ်ပါသည်။

**ပုဂ္ဂလိကဆေးဝါးလုပ်ငန်းရှင်များ မဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ လိုက်နာရမည့် သတ်မှတ်ချက်များ**

၁။ ကိုဗစ်-၁၉ ကာကွယ်ဆေး တင်သွင်းခွင့်လျှောက်ထားရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သတ်မှတ်ချက်အရ Drug Import Approval Certificate (DIAC) လိုအပ်သောကြောင့် ပုဂ္ဂလိကဆေးဝါးလုပ်ငန်းရှင်တစ်ဦးမှ တာဝန်ခံ၍ တင်သွင်းခွင့်လျှောက်ထားရမည် ဖြစ်ပါသည်။

၂။ ထိုသို့လျှောက်ထားရာတွင် တာဝန်ခံတင်သွင်းမည့် ပုဂ္ဂလိကဆေးဝါးလုပ်ငန်းရှင်တစ်ဦးနှင့် သဘောတူလက်မှတ်ရေးထိုးထားသည့် စာချုပ်အား ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

၃။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တင်သွင်းရန် ခွင့်ပြုထားသည့် သတ်မှတ်ကာကွယ်ဆေးအရေအတွက်အား အသုံးပြု၍ ကာကွယ်ဆေးထိုးနှံမည့် အသေးစိတ်စီမံချက်အား ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

၄။ တင်သွင်းမည့် ကာကွယ်ဆေးများနှင့်ပတ်သက်၍ ကာကွယ်ဆေးအစစ်အမှန်ဖြစ်ခြင်း၊ ကာကွယ်ဆေးများ အသုံးပြု၍ ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲဖြစ်ရပ်များအား တင်သွင်းသူများက တာဝန်ယူကြောင်း၊ ကတိခံဝန်ချက်ကို လက်မှတ်ရေးထိုး၍ တင်သွင်းခွင့်လျှောက်ထားရမည် ဖြစ်ပါသည်။

၅။ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများသည် မိမိတို့အစီအစဉ်ဖြင့် တင်သွင်းထားသည့် ကာကွယ်ဆေးများကို တာဝန်ခံတင်သွင်းပေးသည့် ကုမ္ပဏီများ၏ အအေးလမ်းကြောင်းထိန်း Walk in Cooler ၊ Walk in Freezer နှင့် Ice Lined Refrigerator များအသုံးပြု၍ လည်းကောင်း၊ ကာကွယ်ဆေးထိုးစုရပ်များတွင်လည်း Cold Box နှင့် Vaccine Carrier များကို လည်းကောင်း၊ မိမိ၏အစီအစဉ်ဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၆။ ကာကွယ်ဆေးထိုးနှံရာတွင် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် ချိတ်ဆက်ပြီး ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် Vaccine Management Information System (vmis@mohs.gov.mm) တွင် ထည့်သွင်းရပါမည်။ သီးခြားစနစ်ထူထောင်၍ မှတ်ပုံတင်ခြင်း၊ သီးခြားကာကွယ်ဆေးမှတ်တမ်း ထုတ်ပေးခြင်းကို မပြုလုပ်ရပါ။

၇။ ကာကွယ်ဆေးထိုးနှံရာတွင် ကာကွယ်ဆေးထိုးပေးသူ (Immunizer)များသည် ကာကွယ်ဆေးထိုးနှံခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲဖြစ်ရပ်များအား စီမံခန့်ခွဲခြင်းအားလည်းကောင်း သင်တန်းရရှိထားသူများ ဖြစ်ရမည်ဖြစ်ပြီး လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာနမှ online သင်တန်းပို့ချပေးမည် ဖြစ်ပါသည်။

၈။ ကာကွယ်ဆေးထိုးနှံပြီးနောက် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများနှင့် ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုခြင်း၊ သတင်းပို့ခြင်း (Adverse Event Following Immunization Surveillance and Reporting) ကိုကျန်းမာရေးဝန်ကြီးဌာန၏ သတင်းပေးပို့မှုစနစ်အတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၎င်းအပြင် ကာကွယ်ဆေးထိုးပြီး ပြင်းထန်သည့် နောက်ဆက်တွဲဖြစ်ရပ်များ ဖြစ်ပွားခြင်း၊ သေဆုံးခြင်းများဖြစ်ပေါ်ပါက သက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ချက်ချင်း သတင်းပေးပို့ရမည်။

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးဟောင်းများ ဖြစ်ကြသည့် ဦးအောင်ကျော်ဇံ၊ ဦးကျော်အေးသိန်း၊ ဦးမင်းအောင်နှင့် ဦးကျော်လွင်တို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် ဩဂုတ် ၁၂**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့သော ဦးညီပုနှင့် တာဝန်ရှိသူများအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးညီပု၊ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဟောင်း ဦးကျော်အေးသိန်း၊ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဟောင်း ဦးအောင်ကျော်ဇံနှင့် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဟောင်း ဦးကျော်လွင်တို့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သည့်အချိန်က ရခိုင်ပြည်နယ်၊ ဌ မြို့နယ်၊ ရွာမရပ်ကွက်နှင့် ကင်းရုံးရပ်ကွက်ကြားရှိ ဌချောင်းအတွင်း သောင်ထွန်းလျက်ရှိသည့် မြစ်ချောင်း ရေအောက်မြေ အမျိုးအစား ခုံးသောင်မြေနေရာပေါ်တွင် တန်ဖိုးနည်း မြေကွက်ဖော်ထုတ်ရေး ဆောင်ရွက်ရာ၌ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)ကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ လုပ်ငန်းဆက်စပ်သည့် ကုမ္ပဏီတစ်ခုအား ကုမ္ပဏီ အချက်အလက်များ၊ ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံ ငွေကြေးနှင့် လုပ်ငန်းအတွေ့အကြုံ နည်းပညာ ကျွမ်းကျင်မှုများ၊ ကျွမ်းကျင်လုပ်သားနှင့် လိုအပ်သည့် ယာဉ်၊ ယန္တရားများ အသုံးပြုနိုင်မှုတို့ကို စိစစ်ခြင်းမပြုဘဲ ဆောင်ရွက်စေခဲ့ခြင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကုမ္ပဏီတို့ "တန်ဖိုးနည်းမြေယာ ဖော်ထုတ်ခြင်းလုပ်ငန်း စီမံခန့်ခွဲရန် သဘောတူစာချုပ်"ကို ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်၊ ပြည်နယ်ဥပဒေချုပ်ရုံး၏ ဥပဒေအကြံပြုချက်နှင့် စီမံကိန်းနှင့် သက်ဆိုင်ဆက်နွှယ်သည့် ဌာနများမှ သဘောထားမှတ်ချက်များ တောင်းခံရယူမှုမရှိဘဲ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ချုပ်ဆိုခဲ့ခြင်း၊ စီမံကိန်းဆောင်ရွက်သည့် မြေအမျိုးအစားမှာ မြစ်ချောင်းနှင့် ရေအောက် မြေအမျိုးအစားဖြစ်သဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ မြေယာလုပ်ထုံး လုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်မှု မရှိခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးနိုင်မှုများအပေါ် လေ့လာဆန်းစစ်မှုမရှိဘဲ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခဲ့သည့်အတွက် ရေကြီး၊ ရေလျှံ၊ ရေတိုက်စားမှုဖြစ်ပေါ်ကာ သဘာဝအလျောက်ပေါများ ရှင်သန် ကျက်စားနေသည့် ခုံးကောင်များ၊ သဘာဝဖြစ်ထွန်းနေသော ကျောက်သံပင်များ ပျက်စီး၍ ငါးဖမ်းဆီးရရှိမှု နည်းလာသည့်အတွက် ဒေသခံပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းမှုကိုပါ ထိခိုက်ခဲ့ခြင်း၊ ခုံးသောင်မြေယာ ဖော်ထုတ်ရေးစီမံကိန်းတန်ဖိုးနည်း မြေယာဖော်ထုတ်ခြင်း လုပ်ငန်းတွင် စာချုပ်သဘောတူချက်တွင် မပါဝင်ဘဲ ကုန်ကျစရိတ်နှင့် နစ်နာကြေးအကြောင်းပြကာ ငွေကျပ် ၅၃၅ သန်းကျော်ကို ကုမ္ပဏီသို့ ပေးအပ်ခဲ့ခြင်းတို့သည် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ဆုံးရှုံးစေခြင်းဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးညီပု၊ ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဟောင်း ဦးကျော်အေးသိန်းနှင့် ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဟောင်း ဦးအောင်ကျော်ဇံတို့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သည့်အချိန်က လုပ်ငန်းဆက်စပ်သည့် ကုမ္ပဏီတစ်ခုကို နိုင်ငံပိုင်အဆောက်အဦ သုံးလုံးကို ကုမ္ပဏီ၏ အချက်အလက်များကို သေချာစွာ စိစစ်မှုမရှိဘဲ ဒေသခံများ အလုပ်အကိုင်ရရှိရေး ခေါင်းစဉ်ဖြင့် အထည်ချုပ်လုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုခဲ့ခြင်း၊ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို စိစစ်မှုမရှိဘဲ အဆောက်အဦ ပြင်ဆင်ရန်အတွက် အကြောင်းပြကာ အမှန်တကယ် ပြင်ဆင်မှုမရှိဘဲ စုစုပေါင်း ငွေကျပ် ၅၅ သန်းကျော်ကို ပြည်နယ်တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီ ရန်ပုံငွေမှ ထောက်ပံ့ကြေး ပေးအပ်ခဲ့ခြင်း၊ ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း မရှိသော်လည်း အဆောက်အဦ သုံးလုံးကို လက်ရှိအချိန်ထိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ အဆောက်အဦများ ပြန်လည်အပ်နှံစေရေးဆောင်ရွက်မှု မရှိခြင်းတို့သည် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုများကို ထိခိုက်နစ်နာ ဆုံးရှုံးစေခြင်း ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးညီပု၊ ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဟောင်း ဦးကျော်အေးသိန်းနှင့် ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဟောင်း ဦးအောင်ကျော်ဇံတို့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သည့်အချိန်က ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာအရ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက် စာရင်းဖွင့်လက်ကျန် ပြည်နယ်တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ ရန်ပုံငွေကျပ် ၈၆၅ သန်းကျော်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၁၉ ပါ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နယ်၏ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေသို့ လွှဲပြောင်းထည့်သွင်းခဲ့မှုမရှိဘဲ လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်လျက် ဆက်လက်သုံးစွဲခဲ့သည့်အတွက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ဆုံးရှုံးစေခဲ့ကြောင်း။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီးဟောင်း ဦးမင်းအောင်သည် ပြည်နယ်ဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့စဉ်က ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေတွင် ပါဝင်ခြင်းမရှိသည့် လွှတ်တော်၏ ခွင့်ပြုချက်မရှိသော ဈေး ငါးဈေး တည်ဆောက်ခြင်းလုပ်ငန်းကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်(၁/၂၀၁၇)ပါ တင်ဒါဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့မှု မရှိခြင်း၊ တောင်ကုတ်မြို့ မြို့မဈေး တင်ဒါအောင်မြင်သည့် ဆောက်လုပ်ရေးကုမ္ပဏီဖြင့် စာချုပ် ချုပ်ဆိုရာတွင် တင်ဒါအောင်မြင်သည့် ဈေးနှုန်း တန်ဖိုး ငွေကျပ်သန်း ၁၄၅၀ ကျော်ဖြင့် စာချုပ် ချုပ်ဆိုခြင်းမရှိဘဲ တင်ဒါသတ်မှတ်ချက်ဈေးနှုန်း တန်ဖိုးကျပ် သန်း ၁၅၇၀ ကျော်ဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် စာချုပ် ချုပ်ဆိုစေခဲ့ခြင်း၊ ပထမအရစ် ၂၅ ရာခိုင်နှုန်း ငွေကျပ်သန်း ၃၉၀ ကျော်ကို ၂၀၁၈ ခုနှစ် မတ် ၂၁ ရက်တွင် ဆောက်လုပ်ရေးကုမ္ပဏီကို ထုတ်ပေးခဲ့ရာ ငွေကျပ်သန်း ၃၀ ကျော်ကို ပိုမိုထုတ်ပေးခဲ့ခြင်းတို့ကြောင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကျပ်သန်း ၃၀ ကျော်ကို ဆုံးရှုံးစေခဲ့ခြင်း ဖြစ်သည့်ပြင် တောင်ကုတ်မြို့မဈေးသည် ယနေ့အချိန်အထိ မြေပြင်၌ ပျက်စီးယိုယွင်းနေသည့် အခြေအနေအဖြစ် တည်ရှိနေခြင်းတို့ကြောင့် ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံ ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်တွင် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းကို ဖောက်ဖျက်၍ နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ဆုံးရှုံးစေခြင်းဖြစ်ကြောင်းတို့ကို စစ်ဆေးပေါ်ပေါက်သဖြင့် ဝန်ကြီးချုပ်ဟောင်း ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးဟောင်းများ ဖြစ်ကြသည့် ဦးအောင်ကျော်ဇံ၊ ဦးကျော်အေးသိန်း၊ ဦးမင်းအောင်နှင့် ဦးကျော်လွင်တို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ ရခိုင်ပြည်နယ်၊ စစ်တွေမြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## ရောဝတီတိုင်းဒေသကြီး အိမ်မဲမြို့၌ ကိုဗစ်-၁၉ ရောဂါ ကုသရေးနှင့် ထိန်းချုပ်ရေး သရုပ်ပြသင်တန်းဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၁၂**

ကိုဗစ်-၁၉ ရောဂါ ကုသရေးနှင့် ထိန်းချုပ်ရေး သရုပ်ပြသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရောဝတီတိုင်းဒေသကြီး အိမ်မဲမြို့ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခိုင်ထွန်းဇော်နှင့် အဖွဲ့ဝင်များ၊ ကိုဗစ်-၁၉ ရောဂါ ကုသရေးနှင့် ထိန်းချုပ်ရေး လုပ်ငန်းများတွင် မိမိသဘော ဆန္ဒအလျောက် ပါဝင်ကူညီ ဆောင်ရွက်ကြမည့် လူငယ်များနှင့် ကျန်းမာရေး ဝန်ထမ်းများ တက်ရောက်ကြသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ ထို့နောက် ကျန်းမာရေး ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကုသရေးနှင့် ထိန်းချုပ်ရေး လုပ်ငန်းများတွင် မိမိသဘော ဆန္ဒအလျောက် ပါဝင် ကူညီဆောင်ရွက်ကြမည့် လူငယ်များအား PPE ဝတ်စုံ စနစ်တကျ ဝတ်ဆင်တတ်စေရန်၊ ပိုးသတ်ဆေးစနစ်တကျ ဖျန်းတတ်စေရန်၊ ကိုဗစ်-၁၉ လူနာများအား ပြုစုတတ်စေရန်၊ ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်တတ်စေရန် စသည့်အချက်များကို သင်ကြားပြသခဲ့ပြီး ဆေးရုံသုံးပစ္စည်းများ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ဖြစ်စဉ်အတွင်း စေတနာ့ဝန်ထမ်းအဖြစ် ကူညီဆောင်ရွက်ပေးသူတစ်ဦး အပါအဝင် ကာကွယ်ဆေး လာရောက်ထိုးနှံသူ ပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

အလားတူ ဩဂုတ်လ ၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့နယ် ညောင်ကုန်း(၄)ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများ ဆောင်ရွက်ပေးနေစဉ် အကြမ်းဖက်သူများ ထောင်ထားသည့် လက်လုပ် Remote မိုင်း တစ်လုံး ပေါက်ကွဲခဲ့သည်။

ပေါက်ကွဲမှုကြောင့် မြို့တော်ခန်းမအတွင်း ကာကွယ်ဆေးထိုးနှံမှုများအား လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိသည့် ရဲတပ်သားနှစ်ဦး မိုင်းစထိမှန် ဒဏ်ရာများဖြင့် ကျဆုံးခဲ့ရပြီး ရဲဒုတပ်ကြပ်တစ်ဦးနှင့် စေတနာ့ဝန်ထမ်းတစ်ဦးတို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြသည်။

မည်သို့ဆိုစေ မေတ္တာတရားကင်းမဲ့သူ အကြမ်းဖက်ဝါဒီ ခေါင်းဆောင်များနှင့် နောက်လိုက် နောက်ပါ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များ မည်သို့ရှိစေ မေတ္တာတရားကြီးမားသူတို့၏ မေတ္တာကမ္ဘာ မေတ္တာအင်ပါယာချဲ့ထွင်မှု ကြီးမားကျယ်ပြန့်လာသည်နှင့်အမျှ အကြမ်းဖက်သမားများသည် သမိုင်းတွင် နေရာမရှိ၊ စုန်းစုန်းမြုပ် ပျောက်ကွယ်သွားကြပေလိမ့်မည်။

နိုင်ငံတော်နှင့် အသင်းအဖွဲ့များ၊ လူမျိုးမရွေး ဘာသာမရွေး စေတနာရှင် အလှူရှင်များ၊ လူမှုဝန်ထမ်းပရဟိတသမားများ၏ နွေးထွေးသော နှလုံးသားများမှတစ်ဆင့် စီးဆင်းလာသော ဖေးမလက်များ၊ ကမ်းလင့်လက်များ၊ တောင့်တင်းခိုင်မာစွာ စုပေါင်းထားသော ချိတ်ဆက်လက်များကြောင့် စုပေါင်းညီညာ အောင်ကြောင်းဖြာသကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကို မြန်မာတို့ အောင်နိုင်ရမည်ဟု ကျွန်တော်အလေးအနက် ယုံကြည်မိပါ၏။ ။

# ကိုဗစ်-၁၉ ကုသမှုအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဆေးသုံးမျိုးစမ်းသပ်မည်




ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ်အက်ဟာနွမ်ဂီဘရီယက်ဆုစ်။

**ဂျီနီဗာ ဩဂုတ် ၁၂**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုဗစ်-၁၉ အတွက် ကာကွယ်ဆေးသစ်သုံးမျိုးကို စမ်းသပ်မည်ဖြစ်ကြောင်း၊ အဆိုပါစမ်းသပ်မှုတွင် နိုင်ငံပေါင်း ၅၂ နိုင်ငံရှိ ဆေးရုံပေါင်း ၆၀၀ ကျော်မှ သုတေသီ ထောင်ကျော် ပါဝင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၁ ရက်က ကြေညာလိုက်သည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့က ထုတ်ပြန်လိုက်သော ထုတ်ပြန်ချက်တွင် စမ်းသပ်မည့် ဆေးသစ်သုံးမျိုးမှာ ပြင်းထန်ငှက်ဖျားကို ကုသရန် အာတက်ဆူနိတ်ဆေး၊ တိကျသေချာသော ကင်ဆာများကို ကုသရန် အီမာတီနစ်ဆေး၊ ကိုယ်ခံအားစနစ် ကမောက်ကမဖြစ်ခြင်းကို ကုသရန် အင်ဖလီဇီမက်ဘ်ဆေးများ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရောဂါကုထုံးများကို ဆေးရုံတင်ရသော ကိုဗစ်-၁၉ ရောဂါသည်များ၏ သေဆုံးမှုကို လျှော့ချရန် ဖြစ်နိုင်ခြေကို တွက်ဆပြီး လွတ်လပ်သော ကျွမ်းကျင်အဖွဲ့က ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ စမ်းသပ်မှုလုပ်ဆောင်ရန်အတွက် အဆိုပါဆေးများကို ထုတ်လုပ်သူများက လှူဒါန်းမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။

ပိုမိုအစွမ်းထက်ထိရောက်ပြီး ကိုဗစ်-၁၉ လူနာများအတွက် လက်ခံနိုင်သော ရောဂါကုထုံးများဖြစ်ရန် အရေးတကြီးလိုအပ်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ်အက်ဟာနွမ်ဂီဘရီယက်ဆုစ်ကပြောသည်။

ယခင်ကြိုးစားမှုတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆေးလေးမျိုးကို စမ်းသပ်ခဲ့ပြီး အဆိုပါဆေးများမှာ ရမ်ဒက်ဆီဗာ၊ ဟိုက်ဒရောက်ဆီကလိုရိုကွင်း၊ လိုပီနာဗာနှင့် အင်တာဖရွန်တို့ ဖြစ်ကြသည်။ ကနဦးရလဒ်များအရ အဆိုပါဆေးများသည် ကိုဗစ်-၁၉ ဖြင့် ဆေးရုံတင်ထားရသော လူနာများအတွက် ထိရောက်မှုလုံးဝမရှိခြင်း သို့မဟုတ် အနည်းငယ်သာ ထိရောက်မှုရှိခြင်းကို ဖော်ပြသည်။

ဆင်ဟွာ

# ပြင်သစ်နိုင်ငံ၌ ဖြစ်ပွားနေသော ကျန်းမာရေးအကျပ်အတည်း မပြီးဆုံးသေးကြောင်း မက်ခရွန်ပြော

ပါရီ ဩဂုတ် ၁၂

**ပြင်သစ်နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ကျန်းမာရေးအကျပ်အတည်းမှာ မပြီးဆုံးသေးကြောင်း ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က ဩဂုတ် ၁၁ ရက်တွင် ပြောကြားလိုက်သည်။**

ကျန်းမာရေးအကျပ်အတည်းသည် မိမိတို့၏ နောက်တွင် ရှိမနေကြောင်း၊ မိမိတို့အနေဖြင့် နောက်ထပ်လအတော်များများ ဗိုင်းရပ်စ်နဲ့အတူတကွ အသက်ရှင်သန် နေထိုင်ရမည်ဖြစ်ကြောင်း မက်ခရွန်က အွန်လိုင်းဖြင့်ပြုလုပ်သော ဝန်ကြီးအစည်းအဝေးတွင် ပြောကြားလိုက်သည်။

ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကြောင့် ကျန်းမာရေးအခြေအနေမှာ ပိုပြီးကိုင်တွယ်ရတာ သိမ်မွေ့လာကြောင်းနှင့် စည်းရုံးမှုရှိရန် လိုအပ်လာကြောင်း မက်ခရွန်က ဆက်လက်ပြောကြားသည်။

ပြင်သစ်နိုင်ငံ၏ ပင်လယ်ရပ်ခြားပိုင်နက်နယ်မြေဒေသများတွင် အခြေအနေ ဆိုးရွားပြင်းထန်လျက်ရှိကြောင်း မက်ခရွန်က သတိပေးပြောကြားလိုက်သည်။

ထို့အပြင် ကိုဗစ်-၁၉ ပြန်လည်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်နှင့် တင်းကျပ်သည့် ကန့်သတ်ပိတ်ဆို့မှုများကို မပြုလုပ်ဘဲ ဟန့်တားရန် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်လည်း ၎င်းက ကတိပေးထားသည်။

ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အညွှန်းကိန်းများ တိုးတက်လာပြီးနောက် မေလလယ်က ပြင်သစ်နိုင်ငံတွင် ဆိုင်များ ပြန်လည်ဖွင့်လှစ်ခဲ့သလို ရုပ်ရှင်ရုံများ၊ ပြဇာတ်ရုံများ၊ စားသောက်ဆိုင်များလည်း ပြန်လည်အသက်ဝင်လာခဲ့သည်။ ညမထွက်ရအမိန့်လည်း ရုပ်သိမ်းခဲ့သည်။

သို့သော်လည်း စတုတ္ထလှိုင်းအဖြစ် ဒယ်လ်တာ ကိုဗစ်-၁၉ လျင်မြန်စွာ ကူးစက်ပျံ့နှံ့လာခြင်းက ပြင်သစ်ဆေးရုံများကို ခြိမ်းခြောက်လာခဲ့သည်။ အရွယ်ရောက်ပြီးသူတိုင်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန်မှာ မိမိတို့၏ ရည်မှန်းချက်ဖြစ်ကြောင်း မက်ခရွန်က ပြောကြားလိုက်သည်။



ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်။

ထို့အပြင် စက်တင်ဘာလအစောပိုင်းတွင် စတင်မည့် ကျောင်းစာသင်နှစ်သစ်အတွက် ကျောင်းများတွင်လည်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်များကို စတင်ရန် မက်ခရွန်က ကတိပေးပြောကြားလိုက်သည်။

ဆင်ဟွာ

## အာဖရိကတွင် ကိုဗစ်-၁၉ လူနာပေါင်း ၇ ဒသမ ၁ သန်း ကျော်ရှိ

**အစ္စအဘာဘာ ဩဂုတ် ၁၂**

အာဖရိကတွင် ဩဂုတ် ၁၁ ရက် မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၇၁၀၃၀၂၇ ဦး ရောက်ရှိလာခဲ့ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိကစီဒီစီ) က ပြောသည်။

အာဖရိက စီဒီစီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်းမှာ ၁၇၈၈၅၂ ဦးရှိလာပြီ ဖြစ်ကြောင်းနှင့် ၆၂၀၆၀၆၈ ဦးမှာ ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။ တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုပီးယားနှင့် အီဂျစ်နိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံး နိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနကပြောသည်။

တောင်အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၅၄၆၇၆၂ ဦးရှိလာပြီး အာဖရိကမြောက်ပိုင်းနိုင်ငံဖြစ်သည့် မော်ရိုကိုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၁၁၁၀၃ ဦးရှိလာပြီဖြစ်သည်။ တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ဒုတိယကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဖြစ်ကြောင်း စီဒီစီ၏ ထုတ်ပြန် ချက်အရ သိရသည်။

ဆင်ဟွာ

# သီရိလင်္ကာနိုင်ငံ၌ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၁၇၀၀၀ အထိ ရောက်ရှိလာပြီး ခုနစ်ဦးသေဆုံး

**ကိုလံဘို ဩဂုတ် ၁၂**

သီရိလင်္ကာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်မှ လက်ရှိအချိန်အထိ သွေးလွန်တုပ်ကွေး ကူးစက်ဖြစ်ပွားသူအရေအတွက် ၁၇၀၀၀ အထိ ရောက်ရှိလာကြောင်းနှင့် အဆိုပါဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုကြောင့် ခုနစ်ဦး သေဆုံးသွားပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဩဂုတ် ၁၂ ရက်တွင် ပြောကြားလိုက်သည်။

မကြာသေးမီက သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၃၀၀ ရှိကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ ၎င်းတို့အနက် ၉၀ မှာ ကိုလံဘိုမှဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

ခြင်အကောင်ရေ တိုးပွားလာကြောင်းနှင့် လာမည့်ရက်များတွင်လည်း သွေးလွန်တုပ်ကွေး ကူးစက်ပျံ့နှံ့လာမည့် အန္တရာယ်ကို သတိထားရန်လိုကြောင်း၊ အထူးသဖြင့် ကျေးလက်ဒေသများနှင့် တောမကျ၊ မြို့မကျဒေသများတွင် သတိထားရန် လိုကြောင်း ကျန်းမာရေးအာဏာပိုင်များက သတိပေးထားသည်။ ယခုလို မိုးရာသီတွင် ခြင်ကြောင့်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရန်အထူးသတိပြုရန် လိုကြောင်း ၎င်းတို့က ပြောကြားလိုက်သည်။

တရားဝင် စာရင်းအချက်အလက်များအရ ဧပြီလသည် သွေးလွန်တုပ်ကွေး ဖြစ်စဉ်အများဆုံးဖြစ်ပြီး သွေးလွန်တုပ်ကွေးကူးစက်ဖြစ်ပွားသူ ၁၈၆၀ အထိရှိကြောင်း သိရသည်။

ဆင်ဟွာ

# တရုတ်နိုင်ငံမှ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဖိလစ်ပိုင်လက်ခံရရှိ

**မနီလာ ဩဂုတ် ၁၂**

ဖိလစ်ပိုင်နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး လုပ်ဆောင်မှုများတွင် အထောက်အပံ့ဖြစ်ရန် တရုတ်နိုင်ငံက နောက်ထပ် Sinovac ကိုဗစ်-၁၉ ကာကွယ်ဆေးနောက်တစ်သုတ်ကို ဩဂုတ် ၁၂ ရက်က ဖိလစ်ပိုင်နိုင်ငံသို့ ပို့ဆောင်လိုက်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံသို့ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများကို ပထမဆုံးအကြိမ် ပေးပို့ခဲ့သည့် နိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံသည် မနီလာသို့ ဖေဖော်ဝါရီ ၂၈ ရက်က ကိုရိုနာဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ပထမဆုံးအကြိမ်လှူဒါန်းခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် လူပေါင်း ၂၄ သန်းကျော် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးပြီဖြစ်သည်။ ယခုအချိန်အထိ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်အဝထိုးနှံပြီးသူ ၁၁ ဒသမ ၄ သန်းကျော် ရှိလာပြီဖြစ်သည်။ ယခုနှစ်တွင် လူပေါင်းသန်း ၇၀ ကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် အစိုးရက ရည်မှန်းထားကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာ ၁ ဒသမ ၇ သန်း ကျော်ရှိပြီး သေဆုံးသူ ၂၉၅၃၉ ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ

# အာဖဂန်နစ္စတန်ရဲ့ ပြည်နယ်တွေကို ပြန်ရဖို့ ကိုယ်တိုင်တိုက်ပွဲဝင်ရမယ့် အာဖဂန်တပ်ဖွဲ့ဝင်များ

ထွန်းကျော်

**လွန်ခဲ့တဲ့ ရက်အနည်းငယ်အတွင်းမှာ အာဖဂန်နစ္စတန်ရဲ့ အဓိကမြို့အတော်များများဟာ တာလီဘန်လက်ထဲ ကျရောက်ခဲ့တဲ့အချိန်မှာ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အာဖဂန်တပ်ဖွဲ့ဝင်တွေဟာ ဒီမြို့တွေကို တာလီဘန်တွေရဲ့လက်ထဲက ပြန်လည်သိမ်းပိုက်နိုင်ဖို့ သူတို့ဘာသာသူတို့ ပြန်လည်တိုက်ပွဲဝင်ရမယ်လို့ သတိပေး ပြောကြားလိုက်ပါတယ်။**



တိုက်ပွဲများ ဖြစ်ပွားနေသဖြင့် သနားစရာ ပြည်တွင်းရွှေ့ပြောင်းကလေးငယ်တစ်ဦးကို တွေ့ရစဉ်။

**ကိုယ်တိုင်တိုက်ပွဲဝင်ရမယ်**

မိမိတို့ဟာ နှစ်ပေါင်း ၂၀ ကျော်အတွင်းမှာ အမေရိကန်ဒေါ်လာ တစ်ထရီလီယံကျော်ကျော် သုံးစွဲခဲ့ပါတယ်။ ထို့အတူ အာဖဂန်တပ်ဖွဲ့ဝင် ၃၀၀၀၀၀ ကျော်ကိုလည်း လေ့ကျင့်ပေးခဲ့သလို ခေတ်မီစစ်လက်နက်ပစ္စည်းတွေလည်း တပ်ဆင်ပေးခဲ့ပါတယ်။ အာဖဂန်ခေါင်းဆောင်တွေဟာ အတူတကွပေါင်းစည်းရတော့မယ်လို့ အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က အိမ်ဖြူတော်မှာ သတင်းထောက်တွေကို ပြောကြားလိုက်ပါတယ်။ သူတို့ဟာ သူတို့ဘာသာသူတို့ တိုက်ပွဲဝင်ရတော့မယ်။ သူတို့နိုင်ငံအတွက် တိုက်ခိုက်ရတော့မယ်လို့ ဘိုင်ဒင်က ပြောလိုက်ပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ အာဖဂန်တပ်ဖွဲ့ဝင်တွေကို အနီးကပ် လေကြောင်းထောက်ပံ့မှုတွေ၊ အစားအစာထောက်ပံ့မှုတွေ၊ စစ်လက်နက်ပစ္စည်းထောက်ပံ့မှုတွေ၊ လစာထောက်ပံ့မှုတွေကို ဆက်လက်ထောက်ပံ့ပေးသွားမှာဖြစ်ပြီး အာဖဂန်လေတပ်ကို စစ်ဆင်ရေး ဆောင်ရွက်နိုင်သည်အထိ ကူညီသွားမယ်လို့ ဘိုင်ဒင်က ပြောကြားလိုက်ပါတယ်။ သို့သော်လည်း သူတို့တိုက်ခိုက်ချင်ရမယ်။ တာလီဘန်တွေထက် အင်အားသာရမယ်လို့ ဘိုင်ဒင်ကဆက်ပြီး ပြောလိုက်ပါတယ်။

**အမေရိကန်တပ်ဖွဲ့ဝင်တွေဆုတ်ခွာဖို့ ဆုံးဖြတ်ချက်အပေါ်နောင်တရမှာမဟုတ်**

မိမိတို့အနေနဲ့ မိမိတို့ရဲ့ ကတိကဝတ်တွေကို ဆက်လက်ထိန်းသိမ်းသွားမှာဖြစ်ကြောင်း၊ သို့သော်လည်း အမေရိကန်တပ်ဖွဲ့ဝင်တွေကို အာဖဂန်နစ္စတန်က ဆုတ်ခွာဖို့ ဆုံးဖြတ်ချက်အပေါ် နောင်တရမှာမဟုတ်ကြောင်း အမေရိကန်သမ္မတက ပြောပါတယ်။

ဘိုင်ဒင်က အခုလကုန်မှာ အာဖဂန်နစ္စတန်နိုင်ငံရဲ့ စစ်ဆင်ရေးအားလုံးကို အဆုံးသတ်ဖို့ အမေရိကန်တပ်ဖွဲ့ဝင်တွေကို အမိန့်ပေးထားပါတယ်။ အမေရိကန် ဗဟိုထိန်းချုပ်ကွပ်ကဲရေးက တပ်ဖွဲ့ဝင်တွေ ပြန်လည်ဆုတ်ခွာတာ ၉၅ ရာခိုင်နှုန်း ပြီးပြီလို့ ပြောပါတယ်။

လွန်ခဲ့တဲ့ တနင်္လာနေ့က အာဖဂန်သမ္မတ မိုဟာမက်အာရှရက်ဖ်ဂါနီက လွှတ်တော်ကို ပြောကြားလိုက်တဲ့မှတ်ချက်စကားမှာ စစ်မြေပြင် အခြေအနေပြောင်းလဲဖို့ ကဘူးလ်မှာ ခြောက်လကြာ လုံခြုံရေးအစီအစဉ်ရှိကြောင်း ပြောကြားလိုက်ပါတယ်။ တစ်ချိန်တည်းမှာပဲ အမေရိကန်တပ်ဖွဲ့ဝင်တွေ ပြန်လည်ဆုတ်ခွာသွားတဲ့အတွက် ပိုမိုဆိုးရွားတဲ့အခြေအနေတွေ ဖြစ်ပေါ်လာတဲ့ အပေါ်လည်း အပြစ်တင်လိုက်ပါတယ်။

**ပြည်နယ်မြို့တော်တွေကို ပိုမိုထိန်းချုပ်လာ**

တာလီဘန်တွေက ဩဂုတ် ၁၀ ရက်မှာ အာဖဂန်နစ္စတန် အနောက်ပိုင်း ဖာရာ့ဟ်ပြည်နယ်ရဲ့ မြို့တော် ဖာရာ့ဟ်မြို့ကို သိမ်းပိုက်ခဲ့တယ်လို့ ပြောကြားလိုက်ပါတယ်။ ပြီးတော့လည်း တာလီဘန် သောင်းကျန်းသူများက အစိုးရတပ်ဖွဲ့ဝင်တွေကို ဆက်လက်ထိုးစစ်ဆင်နွှဲလျက်ရှိပြီး အာဖဂန်နစ္စတန်နိုင်ငံရဲ့ ပြည်နယ်မြို့တော်တွေကို ပိုမိုထိန်းချုပ်လာနိုင်ပြီဖြစ်ကြောင်း ပြောကြားလိုက်ပါတယ်။ တာလီဘန်များက တရုတ်နိုင်ငံနှင့် ထိစပ်လျက်ရှိသော မြောက်ပိုင်း ဘာဒက်ခ်ရှန်ပြည်နယ် မြို့တော်ကိုလည်း သိမ်းပိုက်လိုက်ပြီလို့ ဩဂုတ် ၁၁ ရက်က ကြေညာလိုက်ပါတယ်။

ထို့အပြင် ဩဂုတ် ၁၀ ရက်က ဘာဂလန် ပြည်နယ် မြို့တော်ကို သိမ်းယူခဲ့တယ်လို့လည်း တာလီဘန်များက ပြောပါတယ်။ အဲဒီပြည်နယ်မြို့တော်ရှိ အဓိကလမ်းမကြီးဟာ မြို့တော်ကဘူးလ်နဲ့ မြောက်ပိုင်းမြို့တော် မာဇာရီရှာရစ်ဖ်နဲ့ဆက်သွယ်ထားတဲ့လမ်းမကြီး ဖြစ်ပါတယ်။

အခုအချိန်အထိ တာလီဘန်များဟာ ပြည်နယ်ကိုးခုကို သိမ်းယူထားပြီးဖြစ်ပါတယ်။

**လုံခြုံရေးအခြေအနေဆက်လက်ပျက်စီးလာမယ်**

ဒီအခြေအနေတွေကို လေ့လာကြည့်မယ်ဆိုရင် ဩဂုတ်လမကုန်မီ အမေရိကန်တပ်ဖွဲ့များ နိုင်ငံတွင်းမှ အပြီးပိုင်ပြန်လည်ဆုတ်ခွာခြင်းမပြုခင် နိုင်ငံတွင်းရှိ လုံခြုံရေးအခြေအနေမှာ ဆက်လက်ပျက်စီးလာမယ့်သဘော ရှိပါတယ်။

ဒီအခြေအနေတွေကို ထိန်းသိမ်းဖို့ ဩဂုတ် ၁၁ ရက်က အာဖဂန်ငြိမ်းချမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာတွေ့ဆုံမှုကို ကာတာမြို့တော် ဒိုဟာမှာ ပြုလုပ်ခဲ့ပါတယ်။

အမေရိကန်၊ တရုတ်၊ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နှင့် ထိစပ်လျက်ရှိသော တခြားနိုင်ငံများမှ ကိုယ်စားလှယ်များ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်ခဲ့ပြီး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးခဲ့ကြပါတယ်။ ဒါပေမယ့်လည်း ဒီဆွေးနွေးပွဲဟာ ရုံဖန်ရံခါမှသာ ပြုလုပ်နိုင်မယ့်သဘောပါ။

ဆွေးနွေးပွဲရဲ့ ရည်ရွယ်ချက်ကတော့ စစ်ပွဲတွေကို ရပ်ဆိုင်းပြီး နိုင်ငံရေးအဖြေရှာဖို့နဲ့ နှစ်ဖက်စလုံးကို ညှိနှိုင်းရေးဆွေးနွေးပွဲ စားပွဲပေါ်ကို အရောက်ပို့ဆောင်နိုင်ရေးပဲ ဖြစ်ပါတယ်။

**ထိုးစစ်ဆင်မှုတွေ တရစပ်ပြုလုပ်**

သောင်းကျန်းသူတွေဟာ လျင်မြန်တဲ့ ထိုးစစ်တွေကို နိုင်ငံတစ်ဝန်း လုပ်ဆောင်လာတဲ့အတွက် အမေရိကန်ပြည်ထောင်စုဟာ မကြာသေးမီရက်အနည်းငယ်က တာလီဘန်တွေကို လေကြောင်းဗုံးကြဲတိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့ပါတယ်။

ပင်တဂွန် သတင်းထုတ်ပြန်ရေး ဝန်ကြီး ဂျွန်ကာဘီက အမေရိကန်တပ်ဖွဲ့တွေဟာ အာဖဂန်တပ်ဖွဲ့ဝင်တွေကို ကူညီဖို့သင့်တော်တဲ့ အချိန်၊ သင့်တော်တဲ့နေရာမှာ လေကြောင်းတိုက်ခိုက်မှုတွေကို ဆက်လက်လုပ်ဆောင်သွားမယ်လို့ ပြောကြားလိုက်ပါတယ်။

သို့သော်လည်း အဲဒီလေကြောင်းပစ်ကူ တိုက်ခိုက်မှုတွေဟာ ဩဂုတ် ၃၁ ရက် ကျော်သွားရင် ဆက်လက်ရှိနေမှာလားဆိုတာကို အတည်ပြုဖို့တော့ ငြင်းဆန်ထားပါတယ်။

**ကိုယ်ပိုင်စွမ်းရည်တွေရှိနေပြီ**

တာလီဘန်တွေကို တိုက်ခိုက်ဖို့ အာဖဂန်တပ်ဖွဲ့ဝင်တွေမှာ စွမ်းရည်တွေရှိနေပြီလို့ သူက ပြောပါတယ်။ ကဘူးလ်အတွက် နိုင်ငံရေးနဲ့ စစ်ရေး ခေါင်းဆောင်မှုပိုင်းမှာတော့ ဆက်လက်အားထုတ်ကြိုးပမ်းဖို့ လိုသေးတယ်လို့ သူက ပြောပါတယ်။

မကြာသေးမီ သီတင်းပတ်က အာဖဂန်မြို့တော်အတော်များများနဲ့ နိုင်ငံရဲ့ ပြည်နယ်ပေါင်း ၃၄ ခုရဲ့ ထက်ဝက်ကျော်လောက်မှာ အာဖဂန်တပ်ဖွဲ့ဝင်တွေနဲ့ တာလီဘန်သောင်းကျန်းသူတွေကြား ကြီးမားတဲ့ တိုက်ပွဲတွေ ဖြစ်ပွားနေကြတာကို တွေ့ရပါတယ်။

အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်မှာတော့ ကန်ဒါဟာပြည်နယ် တောင်ပိုင်းမှာရှိတဲ့ တာလီဘန်တို့ရဲ့ ပုန်းအောင်းနေတဲ့ နေရာတွေနဲ့ သူတို့ရဲ့စခန်းတွေကို လေကြောင်းတိုက်ခိုက်မှုတွေ ဆင်နွှဲခဲ့တာကြောင့် စစ်သွေးကြွ ၄၇ ဦးအထိ သေဆုံးခဲ့တယ်လို့ အတည်ပြုခဲ့ပါတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ် နှစ်စုကျော်လောက်က အာဖဂန်နစ္စတန်မှာ အမေရိကန်တပ်ဖွဲ့ဝင် ၂၄၀၀ ကျော် အသက်ဆုံးရှုံးခဲ့ပြီး ၂၀၀၀၀ လောက် ဒဏ်ရာရရှိခဲ့ပါတယ်။ ထို့အတူ အာဖဂန်တပ်ဖွဲ့ဝင် ၆၆၀၀၀ ဦးကျော် သေဆုံးခဲ့ပြီးတော့ လူပေါင်း ၂ ဒသမ ၇ သန်းကျော် အိုးပစ်အိမ်ပစ် ထွက်ပြေးခဲ့ရပါတယ်။ ။

ဆင်ဟွာ

- **ဆွေးနွေးပွဲရဲ့ ရည်ရွယ်ချက်ကတော့ စစ်ပွဲတွေကို ရပ်ဆိုင်းပြီး နိုင်ငံရေးအဖြေရှာဖို့နဲ့ နှစ်ဖက်စလုံးကို ညှိနှိုင်းရေးဆွေးနွေးပွဲ စားပွဲပေါ်ကို အရောက်ပို့ဆောင်နိုင်ရေးပဲ ဖြစ်ပါတယ်**
- **ပင်တဂွန်သတင်းထုတ်ပြန်ရေး ဝန်ကြီး ဂျွန်ကာဘီက အမေရိကန်တပ်ဖွဲ့တွေဟာ အာဖဂန်တပ်ဖွဲ့ဝင်တွေကို ကူညီဖို့သင့်တော်တဲ့အချိန် သင့်တော်တဲ့နေရာမှာ လေကြောင်းတိုက်ခိုက်မှုတွေကို ဆက်လက်လုပ်ဆောင်သွားမယ်လို့ ပြောကြားလိုက်ပါတယ်**

# ဩဂုတ် ၁၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၄၃၀ တွေ့ရှိ

**ကိုဗစ်– ၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁၂–၈–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်– ၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့်–

- တတ်နိုင်သမျှအိမ်တွင်း၌ သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကိုမကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ် နှင့်အထက် အသက် အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန် လိုအပ်ပါသည်။

ကိုဗစ်– ၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်– ၁၉ ရောဂါရှိမရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၁–၈–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၂–၈–၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၈၀၁)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်– ၁၉ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်(၃,၄၃၀)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၃၁၀,၈၀၅)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်– ၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၄၄,၇၃၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃,၃၅၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၆၀,၀၂၅)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်– ၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၁၅) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၂,၆၆၇) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၂–၈–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၃၄၉)ခု | (၉၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၃)ခု | (၂၆)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၅၁)ခု | (၅၇)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၄၉)ခု | (၂၅၁)ဦး |
| ကလေးမြို့၊ တပ်မတော် Mobile PCR Team | (၉)ခု | (၃)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၂၁)ခု | (၂၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၉၃၀)ခု | (၆၅၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၁၃၉)ခု | (၂,၃၂၀)ဦး |
| **စုစုပေါင်း** | **(၁၂,၈၀၁)ခု** | **(၃,၄၃၀)ဦး** |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်"နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်"အတိုင်း ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund)သို့ လှူဒါန်းနိုင်သည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ COVID–19 ကာကွယ်ဆေးဝယ်ယူရေးအတွက် ပါဝင်လှူဒါန်းလိုကြသော ပြည်သူများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ မြန်မာကျပ်ငွေစာရင်းအမှတ် (OA 013733) သို့ အောက်ပါနည်းလမ်းများဖြင့် ထည့်ဝင်လှူဒါန်းနိုင်ပါသည် –

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲနှင့် နိုင်ငံပိုင်ဘဏ်များ၏ ဘဏ်ခွဲအားလုံး၊ ပုဂ္ဂလိကဘဏ်များ၏ဘဏ်ခွဲအားလုံးတို့တွင် ငွေသားဖြင့် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

( ခ ) နိုင်ငံပိုင်ဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသောကျပ်ငွေစာရင်းများနှင့် ပုဂ္ဂလိကဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသောစာရင်းများမှ စာရင်းပြောင်းနည်းလမ်း (Account Transfer) ဖြင့် လှူဒါန်းနိုင်ပါသည်။

( ဂ ) Mobile Banking/Mobile Wallet မှလှူဒါန်းလိုပါက သက်ဆိုင်ရာ Service Provider/ ပုဂ္ဂလိကဘဏ်များ၏ Mobile App များမှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(ဃ) MPU Card (ATM Card) များမှ လှူဒါန်းလိုပါက MPU မှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

( င ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ Website မှတစ်ဆင့် MPU Debit/Credit ကတ်များဖြင့်ဖြစ်စေ၊ ပြည်တွင်း/ပြည်ပ Visa/Master Credit ကတ်များဖြင့်ဖြစ်စေ ချိတ်ဆက်ထားသော Over–the–Counter ဆိုင်များ၌ ငွေသားပေးသွင်းခြင်းဖြင့်ဖြစ်စေ အလှူငွေများကို လှူဒါန်းနိုင်ပါသည်။

၂။ မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ နိုင်ငံခြားငွေ စာရင်းအမှတ် (EDC 600012) သို့ အောက်ပါနည်းလမ်းများဖြင့် နိုင်ငံခြားငွေများကို ထည့်ဝင်လှူဒါန်းနိုင်ပါသည် –

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ နိုင်ငံခြားငွေလုပ်ငန်းနှင့် နိုင်ငံခြားငွေလုပ်ငန်းလုပ်ကိုင်ခွင့် AD လိုင်စင်ရ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မည်သည့်နိုင်ငံခြားငွေအမျိုးအစားကိုမဆို ငွေသားဖြင့် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

( ခ ) မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော နိုင်ငံခြားငွေစာရင်းများမှတစ်ဆင့် စာရင်းပြောင်းနည်းလမ်း (Account Transfer) ဖြင့် လှူဒါန်းနိုင်ပါသည်။

( ဂ ) မြန်မာ့စီးပွားရေးဘဏ်၏ SWIFT Code–MYEBMMMY ကို အသုံးပြု၍ Donation to COVID–19 Vaccination Fund (Account EDC 600012) Myanma Economic Bank ဟု ဖော်ပြ၍ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်များမှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(ဃ) ပြည်ပဘဏ်များမှတစ်ဆင့် ငွေလွှဲသည့်အခါ အထက်ဖော်ပြပါ SWIFT Code နှင့် Donation to COVID–19 Vaccination Fund (Account EDC 600012) Myanma Economic Bank ကို ဖော်ပြ၍ ငွေလွှဲနိုင်ပြီး၊ ငွေလွှဲပို့သည့် ပြည်ပဘဏ်နှင့် မြန်မာ့စီး ပွားရေးဘဏ်တို့အကြား တိုက်ရိုက်ဆက်သွယ်မှုမရှိပါက အောက်ပါမြန်မာ့စီးပွားရေးဘဏ်၏ ပြည်ပအဆက်အသွယ် ဘဏ်များမှတစ်ဆင့် ဘဏ်အချင်းချင်းချိတ်ဆက်ငွေလွှဲပို့နိုင်ပါသည် –

| | |
|---|---|
| UOB Bank (Singapore) | OCBC Bank (Singapore) |
| DBS Bank (Singapore) | May Bank (Singapore/Kuala Lumpur) |
| Sumitomo Mitsui Banking Corporation (Tokyo) | Bank of Tokyo Mitsubishi UFJ (Tokyo) |
| Mizuho Bank (Tokyo) | Bangkok Bank (Bangkok) |
| Siam Commercial Bank (Bangkok) | Krung Thai Bank (Bangkok) |
| Thanachart Bank (Bangkok) | ICBC Bank (China) |
| OCBC Wing Hang Bank (Shanghai) | China Construction Bank (China) |
| Sonali Bank (Bangladesh) | AB Bank (Bangladesh) |

၃။ သို့ပါ၍ ပြည်တွင်းနေရာဒေသအသီးသီးရှိ မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်ခွဲများနှင့် အခြားပြည်တွင်းပုဂ္ဂလိကဘဏ်အသီးသီးတွင် ငွေသားဖြင့်လှူဒါန်းနိုင်မည့်အပြင် အထက်ပါနည်းလမ်းများဖြင့် ပြည်တွင်း/ပြည်ပမှ တိုက်ရိုက်လှူဒါန်းနိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

# "ကာကွယ်ဆေး မထိုးထားသူဟာ ဗီဇပြောင်းပိုးတွေ ပေါက်ဖွားဖို့ စက်ရုံကြီးသဖွယ် ဖြစ်ပါတယ်လို့ ပညာရှင်တွေက ပြောထားပါတယ်"

ဒေါက်တာ ခင်ခင်ကြီး

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဩဂုတ် ၁၁ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

အစီအစဉ်မှူး ။ ။ နိုင်ငံတစ်ဝန်း ကိုဗစ် - ၁၉ တတိယလှိုင်း ဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟို ကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အရေးပါတဲ့ ကာကွယ်ဆေးထိုး လုပ်ငန်းစဉ်တွေမှာ အစိုးရနဲ့ ပုဂ္ဂလိက အခန်းကဏ္ဍရဲ့ ဟန်ချက်ညီညီ ပူးပေါင်းပါဝင် ဆောင်ရွက်နေမှုတွေကို ပြောပြပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး** ။ ။ ကိုဗစ် – ၁၉ ရောဂါပိုးက ကမ္ဘာပေါ်မှာ ရောဂါဖြစ်ပွားမှုနဲ့ သေဆုံးမှုက မြင့်တက်နေဆဲဖြစ်ပါတယ်။ ဒီနေ့ရရှိတဲ့ ဂျွန်ဟော့ကင်းတက္ကသိုလ်ရဲ့ ဒေတာအရ ရောဂါဖြစ်ပွားသူ ၂၀၂ သန်းကျော်နဲ့ သေဆုံးသူ ၄ ဒသမ ၃ သန်းနီးပါးရှိပါတယ်။ ကမ္ဘာပေါ်မှာ ရောဂါဖြစ်ပွားမှုတွေနဲ့ သေဆုံးမှုတွေက မြင့်တက်နေတယ်ဆိုတာကို သိစေချင်ပါတယ်။

ဒီလိုရောဂါ ကူးစက်ဖြစ်ပွားမှုတွေကို အမြန်ဆုံး ထိန်းချုပ်နိုင်ဖို့အတွက် ကာကွယ်ဆေးထိုးခြင်းက အရေးပါတဲ့ အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ ဒီနေရာမှာ ကာကွယ်ဆေး ထိုးခြင်းဖြင့်သာ ကိုဗစ်–၁၉ ရောဂါကို ထိန်းချုပ်နိုင်တယ်လို့ဆိုလိုတာ မဟုတ်ပါဘူး။ ကာကွယ်ဆေးထိုးခြင်းနဲ့အတူ ကိုဗစ်ရောဂါဆိုင်ရာ လိုက်နာရမယ့် စည်းကမ်းချက်တွေဖြစ်တဲ့ Mask တပ်ခြင်း၊ လက်ဆေးခြင်း၊ လူအုပ်စုတွေကို ရှောင်ကြဉ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်း၊ ချောင်းဆိုးနှာချေတဲ့အခါ ဖုံးအုပ်၍ ဆိုးခြင်း၊ လေကောင်းလေသန့်ရတဲ့ နေရာမှာ နေထိုင်ခြင်း ဒါတွေက ကိုဗစ်ကာကွယ်ဆေး ထိုးခြင်းကဲ့သို့ အရေးပါတယ်ဆိုတာကို သိစေချင်ပါတယ်။

နိုင်ငံတိုင်းက ကာကွယ်ဆေးတွေကို အမြန်ဆုံးရရှိပြီး မိမိနိုင်ငံသားတွေ ထိုးနှံနိုင်ဖို့အတွက် အစွမ်းကုန်ကြိုးစားနေပါတယ်။ သို့သော် လက်ရှိကမ္ဘာရဲ့ ရောဂါ ဖြစ်ပွားမှုတွေ၊ ကူးစက်မှုတွေ၊ သေဆုံးမှုတွေနဲ့ ကာကွယ်ဆေးထိုးနှံနိုင်မှုတွေကိုကြည့်ရင် ကာကွယ်ဆေး ထိုးနှံနိုင်မှု နည်းနေတာကို တွေ့ရပါတယ်။ ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံ ၁၀ နိုင်ငံလောက်ကပဲ ကာကွယ်ဆေးကို ၅၀ ရာခိုင်နှုန်းနဲ့အထက် ထိုးနှံနိုင်တာကို တွေ့ရပါတယ်။ ဖွံ့ဖြိုးဖို့လိုအပ်တဲ့ နိုင်ငံတွေအနေနဲ့ ကာကွယ်ဆေးထိုးနှံမှုက ၁ ဒသမ ၁ ရာခိုင်နှုန်းသာ ရှိပါတယ်။



စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးစဉ်။ ဓာတ်ပုံ–မျိုးဝင်းညို

ဒီ ၁ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးတာ မဟုတ်ပါဘူး၊ ကာကွယ်ဆေး တစ်ကြိမ်သာ ထိုးနှံပြီးတဲ့အရေအတွက် ဖြစ်ပါတယ်။

လက်ရှိကမ္ဘာပေါ်မှာ ကမ္ဘာ့လူဦးရေရဲ့ ၃၀ ရာခိုင်နှုန်းက ကိုဗစ်ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးဖြစ်ပါတယ်။ ကမ္ဘာ့လူဦးရေရဲ့ ၁၅ ရာခိုင်နှုန်းကျော်က ကာကွယ်ဆေးအကြိမ်ပြည့် နှစ်ကြိမ် ထိုးနှံပြီးဖြစ်ပါတယ်။ ကာကွယ်ဆေး ထိုးနှံပြီးမှုအနေနဲ့ ၄ ဒသမ ၄ ဘီလီယံဆိုတဲ့အတွက် သန်း ၄၄၀၀ ကို ကာကွယ်ဆေးတွေထိုးပြီးပြီ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ နေ့စဉ် ကာကွယ်ဆေးထိုးနှံမှုအနေနဲ့ လူသန်း ၄၀ ထိုးနေပါတယ်။

နိုင်ငံတိုင်းက မိမိတို့နိုင်ငံသားတွေအတွက် ကာကွယ်ဆေး ထိုးနှံပေးနိုင်ဖို့ ဘက်ပေါင်းစုံကနေ ကြိုးစားနေပါတယ်။ မြန်မာနိုင်ငံမှာလည်း နိုင်ငံတော်အစိုးရအနေနဲ့ ကာကွယ်ဆေးတွေ အမြန်ဆုံး ထိုးနှံနိုင်ဖို့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကနေ အရေးပေါ်အသုံးပြုခွင့်ပေးထားတဲ့ ကာကွယ်ဆေးတွေကို မှာယူပြီး ပြည်သူတွေကို ထိုးနှံပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ကာကွယ်ဆေးအတော်များများ ရောက်ရှိနေပြီ ဖြစ်ပါတယ်။ ဩဂုတ် ၈ ရက်မှာ မြန်မာနိုင်ငံက ဝယ်ယူထားတဲ့ ကာကွယ်ဆေး ၄ သန်းအနက် Sinovac ကာကွယ်ဆေး တစ်သန်း ထပ်မံရောက်ရှိလာတဲ့အတွက် Sinovac ကာကွယ်ဆေး စုစုပေါင်း နှစ်သန်းရောက်ရှိနေပြီ ဖြစ်ပါတယ်။ ဒါ့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကနေ လှူဒါန်းထားတဲ့ Sinopharm (Beijing) ကာကွယ်ဆေး နှစ်သန်းရောက်ရှိပြီး ဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာ ကာကွယ်ဆေး ၄ သန်း လက်ဝယ်ရရှိပြီးဖြစ်ပါတယ်။

ဩဂုတ်လအတွင်းမှာ နောက်ထပ် မြန်မာနိုင်ငံက ဝယ်ယူထားတဲ့ Sino–pharm (Beijing) ကာကွယ်ဆေး နှစ်သန်း ထပ်မံရောက်ရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေကို ထိုးနှံပေးဖို့အတွက် ကိုဗစ်ကာကွယ်ဆေး ၆ သန်း ရရှိမှာဖြစ်ပါတယ်။ ကာကွယ်ဆေး ၆ သန်းဖြစ်တဲ့အတွက် လူဦးရေ ၃ သန်းကို ထိုးနှံပေးမှာ ဖြစ်ပါတယ်။ လက်ရှိရောက်ရှိနေတဲ့ ကာကွယ်ဆေးတွေကို ပထမအကြိမ်အဖြစ် လူဦးရေ ၃ သန်းကို ထိုးနှံပေးမှာ ဖြစ်ပါတယ်။ ဒီလို ကာကွယ်ဆေး ထိုးနှံပေးတဲ့အခါ ရောဂါကူးစက်လွယ်ပြီး ရောဂါဖြစ်ပွားရင် သေဆုံးနိုင်တဲ့ အုပ်စုတွေကို ဦးစားပေး ထိုးနှံပေးမှာ ဖြစ်ပါတယ်။ ဒီလိုထိုးနှံပေးတဲ့အတွက် ကိုဗစ်ရောဂါ ဖြစ်ပွား၊ သေဆုံးမှုတွေကို အတိုင်းအတာတစ်ခုအထိ လျော့ကျစေမှာ သေချာပါတယ်။

မြန်မာနိုင်ငံမှာ ကိုဗစ်ကာကွယ်ဆေး စတင်ထိုးနှံတဲ့ ဇန်နဝါရီလ ၂၇ ရက်မှ စတင်ပြီး ဇူလိုင်လ ၂၁ ရက်အထိ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးနှံပြီးတဲ့ လူဦးရေသည် ၁ ဒသမ ၈ သန်းကျော်ရှိပါတယ်။ ရည်မှန်းလူဦးရေ အသက် ၁၈ နှင့်အထက်ရဲ့ ၆ ရာခိုင်နှုန်းကျော် ၆ ဒသမ ၀၈ ရာခိုင်နှုန်း ထိုးနှံပြီးဖြစ်ပါတယ်။ လက်ရှိမှာ တစ်နေ့ကို ကာကွယ်ဆေး ပျမ်းမျှတစ်သိန်းခွဲ ဝန်းကျင် ထိုးနှံပေးနေတာ ဖြစ်တဲ့အတွက်ကြောင့် ကာကွယ်ဆေး ၃ သန်းသည် ရက် ၂၀၊ တစ်လအတွင်းမှာ ထိုးနှံပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ယခုလက်ရှိမှာ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ထိုးနှံပေးလျက် ရှိပါတယ်။

ဒီလိုကာကွယ်ဆေး ထိုးနှံပေးတဲ့အခါမှာ ကာကွယ်ဆေးထိုးနှံပေးရမယ့် ဦးစားပေးအုပ်စုထဲမှာ ပါဝင်တဲ့သူတွေက ကာကွယ်ဆေးထိုးနှံနိုင်မယ့် အခွင့်အရေးကို လက်မလွှတ်တမ်း ဖမ်းဆုပ်နိုင်ဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရက ကိုဗစ်ကာကွယ်ဆေးတွေ ထိုးနှံပေးနေသလို တစ်ဖက်ကလည်း ပြည်သူတွေအနေနဲ့ ပူးပေါင်းပါဝင်ဖို့ လိုပါတယ်။ ဒီနေရာမှာ ပြည်သူထဲမှာ ပါဝင်တဲ့ ဆေးဝါးတင်သွင်း ဖြန့်ဖြူးတဲ့သူတွေဟာ ပုဂ္ဂလိကကဏ္ဍအနေနဲ့ အရည်အသွေးပြည့်မီတဲ့ ကာကွယ်ဆေးတွေကို တင်သွင်းဖြန့်ဖြူးကာ ပြည်သူတွေကို ထိုးနှံပေးခြင်းဖြင့် ပါဝင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါမှသာ ကာကွယ်ဆေး လွှမ်းခြုံမှု ပိုမိုရရှိပြီး ကိုဗစ်ရောဂါကို အမြန်ဆုံး ကာကွယ်၊ ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။

အစီအစဉ်မှူး ။ ။ ယခုကာကွယ်ဆေးတွေကို ဦးစားပေးအုပ်စုအလိုက် ထိုးနှံပေးနေမှုမှာ မပါဝင်သူတွေကို ပုဂ္ဂလိကကဏ္ဍကနေ ဘယ်လိုမျိုး ပူးပေါင်းပါဝင်ဆောင်ရွက်လို့ရတယ်ဆိုတာ ပြောကြားပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး** ။ ။ လက်ရှိမှာ ကာကွယ်ဆေးတွေကို ဘယ်လိုလူတွေကို ဦးစားပေး ထိုးနှံပေးနေတယ်ဆိုတာ အရင်ဆုံး ဆွေးနွေးလိုပါတယ်။ ဘယ်သူတွေလဲဆိုတော့ အသက် ၆၅ နှစ် အထက် ဘိုးဘွားတွေ ဖြစ်ပါတယ်။ သူတို့အနေနဲ့ ရောဂါဖြစ်ရင် အလွန်ပြင်းထန်စွာ ခံစားရနိုင်ပြီး အသက်သေဆုံးတဲ့အထိ ဖြစ်နိုင်ပါတယ်။

သူတို့ဟာ Senior Citizen လို့ခေါ်တဲ့ လူ့အဖိုးတန်တွေ ဖြစ်ပါတယ်။ ပြည်သူပြည်သား တစ်ယောက်စီတိုင်းရဲ့ တန်ဖိုးဖြတ်လို့မရတဲ့ မိဘတွေ၊ အဘိုးအဘွားတွေဖြစ်တဲ့အတွက်ကြောင့် သူတို့က ပထမဦးစားပေးဖြစ်ပါတယ်။ လက်ရှိမှာလည်း အသက် ၆၅ နှစ်အထက်ကို ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက် ၆၅ နှစ်အထက် လူဦးရေက ၂ ဒသမ ၈ သန်း ရှိပါတယ်။ လူဦးရေ ၂ ဒသမ ၈ သန်းထဲမှာ ပထမအကြိမ် ကိုဗစ်ကာကွယ်ဆေးထိုးနှံပေးစဉ်က ၀ ဒသမ ၈ သန်းက ပြီးစီးသွားပြီ ဖြစ်တဲ့အတွက် လက်ရှိမှာ ကျန်တဲ့ ၂ သန်းကို ဦးစားပေးထိုးနှံပေးဖို့ ရည်မှန်းထားပါတယ်။

ဒုတိယအနေနဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းတွေ ဖြစ်ပါတယ်။ ဒါက အားလုံးသိတဲ့အတိုင်းပါပဲ၊ ပြည်သူကို ကျန်းမာအောင် စောင့်ရှောက်ပေးမယ့် ကျန်းမာရေးဝန်ထမ်းတွေကိုယ်တိုင် ရောဂါပိုးအန္တရာယ်ကနေ ကာကွယ်နိုင်ပြီးသားဖြစ်မှသာ သူတို့အနေနဲ့ အင်ပြည့်အားပြည့်နဲ့ ပြည်သူကို စောင့်ရှောက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ကို ဒုတိယဦးစားပေးအနေနဲ့ ထည့်သွင်းပြီး တစ်ပြိုက်နက်တည်း ကာကွယ်ဆေး ထိုးနှံပေးပါတယ်။

နောက် စေတနာ့ဝန်ထမ်းတွေ ဖြစ်ပါတယ်။ စေတနာ့ဝန်ထမ်းတွေက အလွန်လေးစားဖွယ် ကောင်းပါတယ်။ သူတို့တွေရဲ့ ပါဝင်ဆောင်ရွက်မှု၊ ကိုယ်ကျိုးစွန့် အနစ်နာခံမှုတွေက အံ့ဩလောက်ဖွယ် ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ကိုကာကွယ်ဆေးထိုးနှံမယ့် စာရင်းထဲမှာထည့်ပြီး ဦးစားပေး ထိုးနှံနေပါတယ်။

နောက်တစ်ခုက ဘိုးဘွားရိပ်သာတွေ ဖြစ်ပါတယ်။ ဘိုးဘွားရိပ်သာမှာရှိတဲ့ ဘိုးဘွားတွေအနေနဲ့ အသက်အရွယ်ကြီးပြီး သူများတွေနဲ့မတူဘဲ အစုလိုက်၊ အပြုံလိုက် နေထိုင်ရတဲ့အတွက် တစ်ယောက်ဖြစ်ရင် နောက်တစ်ယောက်က ကူးစက်ပြန့်ပွား လွယ်ပါတယ်။ ဒါကြောင့် ဘိုးဘွားရိပ်သာမှာ နေထိုင်ကြတဲ့ ဘိုးဘွားတွေနဲ့ ဘိုးဘွားတွေကို စောင့်ရှောက်မှုပေးနေတဲ့ ဝန်ထမ်းတွေကို ကာကွယ်ဆေး ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။

နောက် သာသနာ့ဝန်ထမ်းတွေနဲ့ နိုင်ငံ့ဝန်ထမ်းတွေ ဖြစ်ပါတယ်။ နိုင်ငံတစ်ခုရဲ့ ယန္တရားကြီး ပုံမှန်လည်ပတ်နိုင်ဖို့အတွက် နိုင်ငံ့ဝန်ထမ်းတွေရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုက အထူးအရေးပါပြီး အရေးကြီးပါတယ်။ သူတို့တွေက နိုင်ငံတိုင်းရဲ့ Skeleton Staff လို့ခေါ်တဲ့ အခြေခံကျတဲ့ ဝန်ထမ်းတွေဖြစ်တဲ့အတွက်ကြောင့် သူတို့ကို ထိုးနှံပေးမှာ ဖြစ်ပါတယ်။ *စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

နောက်ပြီး ပုဂ္ဂလိက ဘဏ်ဝန်ထမ်းတွေဖြစ်ပါတယ်။ သူတို့တွေကလည်း အလွန်အရေး ပါပါတယ်။ ရုံးပိတ်ရက်ရှည်ကာလမှာ သူတို့တွေက ပိတ်ရက်မယူဘဲ လုပ်ငန်းတာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေ ဖြစ်ပါတယ်။ ဒါ့အပြင် ပုဂ္ဂလိက အလုပ်ရုံ၊ စက်ရုံတွေက ဝန်ထမ်းတွေ၊ ဟိုတယ်နဲ့ တည်းခိုခန်းတွေက ဝန်ထမ်းတွေ၊ အကျဉ်းထောင်တွေ၊ ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ဝန်ထမ်းတွေ၊ စူပါမားကတ်နဲ့ ဈေးတွေကဝန်ထမ်းတွေ ဒါတွေက ဦးစားပေးအုပ်စု ဖြစ်ပါတယ်။

ဒီနေရာမှာ ဦးစားပေးအုပ်စုတွေ သတ်မှတ်ထားတဲ့အတွက် မိသားစုဝင်တွေက ကာကွယ်ဆေး ထိုးနှံပေးမယ့် ဦးစားပေးအုပ်စုအစီအစဉ် တစ်ခုမဟုတ် တစ်ခုမှာ ပါဝင်ထိုးနှံခွင့်ရရှိမှာ ဖြစ်ပါတယ်။ သို့သော် နိုင်ငံ့လူဦးရေက ၅၅ သန်းရှိပြီး အသက် ၁၈ နှစ် အထက်က ၃ ဒသမ ၃ သန်းကျော်ရှိတဲ့အတွက် ကာကွယ်ဆေးတွေရရှိမှု၊ ထိုးနှံနိုင်မှုက အချိန်တိုတိုအတွင်း အားလုံးကို ခြုံငုံမိဖို့ဆိုတာ မလွယ်ပါဘူး။ ဦးစားပေးအုပ်စုထဲမှာ မပါဝင်တဲ့ ပြည်သူလူထုတွေကိုလည်း ထိုးနှံပေးနိုင်ဖို့က အရေးကြီးပါတယ်။

အချို့တွေက အသင့်အတင့်တတ်နိုင်ပါတယ်။ ရာသီတုပ်ကွေးကာကွယ်ဆေးတွေ၊ ကလေးတွေအတွက် လိုအပ်တဲ့ ကာကွယ်ဆေးတွေကိုလည်း ထိုးနှံနေကြပါတယ်။ အချို့အလယ်အလတ်အဆင့် လူတွေလည်း ထိုးနှံချင်တယ်။ နိုင်ငံတော်အစိုးရက ထိုးနှံပေးတာကို စောင့်ရင် အချိန်ကြာမယ်၊ မစောင့်ချင်တော့ဘူး။ ဒီကြားထဲမှာ ရောဂါကူးစက်မှာ စိုးရိမ်တယ်။ သူတို့တွေအတွက်လည်း ကာကွယ်ဆေးတွေ အမြန်ဆုံးရရှိဖို့၊ အချို့တွေက အသက် ၁၈ နှစ်ကျော်၊ လူလတ်ပိုင်းတွေ၊ လူငယ်တွေဖြစ်တဲ့အတွက် ကာကွယ်ဆေးရရှိဖို့က အချိန်စောင့်ရဦးမှာ ဖြစ်ပါတယ်။

ဒီအခါမှာ သူတို့အနေနဲ့ မြန်မြန်ဆန်ဆန်ထိုးနှံချင်တယ်၊ မိသားစုလိုက် ထိုးနှံချင်တယ်။ အစုအဖွဲ့လိုက် ထိုးနှံချင်တယ်။ ဘယ်ကာကွယ်ဆေးထိုးမလဲ ကာကွယ်ဆေးတွေကို ရွေးချယ်ချင်တယ်။ ဒီလိုမျိုးတွေရနိုင်ဖို့က ပုဂ္ဂလိက အခန်းကဏ္ဍရဲ့ ကာကွယ်ဆေးတွေ တင်သွင်းဖြန့်ချိမှုက အရေးပါလာပါတယ်။ ပြည်သူတွေ ကာကွယ်ဆေးအမြန်ဆုံး လွှမ်းခြုံမှုရရှိဖို့ကလည်း ရောဂါကာကွယ်၊ ထိန်းချုပ်ရေးမှာ အရေးပါပါတယ်။ ဒါကြောင့် ဦးတည်အုပ်စုထဲမှာ မပါဝင်တဲ့ ပြည်သူလူထုကို ကာကွယ်ဆေးထိုးနှံနိုင်ဖို့အတွက် ပုဂ္ဂလိက ကဏ္ဍကနေ ကာကွယ်ဆေးတင်သွင်း ဖြန့်ချိနိုင်ဖို့ဆိုတာ အရေးကြီးပါတယ်။

လက်ရှိအချိန်မှာ မိမိတို့အနေနဲ့ Risk နဲ့ Benefit ကို ချင့်ချိန်ရပါတယ်။ အန္တရာယ် အရှိနိုင်ဆုံး၊ ထိုးရင် အကျိုးအာနိသင်အရနိုင်ဆုံး၊ ဖြစ်ပွားသေဆုံးမှုအများဆုံးဖြစ်နိုင်တဲ့ လူအုပ်စုတွေကို ဦးစားပေးပြီး ရွေးချယ်ရတယ်ဆိုတာ နားလည်ပေးစေချင်ပါတယ်။ ကျန်တဲ့သူတွေအနေနဲ့ အမြန်ဆုံးထိုးနှံနိုင်ဖို့ နိုင်ငံတော်အစိုးရပိုင်းက စီစဉ်နေသလို ပုဂ္ဂလိကကဏ္ဍကိုလည်း ကာကွယ်ဆေးတင်သွင်း ဖြန့်ချိခွင့်ကို ပေးထားပြီးဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဖေဖော်ဝါရီလ ၁၁ ရက်မှာ နိုင်ငံတော်အကြီးအကဲက ကာကွယ်ဆေး တင်သွင်းဖြန့်ချိဖို့ ခွင့်ပြုတယ်လို့ ပြောထားပြီးဖြစ်သလို သတင်းစာကလည်း ကြေညာပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန အင်တာနက်စာမျက်နှာကလည်း ကြေညာထားပြီးဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။** ပုဂ္ဂလိက အခန်းကဏ္ဍက ကာကွယ်ဆေးတွေ တင်သွင်းဖြန့်ချိမယ်ဆိုရင် ဘယ်လိုအချက်တွေကို လိုက်နာဆောင်ရွက်ရမယ်ဆိုတာနဲ့ပတ်သက်ပြီး ပြောကြားပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး ။ ။** ပုဂ္ဂလိက အခန်းကဏ္ဍက ကာကွယ်ဆေးတွေ တင်သွင်းဖြန့်ချိတဲ့အခါ စနစ်တကျရှိစေဖို့ လမ်းညွှန်ချက်တွေ ရှိထားပြီးဖြစ်ပါတယ်။ ကာကွယ်ဆေးတွေကို တင်သွင်းဖြန့်ချိတာ၊ ထိုးနှံတဲ့အခါ ဘေးအန္တရာယ်ကင်းရှင်းစေဖို့၊ အာနိသင်ရှိစေဖို့၊ ကာကွယ်ဆေးတွေရဲ့ ထိရောက်မှု ပိုမိုကောင်းမွန်စေဖို့

❑ **ကာကွယ်ဆေး စနစ်တကျထိုးနှံဖို့က ဘယ်လောက်အရေးကြီးတယ်ဆိုတာကိုသိပြီဆိုရင် ကာကွယ်ဆေးတင်သွင်းဖြန့်ချိမယ့်ကိစ္စကို အထူးသတိထားပြီး လုပ်ဆောင်ရမယ်ဆိုတာကို သိစေချင်ပါတယ်။ ဒါ့ကြောင့်လက်ရှိအနေအထားမှာ FDA က ကာကွယ်ဆေးတင်သွင်းဖို့ အသိအမှတ်ပြုထားတဲ့ ကုမ္ပဏီ နှစ်ခုပဲ ရှိပါသေးတယ်။ တစ်ခုက တရုတ်ကုန်သည်ကြီးများအသင်းက Sinopharm ကာကွယ်ဆေးတင်သွင်းဖို့အတွက် ခွင့်ပြုချက်တောင်းထားတာဖြစ်ပြီး နောက်ကုမ္ပဏီတစ်ခုက အိန္ဒိယနိုင်ငံ Bharat Institute ကနေထုတ်တဲ့ covaxin ကာကွယ်ဆေးတင်သွင်းဖို့အတွက် ခွင့်ပြုချက်တောင်းထားတာဖြစ်ပါတယ်။ ဒီနှစ်မျိုးကလွဲပြီး FDA က ခွင့်ပြုချက်ပေးထားတာမရှိပါဘူးဆိုတာကို သိစေချင်ပါတယ်။ ဒီကုမ္ပဏီ နှစ်ခုကလည်း လောလောဆယ် ကာကွယ်ဆေးတင်သွင်းနိုင်ခြင်း မရှိသေးပါဘူး**

ရည်ရွယ်တဲ့အနေနဲ့ လမ်းညွှန်ချက်တွေကို ထုတ်ပြန်တာ ဖြစ်ပါတယ်။ ကာကွယ်ဆေးတွေ တင်သွင်းဖြန့်ချိဖို့ ဆောင်ရွက်မယ်ဆိုရင် အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက သတ်မှတ်ထားတဲ့အချက်တွေကို သိရှိဖို့လိုအပ်ပါတယ်။

နံပါတ် (၁) တင်သွင်းဖြန့်ချိသူရဲ့ လျှောက်လွှာလိုပါတယ်။ နံပါတ် (၂) NRA/FDA က ကာကွယ်ဆေးကို အသုံးပြုခွင့်ပေးတယ်ဆိုတဲ့ စာလိုပါတယ်။ နံပါတ် (၃) တင်သွင်းမယ့် ကုမ္ပဏီအကြောင်း၊ ကာကွယ်ဆေးထုတ်လုပ်တဲ့သူရဲ့ GNP Certificate တွေ လိုပါတယ်။ နံပါတ် (၄) ကာကွယ်ဆေးနဲ့ပတ်သက်တဲ့ တင်သွင်းမယ့် ထုတ်ကုန်ရဲ့ အချက်အလက်အကျဉ်း လိုပါတယ်။ နံပါတ် (၅) ကာကွယ်ဆေးတစ်ခုက ဘယ် Batch နဲ့ထုတ်တာလဲ၊ Lot နံပါတ်ဘယ်လောက်လဲ ဒါကိုသိခြင်းဖြင့် ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲဖြစ်ရပ်တွေ ဖြစ်လာပြီဆိုရင် ဒါနဲ့ဆက်ပြီး ခြေရာခံလိုက်စုံစမ်းရတာဖြစ်တဲ့အတွက် ဒါက အရေးကြီးပါတယ်။

နံပါတ် (၆) Clinical Trial လူမှာ စမ်းသပ်လုပ်ဆောင်ထားတယ်၊ ဒါနဲ့ပတ်သက်တဲ့ အချက်အလက်မှတ်တမ်းတွေ ထည့်ပေးရမှာဖြစ်ပါတယ်။ နံပါတ် (၇) ကာကွယ်ဆေးတွေပို့တဲ့ ကွန်တိန်နာပေါ်မှာ ကာကွယ်ဆေးနဲ့ပတ်သက်တဲ့ အချက်အလက်ကို ကတ်နဲ့ Label ဘယ်လို တပ်မယ်ဆိုတာကို ပြောရမှာဖြစ်ပါတယ်။ နံပါတ် (၈) ကာကွယ်ဆေး သိုလှောင်တဲ့ကိစ္စ၊ ကာကွယ်ဆေးဖြန့်ဖြူးတဲ့ ကိစ္စတွေမှာ ဘယ်လိုအစီအစဉ်နဲ့ လုပ်ထားတယ်ဆိုတာ ပြောရမှာ ဖြစ်ပါတယ်။

ကာကွယ်ဆေးက လူ့အသက်နဲ့ ဆိုင်တဲ့ကိစ္စတွေဖြစ်တဲ့အတွက် အလွန်အရေးကြီးပါတယ်။ အစားအသောက်တောင် အပူအအေးအပေါ် မူတည်ပြီး စားသုံးသူလက်ဝယ်အရောက် ပို့ဆောင်ရတာဖြစ်ပါတယ်။ အစားအသောက်ထက် အဆပေါင်းများစွာ အရေးကြီးတဲ့ လူ့အသက်နဲ့ဆိုင်တဲ့၊ ရောဂါတွေကို ကာကွယ်ပေးနိုင်စွမ်းရှိတဲ့ ကာကွယ်ဆေးတွေကို ပေါ့ပေါ့ဆဆ သိုလှောင်လို့၊ ပို့ဆောင်လို့၊ ထိုးနှံလို့ မရပါဘူး။

ကာကွယ်ဆေးတွေကို အသက် ၁၈ နှစ်အထက်တွေ ထိုးနှံရမယ်။ ကလေးတွေ ထိုးလို့မရပါဘူး။ ဆိုရှယ်မီဒီယာတွေမှာ တွေ့ရပါတယ်။ ကာကွယ်ဆေးတွေကို ရေခဲပုံးလိုမျိုးမှာထည့်ပြီး သာမန်ပစ္စည်းရောင်းချသလို ရောင်းချနေတယ်။ ဘယ်လိုထိုးရမှာလဲဆိုရင် တစ်ယောက်ကို ၁၀ ကြိမ် ဆိုပြီး ပြောဆိုနေတာတွေ ရှိပါတယ်။ ပြည်သူလူထုအတွက် အလွန်စိုးရိမ်မိပါတယ်။ ကာကွယ်ဆေးက သူ့ရဲ့ အအေးလမ်းကြောင်းစနစ်ကို သေသေချာချာ ထိန်းသိမ်းနိုင်မှသာ သတ်မှတ်ထားတဲ့အတိုင်း အာနိသင်ရှိမှာ ဖြစ်ပါတယ်။ အန္တရာယ်ကင်းမှာဖြစ်ပါတယ်။ ဒါမှသာ ကာကွယ်ဆေးရဲ့ စိတ်ချရမှု၊ ဘေးကင်းလုံခြုံမှုက အပြည့်အဝရှိမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ **အလွန်အရေးကြီးတဲ့ ကာကွယ်ဆေးတွေကို ရေခဲချောင်း ရောင်းသလို ရောင်းလို့မရပါဘူး။ အလွန်အန္တရာယ်များပါတယ်။ မလိုအပ်ဘဲ နောက်ဆက်တွဲဆိုးကျိုးတွေကို ဖြစ်နိုင်ပါတယ်။ ကာကွယ်ဆေးကို အအေးလမ်းကြောင်းတွေနဲ့ စနစ်တကျထားသိုဖို့လိုအပ်သလို ထိုးနှံရမယ့် အသက်အရွယ်၊ နောက်ခံရောဂါ အခြေအနေ၊ လက်ရှိခံစားနေရတဲ့ ရောဂါလက္ခဏာ၊ ကိုဗစ်-၁၉ ဖြစ်နေသလား၊ ရောဂါလက္ခဏာတွေ ပေါ်နေသလား စသဖြင့် ဒီလိုအချက်တွေပေါ် မူတည်ပြီးကျွမ်းကျင်တဲ့ လူတွေက စိတ်ချရမှ ကာကွယ်ဆေး ထိုးနှံပေးပါတယ်။**

ထိုးနှံတဲ့အခါမှာလည်း ကာကွယ်ဆေးနဲ့ပတ်သက်လို့ လေ့ကျင့်ပြီးသားလူက ထိုးနှံပေးရတာ ဖြစ်ပါတယ်။ အသားထဲရောက်ရင်ပြီးရော ထိုးလို့မရပါဘူး။ တချို့ကာကွယ်ဆေးက အသားထဲ ထိုးနှံရတာရှိတယ်။ အချို့ကာကွယ်ဆေးတွေက အရေပြားအောက်ကို ထိုးနှံရတာ ရှိတယ်။ အချို့ကာကွယ်ဆေးတွေက အရေပြားထဲကို ထိုးရတာ ရှိပါတယ်။ သို့သော် ကိုဗစ် – ၁၉ ကာကွယ်ဆေးက အသားထဲကို ထိုးနှံရတာဖြစ်ပါတယ်။

ကာကွယ်ဆေးတွေကို ထုတ်လုပ်ရတဲ့ ရည်ရွယ်ချက်ကိုက ကပ်ရောဂါတွေကို နှိမ်နင်းအောင်မြင်နိုင်ဖို့ ဖြစ်ပါတယ်။ ဒါ့အပြင် ကိုဗစ်-၁၉ ကာကွယ်ဆေးက အချိန်တိုအတွင်း ထုတ်လုပ်ရတာဖြစ်ပါတယ်။ ဒါ့ကြောင့် အခြားကာကွယ်ဆေးတွေနဲ့ ရောထိုးလို့မရပါဘူး။ အနည်းဆုံး နှစ်ပတ်ခြားပြီးမှ ထိုးရမှာဖြစ်ပါတယ်။ ဒါတွေကိုလည်း ကာကွယ်ဆေးမထိုးခင်မှာ မေးမြန်းရမှာ ဖြစ်ပါတယ်။ မှန်ကန်တဲ့နည်းစနစ်နဲ့ ထိုးနှံရမှာဖြစ်သလို ထိုးနှံပြီးပစ္စည်းတွေကိုလည်း စနစ်တကျ စွန့်ပစ်ရမှာဖြစ်ပါတယ်။ ထိုးနှံပြီးသွားရင်လည်း နောက်ဆက်တွဲလက္ခဏာတွေ ဖြစ်ပွားမှု ရှိ၊ မရှိ နာရီဝက်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲ လက္ခဏာတွေဖြစ်တယ်ဆိုတာက ၁၅ မိနစ်က မိနစ် ၂၀ အတွင်း ဖြစ်တာများပါတယ်။ မြန်မြန်ဆန်ဆန်သိရှိပြီး လိုအပ်တဲ့ကုသမှုတွေ ပေးနိုင်ဖို့အတွက် ကာကွယ်ဆေးထိုး စုရပ်တိုင်းမှာ ကာကွယ်ဆေးထိုးနှံပေးမယ့် လူဦးရေအပေါ်မူတည်ပြီး အရေးပေါ်ဆေးသေတ္တာတွေကို အများကြီး ထားရှိပေးထားပါတယ်။ တစ်ခုခုဖြစ်ပြီဆိုရင် ချက်ချင်းကုသမှုပေးနိုင်အောင် ဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးပြီးနောက် ပြင်းထန်နောက်ဆက်တွဲဖြစ်ပွားမှုက လူတစ်သန်းမှာ တစ်ယောက်ကနေ သုံးယောက်လောက်ပဲဖြစ်ပေမယ့် ဒီတစ်ယောက်ကနေ သုံးယောက်ကိုလည်း အဖြစ်မခံနိုင်ပါဘူး။

အခုထိုးနှံပေးနေတဲ့ Sinophram (Beijing) နဲ့ Sinovac က ကာကွယ်ဆေးထဲမှာ ဘေးအကင်းဆုံးအုပ်စုထဲမှာ ပါဝင်ပါတယ်။ ကာကွယ်ဆေး ထုတ်လုပ်တဲ့ ရှေးရိုးနည်းအတိုင်း ထုတ်လုပ်ထားတာ ဖြစ်တဲ့အတွက် သူနဲ့ပတ်သက်ပြီး ပြင်းထန်နောက်ဆက်တွဲဆိုတာ မရှိသလောက်နည်းပါတယ်။

ကာကွယ်ဆေးကို အသက် ၁၈ နှစ်ကနေ အသက်ကန့်သတ်ချက်မရှိ ထိုးနှံနိုင်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ Sinopharm ၊ Sinovac နဲ့ပတ်သက်တဲ့ လမ်းညွှန်ချက်တွေမှာ တိတိကျကျ ပြောကြားထားပြီး ဖြစ်ပါတယ်။ အချို့တွေက စိုးရိမ်တယ်။ ဒီဆေးတွေဟာ အသက် ၁၈ နှစ်က အသက် ၆၀ ထိုးနှံရတာမဟုတ်ဘူးလား၊ အသက် ၆၀ အထက်တွေကို ထိုးနှံတာဟာ ဆေးစမ်းနေတာလားဆိုပြီး ထင်တတ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး အသက် ၁၈ နှစ်နဲ့အထက် အသက်ကန့်သတ်ချက်မရှိ ထိုးနှံနိုင်တယ်ဆိုတာကို တစ်ဆက်တည်း ပြောကြားလိုပါတယ်။

**ကာကွယ်ဆေး စနစ်တကျထိုးနှံဖို့က ဘယ်လောက်အရေးကြီးတယ်ဆိုတာကို သိပြီဆိုရင် ကာကွယ်ဆေးတင်သွင်းဖြန့်ချိမယ့်ကိစ္စကို အထူးသတိထားပြီး လုပ်ဆောင်ရမယ်ဆိုတာကို သိစေချင်ပါတယ်။ ဒါ့ကြောင့် လက်ရှိအနေအထားမှာ FDA က ကာကွယ်ဆေးတင်သွင်းဖို့ အသိအမှတ်ပြုထားတဲ့ ကုမ္ပဏီ နှစ်ခုပဲ ရှိပါသေးတယ်။ တစ်ခုက တရုတ်ကုန်သည်ကြီးများအသင်းက Sino-pharm ကာကွယ်ဆေး တင်သွင်းဖို့အတွက် ခွင့်ပြုချက်တောင်းထားတာဖြစ်ပြီး နောက်ကုမ္ပဏီတစ်ခုက အိန္ဒိယနိုင်ငံ Bharat Institute ကနေ ထုတ်တဲ့ covaxin ကာကွယ်ဆေး တင်သွင်းဖို့အတွက် ခွင့်ပြုချက် တောင်းထားတာဖြစ်ပါတယ်။ ဒီနှစ်မျိုးကလွဲပြီး FDA က ခွင့်ပြုချက် ပေးထားတာမရှိပါဘူး ဆိုတာကို သိစေချင်ပါတယ်။ ဒီကုမ္ပဏီ နှစ်ခုကလည်း လောလောဆယ်ကာကွယ်ဆေး တင်သွင်းနိုင်ခြင်း မရှိသေးပါဘူး။**

ဒါကြောင့် ဈေးကွက်တွေထဲမှာ ခွင့်ပြုချက်ပေးထားတယ်။ ကာကွယ်ဆေးရနေပြီ၊ ဘယ်လောက်နဲ့ ထိုးနှံနိုင်တယ် စသဖြင့်တွေဟာ တရားဝင်မဟုတ်ပါဘူး။ ဆေးဝါးဥပဒေအရ အရေးယူခံရနိုင်ပါတယ်။ ကာကွယ်ဆေးတွေက လူ့အသက်နဲ့ဆိုင်တဲ့အတွက် လူသုံးကုန်ပစ္စည်းရောင်းဝယ်သလို ရောင်းဝယ်လို့ မရပါဘူး။

အချုပ်အားဖြင့် ကာကွယ်ဆေး ထိုးထားရင် ကိုဗစ်-၁၉ ကြောင့် ရောဂါပြင်းထန်စွာဖြစ်ပွားမှု၊ ဆေးရုံတက်ရောက်ရမှု၊ သေဆုံးမှုတွေက ကာကွယ်နိုင်တာ အသေအချာပဲ ဖြစ်ပါတယ်။ ကာကွယ်ဆေး မထိုးထားတဲ့သူတစ်ယောက်ဟာသူတစ်ယောက်တည်းပဲ အန္တရာယ်ရှိနေနိုင်တာ မဟုတ်ပါဘူး။ ကိုဗစ် – ၁၉ ရောဂါပိုး ကူးစက်ခံရရင် ရောဂါပြင်းထန်စေနိုင်သလို သူများကိုလည်း ရောဂါပိုးဖြန့်ဖြူးသူ ဖြစ်နိုင်ပါတယ်။ ဒါ့အပြင် ကာကွယ်ဆေးမထိုးထားသူဟာ ဗီဇပြောင်းပိုးတွေ ပေါက်ဖွားဖို့ စက်ရုံကြီးသဖွယ်လည်း ဖြစ်ပါတယ်လို့ ပညာရှင်တွေက ပြောထားပါတယ်။

*စာမျက်နှာ ၁၈ သို့*

# ရဲတပ်ဖွဲ့ဝင်တွေက တွန်းချခဲ့ခြင်းမျိုးလည်း မရှိပါဘူး။ ခုနစ်ချသွားတဲ့ ငါးယောက်ထဲက ကိုမင်းသစ္စာအောင်၊ ကိုရဲမင်းဦး၊ ကိုယံယံတို့က မူးယစ်ဆေးသုံးစွဲတာမျိုး ရှိပါတယ်

## သီဟကောင်းဆက်

နေပြည်တော် ဩဂုတ် ၁၂

**ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပစ္စည်းများ သိုဝှက်ထားရှိကြောင်း သတင်းအရ ဩဂုတ် ၁၁ ရက် ညနေ ၃ နာရီ ၄၅ မိနစ် ခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝင်ရောက်ရှာဖွေစဉ် တရားခံအမျိုးသား နှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။**



ပိုးကျော့ကျော့ခန့်



သီဟကောင်းဆက်

၎င်းတို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးမေးမြန်းခဲ့ရာ ဖမ်းဆီးရမိတရားခံ ပိုးကျော့ကျော့ခန့်က "ကျွန်မနာမည်က မပိုးကျော့ကျော့ခန့်ပါ။ မှတ်ပုံတင်နံပါတ်က ၁၂/သလန (နိုင်) ၁၄၆၄၈၇ ၊ အဖနာမည်က ဦးဇော်မင်းထွေး၊ နေရပ်လိပ်စာက အမှတ် B/၆၁၊ သဇင်(၅)လမ်း၊ အေးသာယာရပ်ကွက်၊ အောင်ချမ်းသာ၊ သန်လျင်မြို့ ဖြစ်ပါတယ်။

"တစ်ပတ်မှာ ၂ ရက်၊ ၃ ရက်လောက် ဖောက်ခွဲရေးနဲ့ပတ်သက်ပြီး၊ သပိတ်နဲ့ ပတ်သက်ပြီး အစည်းအဝေးလည်း လုပ်ဖြစ်ပါတယ်။ ဩဂုတ်လ ၁၀ ရက်နေ့က ဗလနဲ့ညီမက ဈေးသွားပြီး ပြန်ရောက်ရောက်ချင်းမှာ လုံခြုံရေးကားရောက်နေတယ်ဆိုတော့ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ပါတယ်။ နောက်ပေါက်မရှိတော့ အောက်ထပ်က ပြတင်းပေါက်ကနေ ခုန်ချဖို့ ကြည့်တော့ တံခါးဖွင့်လို့မရဘူး။ ဒါနဲ့ အပေါ်ဆုံးထပ် ပြတင်းပေါက်ကနေ ကိုရဲမင်းဦးက ပထမဆုံး ခုန်ချလိုက်တယ်။ ပြီးတော့ နောက်လူတွေ ထပ်ပြီး ခုန်ချတယ်။ ခုန်ချတဲ့အထဲမှာ ကိုရဲမင်း၊ ဗလ၊ ကိုဝေဇော်ထက်၊ ကိုဝေယံထက်၊ မဝေဝေမြင့်ရယ်ပါတယ်။ ညီမကလည်း ခုန်ချဖို့ လုပ်ပါသေးတယ်။ ညီမခုန်ချခါနီးမှာ အောက်ကိုကြည့်လိုက်တော့ အကုန်လုံးက သွေးထွက်သံယိုတွေ ဖြစ်နေတော့ ညီမလည်း ခုန်ချလိုက်ရင် ညီမကလေးလည်း တစ်ခုခုဖြစ်သွားမှာစိုးလို့ မခုန်ချဖြစ်လိုက်ပါဘူး။

"လုံခြုံရေးတပ်ဖွဲ့ဝင်တွေက တွန်းချတာ မရှိပါဘူး။ ညီမခုန်ချဖို့ လုပ်တာကို သူတို့က ပြန်တက်ဖို့အတွက် ပြန်ဆွဲခေါ်ပါတယ်။ ခုန်ချတဲ့ ၅ ယောက်ထဲမှာ ဗလ၊ ကိုရဲမင်းဦး၊ ကိုဝေယံထက်တို့က မူးယစ်ဆေးဝါး သုံးစွဲထားပါတယ်။ ကျန်တဲ့သူတွေက သုံး မသုံး မသိပါဘူး။ ဒီကိုရောက်တော့ ညီမကို ရိုက်နှက်တာတွေ မရှိပါဘူး။ မင်းသစ္စာအောင် မူးယစ်ဆေးဝါးသုံးတာကို တွေ့ပါတယ်။ ဩဂုတ်လ ၁၀ ရက်နေ့မှာ ညီမတို့နဲ့အတူ Steel ပိုက်တွေ၊ Smoke ဗုံး၊ ယမ်း၊ ရီမုမိုင်း လုပ်ဖို့အတွက် အခွံအလုံး ၂၀ လောက်နဲ့ အတူမိပါတယ်။ ညီမက ပထမတစ်ခေါက် ဗိုလ်တထောင်နားမှာ ဖောက်ခွဲရေး လုပ်ပါတယ်။ ဒုတိယတစ်ခေါက်က Micro။ တတိယတစ်ခေါက်မှာတော့ Custom ထဲကို မိုင်းဖောက်ခွဲတာကို သိရပါတယ်။ စတုတ္ထတစ်ခေါက်မှာ ၅၁ လမ်းက Custom ထဲလို့ သိရပါတယ်။ အဲဒီမှာ နှစ်လုံးသွားထားတာ မပေါက်ကွဲလိုက်ပါဘူး။ ၅ ကြိမ်မြောက်က မော်တော်ပီကယ်ရုံးလို့ သိရပါတယ်။ ၆ ကြိမ်မြောက်ကတော့ ၈ ရက်နေ့က ပုဇွန်တောင်ဈေးရှေ့မှာ ဖောက်ခွဲတဲ့အကြောင်း သိရပါတယ်။ ညီမ သိသလောက်ကတော့ အဲဒီ ခြောက်ကြိမ်ပဲ သိရပါတယ်။ တကယ်လုပ်တာတော့ ဘယ်နှကြိမ်မှန်း မသိဘူး။ ညီမသိတာတော့ ခြောက်ကြိမ်ပဲသိတယ်။

"ညီမတို့ စားဖို့သောက်ဖို့၊ နေဖို့၊ ဖောက်ခွဲရေးလုပ်ဖို့တွေကို ထောက်ပံ့ပေးတာက မဝေဝေမြင့်က ထောက်ပံ့ပေးတာလို့ သိရတယ်။ သူနဲ့ NUG ၊ CRPH ချိတ်ဆက်မိလားတော့ ညီမ မသိဘူးရှင့်။ မင်းသစ္စာအောင် (ခ) ဗလ၊ ရဲမင်းဦး၊ ကိုဝေထွန်းတို့က ပြောက်ကျားသပိတ်လုပ်ဖို့အတွက် အစည်းအဝေးလုပ်တာလို့ ကြားရတယ်။ ဩဂုတ်လ ၈ ရက်နေ့မှာ ညီမတို့ နေအိမ်မှာ ဖောက်ခွဲမှုအတွက် လက်လုပ်မိုင်းတွေ လာရောက်လုပ်ဆောင်သွားတာကို သိရပါတယ်။ ပုဇွန်တောင်ဈေးကို ဖောက်ခွဲဖို့အတွက် လာလုပ်သွားတယ်လို့ သိရပါတယ်" ဟု ထွက်ဆိုခဲ့သည်။

ဆက်လက်၍ သီဟကောင်းဆက်အား စစ်ဆေးချက်အရ "ကျွန်တော့်နာမည်က မောင်သီဟကောင်းဆက်ပါ။ အသက်က ၂၀ ပါ။ မှတ်ပုံတင်က ၁၂/ပဇတ (နိုင်) ၀၃၆၉၅၁ ပါ။ အဖနာမည်က ဦးမြင့်ဦးလေးပါ။ နေရပ်လိပ်စာက အမှတ် ၈၂၊ မင်္ဂလာသီရိ လမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်ပါ။ ဩဂုတ်လ ၁၀ ရက်နေ့က ၆ ရပ်ကွက်၊ အိမ်နံပါတ်(၃၈) မှာ ကျွန်တော်၊ မင်းသစ္စာအောင်၊ ပိုးကျော့ကျော့ခန့်၊ ဝေဝေမြင့်၊ Brother ဝေ (ခ) ဝေကြီး၊ ယံယံ၊ ဝေထွန်း၊ ရဲမင်းဦး၊ ဖလက်(ရှ်)တို့ ရှိနေကြပါတယ်။ မင်းသစ္စာအောင် ငှားပေးထားတဲ့အိမ်မှာ ကျွန်တော်တို့အားလုံး စုနေကြပါတယ်။ တစ်ပတ်မှာ သုံးကြိမ်လောက် အစည်းအဝေးတွေ လုပ်ကြပါတယ်။ ဆွေးနွေးတာတွေ လုပ်ကြပါတယ်။ ဖောက်ခွဲဖို့ တိုင်ပင်တာလည်း လုပ်ကြပါတယ်။ ရုံဖန်ရံခါမှာ စည်သူ၊ အားကျယ် စတဲ့ ညှော်သည်မျိုးတွေ လာတာလည်း ရှိကြပါတယ်။ ကျွန်တော်တို့ အဲဒီအိမ်မှာနေတာ နှစ်လလောက်ရှိပါပြီ။

"ကျွန်တော်တို့ ကမ်းနားလမ်း Custom ရုံးကို ဖောက်ခွဲပါတယ်။ မဟာဗန္ဓုလလမ်းပေါ်က Custom အိမ်ရာကို ဖောက်ခွဲပါတယ်။ ပြီးတော့ Micro ကားပါကင်ကို ဖောက်ခွဲပါတယ်။ အ.ထ.က (၅) ဗိုလ်တထောင်မှာ ဖောက်ခွဲပါတယ်။ လသာမြို့နယ် ယာဉ်ထိန်းရုံး တစ်ခုကို ဖောက်ခွဲပါတယ်။ ပြီးတော့ ပုဇွန်တောင်မြို့နယ်က ဆားလင်းကြီး ဘုန်းကြီးကျောင်း ဘေးမှာလည်း ဖောက်ခွဲမှုတွေ ပြုလုပ်ခဲ့ပါတယ်။ စုစုပေါင်း ဖောက်ခွဲမှု ခုနစ်ခုပြုလုပ်ခဲ့ပါတယ်။ ဖောက်ခွဲရေးပစ္စည်းတွေကို ဆင်တဲ့အခါမှာ ကျွန်တော်၊ အားကျယ်၊ စည်သူတို့က ဆင်လေ့ရှိပြီး ကောင်းမြတ်စံက သွားရောက်ဖောက်ခွဲလေ့ရှိပါတယ်။

"အဲဒီနေ့ မနက်က ကိုမင်းသစ္စာအောင် ငှားစီးနေကျ Taxi ဆရာက မနက် ၉ နာရီလောက်မှာ ဖုန်းဆက်လာပါတယ်။ ဒါနဲ့ ကိုမင်းသစ္စာအောင်က Taxi ဆရာ ဖုန်းဆက်တာကို မသင်္ကာဖြစ်တယ်ဆိုပြီး ကျွန်တော်တို့ကို ပြောပါတယ်။ ဒါနဲ့ ဝေဖြိုးလေးကို Scout အနေနဲ့ လမ်းထိပ်ကိုထွက်ပြီး Taxi ဆရာကို ကြည့်ခိုင်းပါတယ်။ မကြာခင် ဝေဖြိုးလေးဆီက အဆက်အသွယ်မရတော့ပါဘူး။ အဲဒီအချိန်မှာပါပဲ လမ်းထဲကို ကားတစ်စီး ဝင်လာပါတယ်။ ဝရန်တာမှာရှိနေတဲ့ ကိုရဲမင်းဦးက လာနေပြီ....လာနေပြီဆိုပြီး အော်ပြောတဲ့အတွက် ကျွန်တော်တို့ အိမ်အပေါ်ထပ်ကို ပြေးတက်ခဲ့ပါတယ်။ ကိုဝေထွန်းရယ်၊ ဖလက်(ရှ်)က အိမ်ရှေ့ဝရန်တာက ထွက်ပြေးဖို့လုပ်ပါတယ်။ အဲဒီအချိန် သေနတ်တစ်ချက်ဖောက်ပါတယ်။ ဒါနဲ့ ကျွန်တော်လည်း အနောက်ကို ထွက်ပြေးလာပါတယ်။ ကျွန်တော်အနောက်ကိုထွက်ပြေးလာတဲ့အချိန်မှာ ကိုရဲမင်းဦး၊ မင်းသစ္စာအောင်၊ ဝေဝေမြင့်၊ ယံယံ၊ ကိုဝေကြီးတို့က သုံးထပ်တိုက်ပေါ်က ခုန်ချခဲ့တာဖြစ်ပါတယ်။

"ကျွန်တော့်ကို ရဲတပ်ဖွဲ့ဝင်တွေက တားဆီးခဲ့တဲ့အတွက် ခုန်ချနိုင်ခဲ့ခြင်း မရှိပါဘူး။ ရဲတပ်ဖွဲ့ဝင်တွေက တွန်းချခဲ့ခြင်းမျိုးလည်း မရှိပါဘူး။ ခုန်ချသွားတဲ့ ငါးယောက်ထဲက ကိုမင်းသစ္စာအောင်၊ ကိုရဲမင်းဦး၊ ကိုယံယံတို့က မူးယစ်ဆေးသုံးစွဲတာမျိုး ရှိပါတယ်။ ကျန်တဲ့ နှစ်ယောက်ကတော့ သုံးစွဲခြင်း ရှိ မရှိ မသိပါဘူး။ သေသွားတာက နှစ်ယောက်လို့ ကျွန်တော်ကြားရပါတယ်။ သုံးယောက်ကတော့ ဒဏ်ရာရတယ်လို့ ကြားရပါတယ်။ ကျွန်တော်တို့ ဖမ်းဆီးခံရတဲ့အချိန်မှာ ဖမ်းဆီးရမိတဲ့ ပစ္စည်းတွေက ချိန်ကိုက်ဗုံးလုပ်ဖို့အတွက် ဗုံးခွံ အခု ၂၀၊ ယမ်းတွေ၊ Smoke ဗုံးတွေ၊ အုန်းဆံကြိုးတွေ၊ မီးထုပ်တွေ ဒါတွေအားလုံးက နောက်ထပ် ဖောက်ခွဲမှုတွေ ပြုလုပ်ဖို့အတွက် ကျွန်တော်တို့ သိမ်းထားတဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။

"ဖောက်ခွဲရေးပစ္စည်းတွေဝယ်ဖို့၊ ရဖို့၊ သွားစရိတ်၊ လာစရိတ်၊ သုံးစရိတ်တွေအတွက် မဝေဝေမြင့်က ထောက်ပံ့ပေးပါတယ်။ သူက CRPH ၊ NUG တို့လို အဖွဲ့အစည်းတွေနဲ့ ဆက်စပ်မှုရှိတယ်လို့ ကျွန်တော်ထင်ပါတယ်။ အတိအကျတော့ ကျွန်တော်လည်း မသိဘူး။ ကျွန်တော်က ဖေဖော်ဝါရီလလောက်ကစပြီး နည်းပညာတက္ကသိုလ် ကျောင်းသားသပိတ်တွေ၊ လေကြောင်းတက္ကသိုလ် ကျောင်းသားသပိတ်တွေမှာ ပါဝင်ခဲ့ပါတယ်။ ပြီးတော့ ပြောက်ကျားသပိတ်တွေမှာလည်း ပါဝင်ခဲ့ပြီး ဗီဒီယိုရိုက်ကူးတာတွေ၊ ဓာတ်ပုံရိုက်ကူးတာတွေ လုပ်ခဲ့ပါတယ်။ ရလာတဲ့ ဗီဒီယို၊ ဓာတ်ပုံ၊ Record တွေကို မင်းသစ္စာအောင်ကို ပို့ပေးရပါတယ်။ သူကတစ်ဆင့် Facebook Page တွေကို တင်တာမျိုးတွေ လုပ်ပါတယ်" ဟု ထွက်ဆိုခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် တရားခံ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့နှင့်အတူ ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ပြီး တိုက်ခန်းပေါ်မှ ခုန်ချထွက်ပြေးရန် ကြိုးစားသူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး သေဆုံးကာ အမျိုးသား သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၇ မှ*

ကာကွယ်ဆေးမထိုးထားရင် အလွန်အန္တရာယ်ရှိပါတယ်။ နိုင်ငံတော်အစိုးရက ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်မှာ အကျုံးဝင်တဲ့လူတွေ၊ ဦးစားပေးလူအုပ်စုတွေအနေနဲ့ ထိုးနှံပါတယ်။ ပုဂ္ဂလိကကဏ္ဍကလည်း မိမိနိုင်ငံ၊ မိမိတိုင်းသူပြည်သားတွေအတွက်၊ တစ်မြေတည်းနေ တစ်ရေတည်းသောက် မိမိရဲ့သွေးချင်းတွေအတွက် အရည်အသွေးမီတဲ့ ကာကွယ်ဆေးတွေကို တင်သွင်းဖြန့်ချိပါ။

**အရည်အသွေးပြည့်မီတဲ့ ကာကွယ်ဆေးတွေက ဘာလဲဆိုရင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရေးပေါ်အသုံးပြုခွင့်ပေးထားတဲ့ ကာကွယ်ဆေးတွေဖြစ်ပါတယ်၊ တင်သွင်းလို့ရပါတယ်။ နောက်တစ်ခုက ထုတ်လုပ်တဲ့နိုင်ငံရဲ့ FDA က အသိအမှတ်ပြုထားတဲ့ ကာကွယ်ဆေးတွေ တင်သွင်းလို့ရပါတယ်။ နောက်တစ်မျိုးက ထုတ်လုပ်တဲ့နိုင်ငံက သက်ဆိုင်ရာ FDA က အရေးပေါ်အသုံးပြုခွင့်ပေးထားတဲ့ ကာကွယ်ဆေးတွေ တင်သွင်းလို့ရပါတယ်။ ဒီအချက် ၃ ချက်ထဲက တစ်ခုခုနဲ့ ကိုက်ညီတဲ့ ကာကွယ်ဆေးတွေကို ပုဂ္ဂလိကလုပ်ငန်းရှင်တွေက တင်သွင်းဖြန့်ချိပါ။ ပြည်သူတွေကို မျှတတဲ့ဈေးနှုန်းတွေနဲ့ ဖြန့်ဝေပြီး စနစ်တကျ ထိုးနှံပေးပါ။**

ဒီလိုထိုးနှံတဲ့အခါ အရေးအကြီးဆုံး တစ်ချက်ကကာကွယ်ဆေးတွေကိုမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် ကိုဗစ်ကြီးကြပ်ရေးကော်မတီတွေနဲ့ ဆက်သွယ်ပြီး အချက်အလက်တွေကို ဖြည့်ရမှာဖြစ်ပါတယ်။ ဒီလိုဖြည့်ထားခြင်းအားဖြင့် နိုင်ငံမှာ ကာကွယ်ဆေးထိုးနှံပြီးသူ ဘယ်လောက်တိုးလာတယ်။ ပုဂ္ဂလိကကဏ္ဍက ထိုးနှံပေးတဲ့အတွက် ဘယ်လောက်တက်သွားပြီ ဒါကိုလည်းသိနိုင်သလို ကာကွယ်ဆေးထိုးနှံပြီးနောက် တစ်စုံတစ်ခု နောက်ဆက်တွဲတွေ ဖြစ်ပေါ်ရင် အမြန်ဆုံး ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

ထိုးနှံပြီးရင် ကာကွယ်ဆေးထိုးနှံပြီးကြောင်း ကတ်ထုတ်ပေးမှာဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍအနေနဲ့ ထုတ်ပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီတော့ Vaccine Management Information System လို့ခေါ်တဲ့ ကာကွယ်ဆေးထိုးနှံခြင်းနဲ့ဆိုင်တဲ့ အချက်အလက်တွေကို ထိန်းချုပ်တဲ့စနစ်နဲ့ ချိတ်ဆက်ပြီး လုပ်ကိုင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကိုဗစ်ထိန်းညှိရေးကော်မတီနဲ့ ဆက်သွယ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးလုပ်ငန်း အောင်မြင်ဖို့ဆိုတာ နိုင်ငံတော်အစိုးရနဲ့ တိုင်းသူပြည်သားတွေ ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ တိုင်းသူပြည်သားဆိုရာမှာ ကာကွယ်ဆေး တင်သွင်းဖြန့်ချိသူတွေလည်း ပါပါတယ်။ မိမိတတ်နိုင်တဲ့ကဏ္ဍက အချိုးညီညီ၊ ဟန်ချက်ညီညီ ဒီတာဝန်ကို ဝိုင်းကူပြီး ထမ်းလိုက်မယ်ဆိုရင် ကာကွယ်ဆေးလွှမ်းခြုံနိုင်မှု အမြန်ဆုံးပြည့်မီပြီး နိုင်ငံသူ၊ နိုင်ငံသားတွေ ရောဂါမှ ဝေးကွာအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ခေတ်အဆက်ဆက်မှာ ကပ်ရောဂါတွေကို လူသားတွေကပဲ အနိုင်ယူခဲ့တဲ့ အစဉ်အလာရှိပြီး ဖြစ်ပါတယ်။ ကျွန်မတို့ လူသားတွေပဲ ကိုဗစ် – ၁၉ ကပ်ရောဂါကို မကြာခင်အနိုင်ယူနိုင်မှာ ဖြစ်ပါတယ်။ ယခုလက်ရှိအခြေအနေမှာလည်း ရောဂါဖြစ်ပွားမှုက တချို့နေရာတွေမှာ ယခင်နဲ့နှိုင်းစာရင် ၄၅ ရာခိုင်နှုန်းအထိ ကျဆင်းနေပြီဆိုတာကို သတင်းကောင်းပေးလိုပါတယ်။ ကာကွယ်ဆေးထိုးနှံသင့်တဲ့ လူတိုင်း ထိုးနှံခွင့်ရရှိစေဖို့အတွက် အစိုးရနဲ့ ပြည်သူ၊ အားလုံးပူးပေါင်းဆောင်ရွက်လိုက်မယ်ဆိုရင် မကြာမီအချိန်အတွင်းမှာ ရောဂါကို ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ မအောင်မြင်နိုင်စရာ မရှိပါဘူး။ အားလုံးအတူ ပူးပေါင်းလုပ်ဆောင်ကြပါစို့လို့ ကျွန်မအနေနဲ့ တိုက်တွန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၈-၂၀၂၂ သောကြာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | စစ်ကိုင်းမြို့ဓာက်ဆောင် ကြိမ်လက်မှုပညာ |
| ၀၉:၁၀ | မျက်မှောက်ရေးရာ အစြာစြာ |
| ၀၉:၄၀ | Soccer View |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၁:၀၀ | အတွေးအမြင် (အပိုင်း-၇) |
| ၁၁:၁၀ | MRTV National News |
| ၁၅:၀၀ | Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ '**တတ္တဝေဒဘာသာရပ်**' |
| ၁၆:၃၅ | Weekly Sports Info |
| ၁၇:၄၀ | ရောင်စဉ်ကင်းလို့တစ်သားတည်းအတူ အဖြူရောင်နှလုံးသားများနဲ့ဖေးလို့ကူ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၁၀ | သုတဝေဖြာ သီရိဝေဟာ |
| ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ '**နှလုံးသားခေါ်ဆောင်ရာ**' (အပိုင်း-၄၄) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | '**ဝဿာန်မိုးရာသီ**' တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ် |
| ၂၂:၂၀ | ပြည်သူ့နီတိ '**ပင်အို**' |

### mitv

| | |
|---|---|
| 07:01 | News |
| 07:27 | Kyun Nawt Htar Nay Bagan Pyay (Ye Htike) |
| 07:34 | Taung Byone Nat Festival (Ep-2) |
| 08:01 | Dances of Myanmar: Mon Farmer Choral Dance |
| 08:10 | Moyingyi Wildlife Sanctuary |
| 08:30 | Sayit-wyne Girls |
| 08:53 | Wholesale Fish |
| 09:01 | The Lives of Stone Slab and Mortar Makers |
| 09:19 | Pyin Oo Lwin Sweater |
| 09:27 | Myanmar Marionette |
| 09:56 | Dances of Myanmar (Akha Traditional Dance) |
| 10:27 | Myanmar Childhood Games (Episode-2) |
| 11:00 | Karaweik Palace - A Symbol Of Glorious Myanma Culture |
| 11:17 | Ywar Thit's Monhinkhar |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
သူတို့ဘဝ သူတို့ရိုးရာ

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကွမ်းသီးလုပ်ငန်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
အလှပြာဝေ မြောင်းမြမြေ

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ

**ချင်း (ဖလမ်း) (၁၁:၀၀ မှ ၁၂:၀၀)**
အသားအရေလှပစေရန် လုပ်ဆောင်သင့်သည့်အရာများ

**ချင်း (ဆီး) (၁၂:၀၀ မှ ၁၃:၀၀)**
ရှေးခေတ်ချင်း(ဆီး)တို့၏ မေတ္တာမျှတေး

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မုန့်ဖက်ထုပ်ပြုလုပ်နည်း

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ပြုံးပဒေသာ

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရွှေချမ်းသာဖောင်တော်ဦးဘုရားပွဲတော်

**ပအိုဝ်း (၁၉:၀၀ မှ ၂၁:၀၀)**
ပိုးမွေးမြူရေးလုပ်ငန်းအကြောင်း

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
အဆာပြေမုန့်လုပ်စားကြမယ်

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃) |
| ၁၁:၀၀ | ဥပဒေရေးရာ အဖြာဖြာဇာတ်လမ်းတို '**ကျောင်းမုန့်ဖုန်တက်စာမေးပွဲ**' |
| ၁၁:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၄) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

◆ *ကျော်ဖုံးမှ*

ယနေ့ပွဲစဉ်တွင် ချယ်ဆီးအသင်းသည် အားထားရသည့် မန်ဒီ၊ ဇူးမာ၊ ရူဒီဂါ၊ အိုဗွိုင်း၊ ကန်တီ၊ ကိုဗာဆစ်၊ အလွန်ဆို၊ ဇီယက်၊ ဟာဗက်ဇ်၊ ဝါနာတို့ကို အသုံးပြုကာ ပွဲထွက်လာခဲ့သည်။ ပြိုင်ဘက် ဗီလာရီးရဲအသင်းကလည်း အဓိက ကစားသမားများဖြစ်သည့် တောရက်စ်၊ ဖွိုက်၊ မိုရီနို၊ ကာပိုအူ၊ ပီနို၊ ဒီယာတို့ဖြင့် ချယ်ဆီးအသင်းကို ရင်ဆိုင်လာခဲ့သည်။ ဗိုလ်လုပွဲစဉ်ဖြစ်သည်နှင့်အညီ ပွဲစသည်နှင့် အကြိတ်အနယ်ရှိသည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

ဦးဆောင်ဂိုးကို ချယ်ဆီးအသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၂၇ မိနစ်တွင် ဟာဗက်ဇ်၏ ဖန်တီးပေးမှုမှ တစ်ဆင့် ဇီယက်က သွင်းယူပေးနိုင်ခဲ့သည်။

ဗီလာ ရီးရဲအသင်းသည် ချယ်ဆီးအသင်းဘက်သို့ ထိရောက်သည့် ဂိုးပေါက်ကန်သွင်းမှု ရှိခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိသောကြောင့် ပထမပိုင်းကို ချယ်ဆီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ဗီလာရီးရဲအသင်းသည် ကစားအားတက်လာပြီး ပွဲချိန် ၇၃ မိနစ်တွင် ချေပဂိုးရရှိခဲ့သည်။ အဆိုပါ ချေပဂိုးကို ဒီယာ၏ ဖန်တီးပေးမှုမှတစ်ဆင့် မိုရီနိုက သွင်းယူပေးနိုင်ခဲ့သည်။

ထို့နောက် ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပိုတွင်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရခြင်းဖြစ်သည်။ ပယ်နယ်တီအဆုံးအဖြတ်တွင် ချယ်ဆီးအသင်းမှ ဟာဗက်ဇ် တစ်ဦးသာ လွဲချော်ခဲ့ပြီး ဗီလာရီးရဲအသင်းမှ အစ်ဆာမန်ဒီနှင့် အယ်ဘီယိုတို့ ဂိုးဝင်အောင် သွင်းယူနိုင်ခြင်း မရှိသောကြောင့် ချယ်ဆီးအသင်းက ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ချယ်ဆီးအသင်းသည် အဆိုပါဖလားကို ၁၉၉၈-၉၉ တွင် တစ်ကြိမ်ဆွတ်ခူးထားနိုင်ပြီး ယခုအကြိမ်သည် အသင်းအတွက် ဒုတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခြင်းဖြစ်သည်။ ယနေ့ပွဲစဉ်တွင် ချယ်ဆီးနည်းပြ တူချယ်သည် အချိန်ပို ဒုတိယပိုင်းပွဲချိန်ပြီးခါနီးတွင် နည်းစနစ်ပိုင်းအရ အသင်းမှ ပွဲထွက်ဂိုးသမား မန်ဒီကို ထုတ်ပယ်ကာ ကီပါဖြင့် အစားထိုးခဲ့သည်။ ကီပါသည် ပယ်နယ်တီအဆုံးအဖြတ်တွင် ဗီလာရီးရဲအသင်းမှ အစ်ဆာမန်ဒီနှင့် အယ်ဘီယိုတို့၏ ကန်သွင်းချက်များကို ကာကွယ်နိုင်ခဲ့သည်။ ထို့ကြောင့် နည်းပြ တူချယ်၏ ဆုံးဖြတ်ချက် မှန်ကန်ခဲ့သည်ဟုဆိုနိုင်ပေသည်။

တူချယ်၏ ချယ်ဆီးအသင်းသည် ဩဂုတ် ၁၄ ရက်တွင် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ထို့နောက် ချယ်ဆီးအသင်းသည် အာဆင်နယ်၊ လီဗာပူး၊ မန်စီးတီး စသည့်အသင်းကြီးများနှင့် ရင်ဆိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၈ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၀၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၀၉၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၀၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၀၉၆၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၄၀ | ကျပ် | ၁၀၆၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၄၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၉၅ | ကျပ် | ၁၁၀၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၁၅ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၇ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၁၆ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၉၈၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၉၄ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၉၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၄ . ၈၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၂ . ၂၁၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၃ | ၂၇၀၀၀ |
| MTSH | ၃၂၅၀ | ၃၃၀၀ | ၂၀၈ | ၆၈၂၈၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၂ | ၁၅၈၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉ | ၃၇၀၅၀၀ |
| TMH | ၂၆၀၀ | ၂၆၅၀ | ၅၂ | ၁၃၅၃၀၀ |
| EFR | ၃၀၅၀ | ၃၀၅၀ | ၉၁ | ၂၇၇၅၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၃ | ၁၅၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကိုဗစ်- ၁၉ တတိယလှိုင်းအတွင်း ကူးစက်မှုနှုန်းနှင့် သေဆုံးမှုနှုန်းများရခြင်း အကြောင်းရင်းများ

**အခုအခါမှာ နိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိတဲ့ ကိုဗစ်- ၁၉ ရောဂါကူးစက်မှု တတိယလှိုင်းဟာ ရှေ့မှာ ဖြစ်ပွားခဲ့တဲ့ ပထမလှိုင်း၊ ဒုတိယလှိုင်းတွေနဲ့ မတူဘဲ ကူးစက်ခံရသူနဲ့ သေဆုံးသူ စံချိန်တင် မြင့်မားတာကို တွေ့ရှိရမှာဖြစ်တယ်။ ဒီတော့ ဘာကြောင့် သေဆုံးမှုနှုန်း မြင့်မားလာသလဲဆိုတဲ့အချက်ဟာ ကျန်းမာရေး ပညာရှင်တွေနဲ့ စီမံအုပ်ချုပ်သူတွေအတွက် အရေးကြီးတဲ့ဆုံးဖြတ်ချက်တွေ ချမှတ်ရာမှာ သိထားသင့်တဲ့အချက်တွေ ဖြစ်လာပါတယ်။ အဆိုပါအချက်တွေကို လေ့လာကြည့်တဲ့အခါမှာ အောက်ပါအတိုင်း တွေ့ရမှာဖြစ်တယ်။**

ကိုလူ

**(၁) ကိုဗစ်–၁၉ ရောဂါပိုး၏ သဘောသဘာဝ (Nature of Covid–19 Virus)**

အခု တတိယလှိုင်းမှာ ကူးစက်မှုမြန်ရခြင်းနဲ့ သေဆုံးမှုမြင့်မားရတဲ့ အခြေခံအကြောင်းရင်း တစ်ခုကတော့ ကိုဗစ်- ၁၉ ဗိုင်းရပ်စ်ရဲ့ မျိုးဗီဇ ပြောင်းလဲလာမှုကြောင့်ပဲဖြစ်တယ်။ အခုဖြစ်ပွားနေတဲ့ ကိုဗစ်- ၁၉ ဒယ်လ်တာ(Delta) မျိုးစိတ်ဟာ အယ်လ်ဖာ(Alpha) မျိုးစိတ်ထက် ကူးစက်မှု (၄ဝ ရာခိုင်နှုန်း - ၆ဝ ရာခိုင်နှုန်း) ပိုမြန်ပြီး မူလကနဦး ဝူဟန်မြို့မှစတင်ခဲ့တဲ့ မျိုးစိတ်ထက် ကူးစက်မှုနှစ်ဆ ပိုမြန်တာကို တွေ့ရှိရမှာ ဖြစ်တယ်။ အဲဒါအပြင် သုတေသနရလဒ်တွေအရ ဒယ်လ်တာ(Delta) မျိုးစိတ်ကူးစက်ခံထားရသူတွေမှာ ဗိုင်းရပ်စ်ပမာဏ (Viral Load)ဟာ အခြားမျိုးစိတ် ကူးစက်ခံရသူတွေထက် အဆတစ်ထောင် ပိုများနေတယ်လို့ ဆိုတယ်။ ကာကွယ်ဆေး မထိုးထားတဲ့သူတွေမှာ ဒယ်တာ(Delta) မျိုးစိတ်ကူးစက်ခံရရင် အခြားမျိုးစိတ်ကူးစက်ခံထားရသူတွေထက် ဆေးရုံတက်ရနိုင်ခြေ နှစ်ဆပိုများသတဲ့။ ဒါပေမယ့် ကာကွယ်ဆေး နှစ်ကြိမ်အပြည့်အဝ ထိုးထားပြီးရင်တော့ ဒယ်လ်တာ(Delta) မျိုးစိတ်ကြောင့် ဆေးရုံတက်ရနိုင်ခြေနဲ့ သေဆုံးနိုင်ခြေ လျော့နည်းစေတာကို တွေ့ရှိခဲ့ရတယ်။ တစ်နည်းအားဖြင့် ပြောရရင် ကာကွယ်ဆေးထိုးထားခြင်းဟာ ပြင်းထန်ကိုဗစ်ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်တယ်ဆိုတာပါပဲ။

**(၂) အခြေခံကျန်းမာရေးအခြေအနေများ (Underlying Health Conditions)**

ကိုဗစ်ကြောင့် သေဆုံးနိုင်မှုကို လေ့လာကြည့်တဲ့အခါမှာ အရေးကြီးတဲ့အချက်တစ်ခုက လူတစ်ဦးရဲ့ အခြေခံကျန်းမာရေးအခြေအနေပဲ ဖြစ်တယ်။ သုတေသနရလဒ်တွေအရတော့ ဆီးချိုရောဂါရှိတဲ့သူတွေဟာ ကိုဗစ်ကြောင့် ဆေးရုံတက်ရနိုင်ခြေနဲ့ သေဆုံးနိုင်ခြေအမြင့်ဆုံးသူတွေပဲဖြစ်တယ်။ အမျိုးအစား (၂) ဆီးချိုရောဂါရှိသူချင်း အတူတူတွေမှာတောင် အမျိုးသားတွေဟာ အမျိုးသမီးတွေထက် သေဆုံးနိုင်ခြေ ၁ ဒသမ ၆၁ ဆ ပိုရှိတယ်။ ကျောက်ကပ်လုပ်ငန်းပျက်စီးနေသူ (Renal Failure) တွေဟာ လုံးဝကောင်းနေသူထက် သေဆုံးနိုင်ခြေ ၄ ဒသမ ၉၁ ဆရှိတယ်။ နှလုံးရောဂါနဲ့ ပတ်သက်ပြီး လေ့လာရမယ်ဆိုရင် ယခင်က နှလုံးသွေးကြောပိတ်ဆို့မှု (Myocardial Infarct) ရှိခဲ့ဖူးရင် သေဆုံးနိုင်ခြေ ၁ ဒသမ ၁၁ ဆ၊ ယခင်က လေဖြတ်ခဲ့ဖူးရင် ၂ ဒသမ ဝ၂ ဆနဲ့ နှလုံးလုပ်ငန်းဆောင်တာပျက်စီးမှု (Heart Failure) ရှိခဲ့ဖူးရင် ၂ ဒသမ ဝ၉ ဆ အသီးသီးပိုလာတာကို တွေ့ရှိရတယ်။ ဒါကြောင့် အခုတတိယလှိုင်းမှာ မူလရောဂါအခံရှိသူတွေဟာ ကူးစက်ခံရရင် ရောဂါဒဏ်ကို အခြားသူတွေထက် ပိုမိုခံစားရပြီး သေဆုံးမှုမြင့်မားတာကို တွေ့ရှိရမှာ ဖြစ်တယ်။

**(၃) အသက်အရွယ် (Age)**

ရောဂါကြောင့် သေဆုံးနိုင်ခြေကို လေ့လာတဲ့အခါတိုင်း မပါမဖြစ် အရေးကြီးတဲ့အချက်ကတော့ ကူးစက်ခံရသူရဲ့ အသက်အရွယ်ပဲ ဖြစ်တယ်။ သုတေသနရလဒ်တွေအရ အသက် ၆ဝ ကျော်လာတာနဲ့အမျှ ရောဂါပြင်းထန်မှုနဲ့ သေဆုံးမှုမြင့်မားလာတာကို တွေ့ရှိလာရတယ်။ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အသက်အုပ်စု (၇ဝ-၇၉)နှစ်အရွယ်တွေဟာ (၆ဝ-၆၉)နှစ် အရွယ်တွေထက် သေဆုံးနိုင်ခြေ ၁ ဒသမ ၉၄ ဆ၊ အသက်အုပ်စု (၈ဝ-၈၉)နှစ် အရွယ်တွေက (၆ဝ-၆၉)နှစ် အရွယ်တွေထက် သေဆုံးနိုင်ခြေ ၄ ဒသမ ၅၂ ဆ အသီးသီးပိုရှိတယ်ဆိုတာကို တွေ့ရှိရတယ်။ အခု သေဆုံးသွားတဲ့သူတွေကို ကြည့်လိုက်ရင်လည်း သေဆုံးသူအများစုဟာ အသက်အရွယ် ကြီးရင့်သူတွေဖြစ်တယ်ဆိုတာကို တွေ့ရမှာဖြစ်တယ်။

**(၄) ကိုယ်ခံအားစနစ် (Immune System)**

သဘာဝအရ လူသားတွေမှာ ကိုယ်ခန္ဓာအတွင်း ဝင်ရောက်လာတဲ့ ရောဂါပိုးတွေကို တိုက်ခိုက်နိုင်တဲ့ ကိုယ်ခံအားစနစ်တွေ ရှိကြပါတယ်။ ဒါပေမယ့် အချို့သူတွေမှာ ရောဂါကြောင့်ဖြစ်စေ၊ သုံးစွဲနေတဲ့ ဆေးတွေကြောင့်ဖြစ်စေ ကိုယ်ခံအားကျဆင်းနေတာမျိုး ရှိနိုင်တယ်။ ဒါကြောင့် အခုသေဆုံးသွားတဲ့သူတွေကိုကြည့်ရင် ခုခံအားကျဆင်းမှုရောဂါ (AIDS)၊ ကင်ဆာဆေးသုံးစွဲနေရသူ စတဲ့ ကိုယ်ခံအားနည်းနေသူတွေမှာ ရောဂါပိုမိုပြင်းထန်တာ၊ သေဆုံးခဲ့တာတွေကို တွေ့ရှိရမှာ ဖြစ်တယ်။

**❖ သုတေသနရလဒ်တွေအရ တုပ်ကွေးကဲ့သို့သော ကိုဗစ်– ၁၉ ရောဂါပိုးတွေဟာ အပူချိန်နည်းပြီး စိုထိုင်းဆများတဲ့ ပတ်ဝန်းကျင်တွေမှာ ပိုပြီးကူးစက်မှု မြန်တာကို တွေ့ရှိရတယ်**

**(၅) ပြည်သူလူထု၏ ကျန်းမာစွာနေထိုင်နိုင်ရေး အမူအကျင့်များ (Health Seeking Behaviours of the Public)**

Health Seeking Behaviours လို့ပြောရင် လူတစ်ယောက်အနေနဲ့ ကျန်းမာစွာနေထိုင်နိုင်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်တွေကို ဘယ်လောက်ထိ လိုက်နာဆောင်ရွက်သလဲဆိုတဲ့အချက်ကို သုံးသပ်ရမှာ ဖြစ်တယ်။

အခု ကိုဗစ်တတိယလှိုင်းမဖြစ်ခင်မှာ ပြည်သူတစ်ဦးချင်းရဲ့ နှာခေါင်းစည်း(Mask) တပ်တာ၊ လက်မကြာခဏဆေးတာ၊ လူစုလူဝေးကို ရှောင်ကြဉ်တာ စတဲ့ ရောဂါကာကွယ်ရေးဆိုင်ရာ လိုက်နာသင့်တဲ့ အချက်တွေအပေါ် လိုက်နာမှုကို လေ့လာကြည့်မယ်ဆိုရင် ပြည်သူတွေအနေနဲ့ လူစုလူဝေးတွေမှာ အကြိမ်များစွာပါဝင်ခဲ့တာနဲ့အခြေခံကျတဲ့ နှာခေါင်းစည်း(Mask) တပ်ခြင်းဆိုတဲ့အချက်ကိုပဲ လိုက်နာဖို့ အားနည်းခဲ့တာကို တွေ့ရမှာဖြစ်တယ်။

အဲဒီလိုပဲ ပြည်သူလူထုဟာ ခေတ်အဆက်ဆက်မှာ ဆေးရုံ၊ ဆေးခန်းတွေကို ကြောက်တဲ့အတွက် ရောဂါဖြစ်လာရင် ဆေးမြီးတိုတွေ၊ သမားယောင်တွေနဲ့ကုသတတ်တဲ့ဓလေ့တွေဟာ အခုအချိန်အထိ ဒေသအနှံ့မှာ ရှိနေဆဲဖြစ်တယ်။ ဒါကြောင့် အခု တတိယလှိုင်းမှာ ကိုဗစ်လို့ သံသယရှိလာတဲ့အခါမှာလည်း လူထုဟာ ကျွမ်းကျင်ပညာရှင်တွေဖြစ်တဲ့ ဆရာဝန်၊ သူနာပြုတွေနဲ့ ဆွေးနွေးတာထက် သမားယောင်တွေနဲ့ကုသတာ၊ ဆေးမြီးတိုဖြစ်တဲ့ တမာရွက်၊ ချင်းပြုတ်၊ ခွေးတောက်ရွက်တွေနဲ့ ကုသတာတွေကို ပြုလုပ်ခဲ့ကြတာ တွေ့ရမှာ ဖြစ်တယ်။ ဒီလိုအလေ့အထရှိနေတဲ့အပေါ်မှာ ဆေးရုံတွေမှာ လုံလောက်တဲ့ ဆရာဝန်၊ သူနာပြုတွေ မရှိဘူးဆိုတဲ့ သတင်းဟာလည်း ပြည်သူလူထုကို ဆေးရုံ၊ ဆေးခန်းတွေနဲ့ ပိုမိုဝေးကွာသွားစေပြီး သေဆုံးမှုနှုန်းကို မြင့်တက်လာစေခဲ့တယ်။

**(၆) ပတ်ဝန်းကျင်အခြေအနေများ (Environmental Conditions)**

ရောဂါပိုးတွေရဲ့ ကူးစက်မှုတွေကို လေ့လာတဲ့အခါတိုင်း မဖြစ်မနေထည့်တွက်ရတဲ့ အချက်တစ်ခုကတော့ ပတ်ဝန်းကျင်အနေအထားပဲ ဖြစ်တယ်။ အဲဒီအထဲမှာ ပတ်ဝန်းကျင်အပူချိန် (Temperature) နဲ့ စိုထိုင်းဆ (Humidity) တို့ဟာ အရေးကြီးတဲ့ အချက်တွေပဲ ဖြစ်တယ်။ သုတေသနရလဒ်တွေအရ တုပ်ကွေးကဲ့သို့သော ကိုဗစ်–၁၉ ရောဂါပိုးတွေဟာ အပူချိန်နည်းပြီး စိုထိုင်းဆများတဲ့ပတ်ဝန်းကျင်တွေမှာ ပိုပြီးကူးစက်မှုမြန်တာကို တွေ့ရှိရတယ်။



အခု ကိုဗစ်–၁၉ တတိယလှိုင်းဖြစ်တဲ့အချိန်ကို လေ့လာကြည့်တဲ့အခါမှာ ရန်ကုန်မြို့နဲ့ပတ်ဝန်းကျင်မှာ မိုးသည်းထန်စွာ နေ့စဉ်ရက်ဆက်ရွာသွန်းခဲ့တာကိုတွေ့ရှိရမှာဖြစ်တယ်။ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ပတ်ဝန်းကျင်မှာ အပူချိန်ကျဆင်းနေပြီး စိုထိုင်းဆတက်နေတာကို တွေ့ရမှာဖြစ်တယ်။ ဒါတွေဟာ ကိုဗစ်–၁၉ ရောဂါပိုးအနေနဲ့ ပိုမိုရှင်သန်ကူးစက်နိုင်တဲ့ အနေအထားဖြစ်တာကိုလည်း သတိမူရမှာ ဖြစ်တယ်။

အဆိုပါအခြေအနေကို ပိုဆိုးစေတာက လူတွေအနေနဲ့ မိုးရွာနေတဲ့အတွက် မိမိတို့ရဲ့ နေအိမ်တံခါးတွေ၊ ပြတင်းပေါက်တွေကို ပိတ်ထားရခြင်းကြောင့် လေဝင်၊ လေထွက်မကောင်းတဲ့ ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေပြီး အိမ်အတွင်းမှာ နေထိုင်တဲ့သူအကုန်လုံးကို ကူးစက်ခံခဲ့ရတာကို တွေ့ရှိရမှာဖြစ်တယ်။ ဒါကြောင့် အခုတတိယလှိုင်းမှာ တစ်အိမ်လုံးကူးစက်ခံရခြင်းနဲ့ မိသားစုတစ်ခုအတွင်းမှ မိသားစုဝင်များစွာ သေဆုံးရခြင်းဆိုတဲ့ ကြေကွဲဝမ်းနည်းဖွယ် ဇာတ်လမ်းများစွာကို ကြားသိခဲ့ကြရမှာ ဖြစ်တယ်။

**(၇) လူနေသိပ်သည်းမှု (Population Density)**

လူနေသိပ်သည်းမှုဟာ ရောဂါပိုးကူးစက်ပျံ့နှံ့မှုရဲ့ အခြေခံအကြောင်းအရာတစ်ခု ဖြစ်တယ်။ အခု တတိယလှိုင်းမှာ အများဆုံးကူးစက်ခံရတာကတော့ ရန်ကုန်တိုင်းဒေသကြီးပဲ ဖြစ်တယ်။ တိုင်းပြည်အတွင်းမှာ လူနေသိပ်သည်းမှုကိုကြည့်လိုက်မယ်ဆိုရင်လည်း ရန်ကုန်မြို့ဟာ တစ်ကီလိုမီတာပတ်လည်မှာ လူဦးရေ ၁၂၃ဝ၈ ဦးနဲ့ လူဦးရေ အသိပ်သည်းဆုံးဖြစ်တာကို တွေ့ရှိရမှာ ဖြစ်တယ်။ ဒီနေရာမှာ မြန်မာတစ်နိုင်ငံလုံးအနေနဲ့ လူနေသိပ်သည်းမှုဟာ တစ်ကီလိုမီတာပတ်လည်မှာ လူဦးရေ ၈၃ ဦးပဲ ရှိတယ်ဆိုတာကို သတိမူရမှာ ဖြစ်တယ်။ ဒါကြောင့်လည်း ရန်ကုန်မြို့ကြီးဟာ အခြားသောမြို့ကြီးတွေထက် ကူးစက်မှုနှုန်းနဲ့သေဆုံးမှုနှုန်း အများဆုံးဖြစ်ခဲ့တာကို တွေ့ရှိရမှာဖြစ်တယ်။

**(၈) ကာကွယ်ဆေး ထိုးနှံထားရှိမှု**

ကိုဗစ်တတိယလှိုင်းမှာ တွေ့ရှိရတဲ့အချက်တစ်ခုကတော့ ကာကွယ်ဆေး ထိုးနှံပြီးတဲ့သူတွေဟာ ရောဂါကူးစက်ခံရပေမယ့် ရောဂါလက္ခဏာပြင်းထန်မှုမရှိဘဲ သေဆုံးနိုင်တဲ့ အခွင့်အလမ်းနည်းပါးတာပဲဖြစ်တယ်။ အထူးသဖြင့် အဓိက ကူးစက်မှုဖြစ်ပွားခဲ့တဲ့ ရန်ကုန်မြို့မှာဆိုရင် ကာကွယ်ဆေး ထိုးနှံထားပြီးတဲ့သူတွေဟာ ရောဂါကူးစက်မှုဒဏ်ကို ခံနိုင်ရည်ရှိခဲ့ပြီး အသက်ဆုံးရှုံးမှုဖြစ်ပွားခဲ့တဲ့သူတွေဟာ ကာကွယ်ဆေး မထိုးထားတဲ့သူတွေ ဖြစ်တယ်ဆိုတာကို တွေ့ရှိခဲ့ရတယ်။ ဒါကြောင့် ပြည်သူလူထုအနေနဲ့ ကိုဗစ်– ၁၉ ရောဂါကို ကျော်ဖြတ်နိုင်ဖို့အတွက် ကာကွယ်ဆေးကို မဖြစ်မနေထိုးကြရမှာဖြစ်တယ်။

**(၉) ကျန်းမာရေးပြုစုစောင့်ရှောက်မှုစနစ်**

ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကို တုံ့ပြန်ဆောင်ရွက်တဲ့အခါမှာ ကျန်းမာရေးပြုစုစောင့်ရှောက်မှုစနစ်အတွင်းမှာရှိတဲ့ လူ့အင်အားအရင်းအမြစ် (Human Resources)နဲ့ ပစ္စည်းကိရိယာအရင်းအမြစ် (Material Resources) တို့ဟာလည်း အရေးကြီးတဲ့အချက်တွေ ဖြစ်ကြတယ်။ လူ့အင်အားအရင်းအမြစ်လို့ဆိုတဲ့နေရာမှာ ဆရာဝန်တွေ၊ သူနာပြုတွေနဲ့ ကျွမ်းကျင်ပညာရှင်တွေသာမက စေတနာ့ဝန်ထမ်းတွေရဲ့ အရည်အသွေးနဲ့ အရေအတွက်တွေကိုပါ ထည့်သွင်းတွက်ချက်ရမှာဖြစ်တယ်။

အခု တတိယလှိုင်းဖြစ်တဲ့အခါမှာ ယခင်လှိုင်းတွေနဲ့ မတူတဲ့အချက်ကတော့ ဆေးရုံ၊ ဆေးခန်းတွေမှာ ဆရာဝန်၊ သူနာပြုတွေ မလုံလောက်ခြင်းနဲ့ စေတနာ့ဝန်ထမ်းတွေ နည်းပါးခြင်းပဲ ဖြစ်တယ်။ ဒါ့အပြင် ကူးစက်မှုနဲ့ သေဆုံးမှုနှုန်း များလာတဲ့အခါမှာ လူအများအနေနဲ့ ကြောက်လန့်ပြီး အောက်ဆီဂျင်နဲ့ ဆေးဝါးတွေ အလုအယက်ဝယ်ယူလာတဲ့အတွက် ဆေးဝါးနဲ့အောက်ဆီဂျင်ရှားပါးမှု၊ ဈေးကြီးမှု ပြဿနာတွေကိုပါ ရင်ဆိုင်လာရပါတယ်။ အခု ကိုဗစ်တတိယလှိုင်းမှာ ကြုံတွေ့ရတဲ့ ပြဿနာတွေထဲမှာ အောက်ဆီဂျင် မလုံလောက်မှုပြဿနာဟာ အရေးအကြီးဆုံး ပြဿနာတစ်ခု ဖြစ်လာတဲ့အထိ ကြီးမားခဲ့တာကို တွေ့ရှိခဲ့ရတယ်။

အဲဒီလို ဆေးဝန်ထမ်း မလုံလောက်မှု၊ ဆေးဝါးနဲ့အောက်ဆီဂျင် မလုံလောက်မှု ကြုံတွေ့လာရတဲ့အခါမှာ ကူးစက်ခံရသူတွေဟာ ဆေးရုံ၊ ဆေးခန်းတွေမှာ ပြုစုကုသမှု ခံယူတာထက် မိမိနေအိမ်အတွင်းမှာ ကုသမှုခံယူလာကြတဲ့အတွက် အိမ်တွင်းကူးစက်မှုတွေ ပိုမိုတိုးလာတာကိုလည်း တွေ့ရှိခဲ့ရတယ်။ အိမ်တစ်အိမ်အတွင်းမှာ အိမ်သားများစွာ ကူးစက်ခံရတဲ့အခါမှာ ပြုစုကုသပေးနိုင်မှု အားနည်းလာတဲ့အတွက် ကိုယ်ခံအားနည်းပြီး ရောဂါအခံရှိတဲ့ သက်ကြီးရွယ်အိုတွေ သေဆုံးမှုများခဲ့တာကို တွေ့ရှိရမှာဖြစ်တယ်။

အထက်ပါအချက်တွေဟာ ကိုဗစ်တတိယလှိုင်းမှာ သေဆုံးမှုနှုန်း များစေခဲ့တဲ့အချက်တွေပဲ ဖြစ်တယ်။ ဒီအချက်တွေထဲမှာ အဓိကကျတဲ့အချက်တွေကတော့ ဗီဇပြောင်းမျိုးစိတ်ဖြစ်တဲ့ ဒယ်လ်တာ (Delta) မျိုးစိတ်ကြောင့် ကူးစက်မှုနှုန်း မြင့်မားတာ၊ ရာသီဥတု အခြေအနေအရ ဗိုင်းရပ်စ်တွေ ရှင်သန်ပြီး ကူးစက်မှုများနိုင်တဲ့ အပူချိန်နည်းပြီး စိုထိုင်းဆများနေခဲ့တာ၊ ဆေးရုံ၊ ဆေးခန်းတွေမှာ ဝန်ထမ်းတွေမလုံလောက်တာနဲ့ ကူးစက်မှုနှုန်းမြန်ပြီး လူနာအရေအတွက် ရုတ်တရက်မြင့်တက်လာတဲ့အချိန်မှာ ဆေးဝါးနဲ့ အောက်ဆီဂျင်ရှားပါးတဲ့ ပြဿနာတွေဟာ သေဆုံးမှုနှုန်း မြင့်မားစေခဲ့တဲ့ အဓိကအချက်အလက်တွေဖြစ်တယ်လို့ သုံးသပ်လိုက်ရပါတယ်။ ။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

❒ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်း ဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ် ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများ အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူး တွံတေးမြို့နယ်ရှိ ကျွဲ၊ နွား မွေးမြူရေးလုပ်ငန်းများအားကြည့်ရှု

**ရန်ကုန် ဩဂုတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ ဧရာဝတီ ရေတပ်စခန်းဌာနချုပ်မှ ဒလတပ်နယ်မှူး ဗိုလ်မှူးချုပ်နိုင်မင်းကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယမန်နေ့မွန်းလွဲပိုင်းက တွံတေးမြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးပေးနေမှု၊ အောက်ဆီဂျင်စက်ရုံလည်ပတ်မှုနှင့်တွံတေးမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တွံတေးမြို့နယ် ပြည်သူ့ဆေးရုံတွင် သတ်မှတ်ချက်နှင့် အကျုံးဝင်သူများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုများ၊ ဆေးရုံအနီးရှိ အောက်ဆီဂျင်စက်ရုံလည်ပတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးဇော်လှတို့က တစ်နေ့လျှင် လီတာ ၄၀ ဆံ့အိုး ၈၀ ထွက်ရှိသော အောက်ဆီဂျင်စက်အသစ် လည်ပတ်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။



ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မြို့နယ်ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် ပရဟိတလူမှုရေးအသင်းအဖွဲ့များထံသို့ ရောဂါကာကွယ်ရေးဝတ်စုံ အထည် ၁၀၀၊ လက်အိတ်အခု ၁၀၀ ပါ ၁၀ ဘူး၊ လက်သန့်ဆေးရည်ဘူးသေး ၂၀၀၊ နှာခေါင်းစည်းဘူး ၄၀၊ ခေါင်းစွပ်အခု ၁၀၀ ပါ သုံးထုပ်၊ မျက်နှာအကာ ၁၀ ခုပါ ငါးအိတ်နှင့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်ဆလင်ဒါအိုးအသစ် အလုံး ၅၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီးအားဖူးမြော်၍ စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံနိုင်ရေးအတွက် ဂေါပကအဖွဲ့ထံသို့ အလှူငွေများ ပေးအပ်လှူဒါန်းပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသနှင့် ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဇောတိကျေးရွာရှိ Kyaw Lay Kyaw Co., Ltd . ၏ အသားတိုး နွားအကောင် ၂၈၀ ၊ ကျွဲ အကောင် ၃၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ ဆက်လက်၍ တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာအုပ်စုရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးမွေးမြူရေးစခန်းသို့လည်းကောင်း ရောက်ရှိရာ စခန်းတာဝန်ခံ ဦးဝင်းမြင့်က ငါးမွေးမြူရေးကန် ၁၂၂၅ ဧကရှိပြီး တစ်ဧကလျှင် နှစ်လက်မအထက် ငါးမြစ်ချင်းကောင် ရေ ၃၀၀၀ ၊ ခုနစ်လက်မအရွယ် ငါးကြင်းကောင်ရေ ၃၀၀၀၊ တီလားဗီးယားကောင်ရေ ၂၅၀၀၀ နှင့် ချောင်းမြောင်း ၃၅၅ ဧကတွင်လည်း ငါးမျိုးစိုက်ထည့် မွေးမြူထားရှိမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရှင်းလင်းတင်ပြမှုများအပေါ်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

ယင်းနောက် ထူးသစ်ကုမ္ပဏီ၏ ဧက ၃၅၀ အတွင်း ငါး ၊ ပုစွန် မွေးမြူထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**

# ခင်ဦးမြို့ ဝေပုလ္လာရာမကျောင်းသစ်ကျောင်းတိုက်သို့ အောက်ဆီဂျင်စက် ၁၀ လုံး လှူဒါန်း

**ခင်ဦး ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့ အောင်သီရိရပ်၊ဝေပုလ္လာရာမကျောင်းသစ်ကျောင်းတိုက်ဆရာတော် ဝေပုလ္လာစာရက ဦးစီးပြီး မြတ်သီရိလူမှုကူညီရေးအသင်း ဦးဆောင်၍ အောက်ဆီဂျင်ပြတ်လပ်မှု မရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ အလှူရှင်များက ဩဂုတ် ၁၀ ရက်က အောက်ဆီဂျင်စက် ၁၀ လုံး လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် အများကောင်းမှုဖြင့် အောက်ဆီဂျင်စက်လေးလုံး စုစုပေါင်းတန်ဖိုးငွေကျပ် ၆၆ သိန်းနှင့် ဆက်စပ်ပစ္စည်းများ၊ အောင်ချမ်းသာရပ်၊ ဒေါ်ဆယ်၏ (၁၀၁) နှစ်ပြည့် မွေးနေ့အဖြစ် အောက်ဆီဂျင်စက်ငါးလုံး စုစုပေါင်းတန်ဖိုးငွေကျပ် ၈၅ သိန်းနှင့် ဆက်စပ်ပစ္စည်းများ၊ ထိုင်းနိုင်ငံ ဓမ္မကာယကျောင်းဆရာတော် လုံဖီအစ်နှင့် ဒါယကာ ဒါယိကာမများမှ ခင်ဦးမြို့ရှိ သံဃာတော်များအတွက် အရေးပေါ်အသုံးပြုနိုင်ရန် အောက်ဆီဂျင်စက်တစ်လုံးတို့ကို ဆရာတော် ဝေပုလ္လာစာရထံ လှူဒါန်းကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်စက်များကို ပြည်သူ့ဆေးရုံတွင် တက်ရောက်နေသော လူနာများအတွက် အသုံးပြုနိုင်ရန် ဩဂုတ် ၁၁ ရက်က ပေးပို့ထားပြီး အောက်ဆီဂျင်အိုးများဖြင့်လည်း လူနာများ အဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆရာတော် ဝေပုလ္လာစာရက မိန့်ကြားသည်။

**စိုးဝေအောင်(ခင်ဦး)**

# ကချင်ပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်မှု သင်တန်းဖွင့်လှစ်

မြစ်ကြီးနား ဩဂုတ် ၁၂

**မိမိတို့အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါကို အမြန်ဆုံးနည်းလမ်းဖြင့် ပြတ်ပြတ်သားသား ထိန်းချုပ်တိုက်ထုတ်ဖို့ ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် မှန်ကန်ပြီး စနစ်ကျသည့် ကြိုတင်ကာကွယ်မှု အစီအမံတွေကို လေ့ကျင့်သင်ကြားပေးခြင်း၊ အသိပညာပေးခြင်းနှင့် လုပ်ငန်းကျွမ်းကျင်မှုစွမ်းရည်များကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယနေ့နံနက်ပိုင်းက ကျင်းပသည့် စေတနာ့ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်မှုသင်တန်းဖွင့်ပွဲ၌ ပြောကြားသည်။**



အဆိုပါ သင်တန်းကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့မှ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်သည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ICRC မှ မြစ်ကြီးနားရုံး တာဝန်ခံကိုယ်စားလှယ်က ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းတက်ရောက်ကြမည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့တို့မှ စေတနာ့ဝန်ထမ်းများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းတွင် ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့မှ ပူးပေါင်းပြုစုထုတ်ဝေထားသည့် စေတနာ့ဝန်ထမ်းလက်စွဲ စာအုပ်ပါ တုံ့ပြန်ဆောင်ရွက်ရမည့်အချက်များ အပါအဝင် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ သိသင့်သိထိုက်သည့် နောက်ဆုံးရအချက်အလက်များ၊ ကိုဗစ်-၁၉ အတည်ပြုလူနာများ ပြုစုစောင့်ရှောက်ရာတွင် စနစ်တကျစီမံခန့်ခွဲ၍ ကြိုတင်ကာကွယ်ဆောင်ရွက်ရမည့် အချက်များကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ လူဦးရေ ၃၅ ဦး တက်ရောက်သည့်အပြင် အွန်လိုင်းမှ တက်ရောက်သူ ၇၀ ကျော်ဖြင့် ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်

(ပြန်/ဆက်)

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဩဂုတ် ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဩဂုတ် ၁၄ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ပညာရှာရမည့် အရွယ်တွင် ပညာမရှာဖွေခဲ့၍ အသိဉာဏ်နည်းကာ မိဘအမွေပစ္စည်းများကို သုံးဖြုန်းပစ်သော မောင်ချမ်းသာအကြောင်းကို ပညာပေး တင်ဆက်ထားသည့် "နေရောင်အောက်မှာ အဖြေရှာ" မျက်နှာဖုံး




ဇာတ်လမ်း၊ ကလေးများ အစာအာဟာရကို မျှတစွာ စားသုံးသင့်ကြောင်းကို ရေးဖွဲ့ထားသည့် "အာဟာရမျှတအောင် စားသုံးကြပါစို့" သုတဆောင်းပါး၊ မိမိနှင့်အတူ ကြီးပြင်းလာသူများအပေါ် မာနထားကာ သူတစ်ပါး အရပ်ဒေသကို အထင်ကြီးမိ၍ ဒုက္ခရောက်ရသော ဖိုးမုန်လာဥ အကြောင်းကို ပညာပေးတင်ဆက်ထားသည့် "ဘဝမေ့သူ" နှစ်မျက်နှာကာတွန်း၊ လတ်တလော ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ရန် မိမိအိမ်၌သာ နေထိုင်သင့်ကြောင်း ပညာပေး တင်ဆက်ထားသည့် "ကိုဗစ် အန္တရာယ် သတိထားဖွယ်" ဝတ္ထု၊ ကလေးများ ပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြပေးထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ ကျောင်းဖွင့်ရက်၌ ဘောင်းဘီအသစ်၊ အင်္ကျီအသစ်၊ လွယ်အိတ်အသစ်နှင့်သွားသော ဖိုးလပြည့်အကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "ဖိုးလပြည့်" တစ်မျက်နှာ ကာတွန်း၊ တိရစ္ဆာန်များကို ချစ်ခင်တတ်သော တိုးတိုးအကြောင်းကို ရေးဖွဲ့ထားသော "တိုးတိုးနဲ့ ဗီးကွက်လေး" ပုံပြင်၊ ကလေးများအနေဖြင့် ငယ်ရွယ်စဉ် ကာလကတည်းမှစ၍ အတတ်ပညာများကို စုံလင်စွာ သင်ယူထားသင့်ကြောင်း ပညာပေးတင်ဆက်ထားသည့် "မိုးရွာသောနေ့" နှစ်မျက်နှာကာတွန်း၊ Personal Pronouns များ အကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် ဆရာ MKL၏ ရွှေသွေးအင်္ဂလိပ် သဒ္ဒါ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရသည်။

သတင်းစဉ်

## ကျောက်ပန်းတောင်းမြို့၌ အောက်ဆီဂျင်ထုတ်စက် စတင်လည်ပတ် တစ်ရက်လျှင် လီတာ ၄၀ အောက်ဆီဂျင်အိုးကြီး အလုံး ၆၀ ခန့် ထုတ်ပေးမည်

ကျောက်ပန်းတောင်း ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့တွင် သုဂတိရှင်နာရေးကူညီမှုအသင်း အစီအစဉ်ဖြင့် တရုတ်နိုင်ငံမှ ဝယ်ယူသည့် Boly Plant အမျိုးအစား အောက်ဆီဂျင်ထုတ်စက်မှာ ဩဂုတ် ၁၂ ရက်မှ စတင်၍ အောက်ဆီဂျင်များ ထုတ်ပေးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်ထုတ်စက်မှာ တစ်ရက်လျှင် ၁၀ နာရီလည်ပတ်၍ လီတာ ၄၀ အောက်ဆီဂျင်အိုးကြီးအလုံး ၆၀ ခန့် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ "ကျွန်တော်တို့ စက်တန်ဖိုးက သယ်ယူစရိတ်အပါအဝင်ဆိုရင် ငွေကျပ်သိန်း ၉၄၀ လောက်ကျတယ်။ ၁၆၀ ကေဗွီအေ ထရန်စဖော်မာကလည်း အကုန်လုံး တပ်ဆင်စရိတ်အပါ ၂၃၇ သိန်းကျတယ်။ လောလောဆယ် လိုသမျှငွေကို မြို့ပေါ်က စကားဝါမြေဖောင်ဒေးရှင်းတို့၊ ယာဉ်ကြီးများအသင်းတို့နဲ့ ပေါက်တော/စမ်းပွင့်ဘက်က လမ်းအလှူရှင် ဦးအေးမောင်တို့မိသားစုတွေက အတိုးမဲ့ချေးပြီး မတည်ပေးထားတာပါ။ နောက်မှအသင်းက အလှူခံရရှိတဲ့ ရန်ပုံငွေနဲ့ပြန်ဆပ်သွားရမှာပါ" ဟု သုဂတိရှင်အသင်း အတွင်းရေးမှူးဖြစ်သူ ဦးမောင်မောင်လေးက ပြောသည်။

စက်ဝယ်ယူရရှိနိုင်ရေးအတွက် သုဂတိရှင်နာရေးကူညီမှုအသင်း၏ နာယကဆရာတော်ကြီးများထံမှ ဩဝါဒကို ခံယူ၍ အသင်းအမှုဆောင်များ၊ မြို့မိမြို့ဖများ၏ ညှိနှိုင်းတိုင်ပင်မှုဖြင့် လိုအပ်သည့် မတည်ငွေများကို စကားဝါမြေဖောင်ဒေးရှင်းမှ ငွေကျပ်သိန်း ၂၀၀ လှူဒါန်းပြီး၊ မြို့နယ်မော်တော်ယာဉ်ကြီးများအသင်းမှ ကျပ်သိန်း ၃၀၀ နှင့် အင်တော-စမ်းပွင့်လမ်းအလှူရှင် ဦးအေးမောင်မိသားစုတို့ထံမှ ငွေကျပ်သိန်း ၂၀၀ တို့ကို အတိုးမဲ့ချေးယူရရှိခဲ့ကြောင်းနှင့် ကုန်ကျငွေကျပ်သိန်း ၉၀၀ ထက်ပိုပါက ဦးအောင်ကိုဝင်း မိသားစုမှ ထပ်မံလှူဒါန်းမည်ဖြစ်ကြောင်း ဦးမောင်မောင်လေးက ဖြည့်စွက်ပြောကြားသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် အောက်ဆီဂျင်စက် စတင်ထုတ်လုပ်ပေးနေပြီဖြစ်၍ အသင်းရုံးမှ အောက်ဆီဂျင် ဖြန့်ဝေပေးရေးကော်မတီနှင့် အောက်ဆီဂျင်လိုအပ်နေသည့် လူနာများအတွက်လည်း အချိန်နှင့်တစ်ပြေးညီ ရယူသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

## အောင်မြေသာစံမြို့နယ်၌ အောက်ဆီဂျင်ထုတ်စက် အဆောက်အအုံ ဆောက်လုပ်

မန္တလေး ဩဂုတ် ၁၂

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၌ အောက်ဆီဂျင်ထုတ်စက် တပ်ဆင်ထားရှိမည့် အဆောက်အအုံ ဆောက်လုပ်ရန် မြေနေရာတွင် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၂ ရက်က ပြည်ကြီးရန်လုံရပ်ကွက်၊ ၁၂လမ်း၊ ၈၆ လမ်းနှင့် ၈၇ လမ်းကြားရှိ ခတ်ပေါင်းစု လူမှုကူညီရေး အသင်း(မန္တလေး) ရုံး၏ အရှေ့ဘက်မြေကွက်လပ်နေရာ၌ ကျင်းပသည်။

ပန္နက်တင်မင်္ဂလာ အခမ်းအနားတွင် မဟာဂူကြီး တိုက်သစ်ဆရာတော်၏ (ကိုယ်စား) ပင့်သံဃာတစ်ပါး၊ ခတ်ပေါင်းစု လူမှုကူညီရေးအသင်း (မန္တလေး)မှ ဥက္ကဋ္ဌ ဦးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် ပန္နက်တင်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အောက်ဆီဂျင် ထုတ်စက် တပ်ဆင်မည့်ကိစ္စ နှင့်ပတ်သက်၍ "စေတနာရှင် အလှူရှင်တွေ စုစုပေါင်း ၄၃၀ လောက် လှူဒါန်းထားတာက သိန်းပေါင်း ၉၈၀ ခန့် ရရှိပြီးဖြစ်ပါတယ်၊ အပြီးအစီး ခန့်မှန်းထားတာက ငွေကျပ်သိန်းပေါင်း ၁၂၀၀ ခန့် ကုန်ကျမယ်၊ အောက်ဆီဂျင်စက်က သိန်း ၉၀၀ လောက်မှန်းထားတယ်၊ စက်ကို အသုံးပြုဖို့ ထရန်စဖော်မာက အနည်းဆုံး သိန်း ၅၀ လောက်မှန်းထားတယ်၊ စက်တင်ဘာလထဲမှာ စက်ရောက်ရှိမယ်လို့ သိရပါတယ်" ဟု ခတ်ပေါင်းစု လူမှုကူညီရေးအသင်း (မန္တလေး)မှ ဥက္ကဋ္ဌက ပြောသည်။

အဆိုပါ အောက်ဆီဂျင် ထုတ်စက် တပ်ဆင်ပြီးပါက နေ့စဉ် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုးပေါင်း ၇၀ ခန့် ထုတ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အလှူရှင်များ အနေဖြင့် ကုသိုလ်ပါဝင် လှူဒါန်းလိုပါက ခတ်ပေါင်းစု လူမှုကူညီရေး အသင်း(မန္တလေး)မှ ဥက္ကဋ္ဌ ဦးကျော်တင့် ဖုန်း-၀၉ ၂၆၆၅၈၃၁၁၈ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဇော်လင်းဦး (အောင်စံ)

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်သို့ တစ်ကြိမ်ခန့်ကျော်လွန်ရောက်ရှိနိုင်

ဖောင်းပြင် ဩဂုတ် ၁၂

နေပြည်တော် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန၏ ဩဂုတ်လအတွင်း မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်များကို ထုတ်ပြန်ခဲ့ရာ ယခုလအတွင်း ဖောင်းပြင်မြို့၊ ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ကြိမ်ခန့်စီ ကျော်လွန် ရောက်ရှိနိုင်ကြောင်း ထုတ်ပြန်ထားသည်ဟု ဖောင်းပြင်မြို့ မိုးလေဝသနှင့် ဇလဗေဒ တိုင်းထွာရေးစခန်း၊ စခန်းမှူး ဦးထွန်းတင်ထွေးထံမှ သိရသည်။

ယခုလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းသုံးကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း၊ မိုးရွာသွန်းမှုအခြေအနေနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၁ ရက်မှ ၂၆ ရက်ခန့်တွင် မိုးထစ်ချုန်းရွာနိုင်ကြောင်း ထုတ်ပြန်ထားပြီး မြစ်ရေအခြေအနေနှင့် ပတ်သက်၍ အထက်ပါမြို့များတွင် စိုးရိမ်ရေမှတ်အထက်သို့ တစ်ကြိမ်ခန့်စီ ကျော်လွန် ရောက်ရှိနိုင်သည်ဟု ၎င်း၏ ပြောကြားချက်အရ သိရသည်။

အဆိုပါမြစ်ရေကြောင့် မြေနိမ့်ပိုင်းဒေသရှိ ပြည်သူများအနေဖြင့် ရေဘေးသင့်အန္တရာယ်မှ ကင်းဝေးစေရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်ကြောင်း ၎င်းက အကြံပြုပြောကြားသည်။

ကိုထွန်း

(ဖောင်းပြင်)

# မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြေပြိုကျမှုဖြစ်ပွားကာ လူသုံးဦး သေဆုံး



ကမ်းပါးယံပြိုကျမှုကြောင့် လမ်းပိတ်ဆို့မှုကို ရှင်းလင်းနေစဉ်။

**မိုးကုတ် ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် အနောက်ပိုင်းကျောက်ဖြူရပ်ကွက်၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြေသားအိကာ အုတ်တံတိုင်း ပြိုကျမှု ယနေ့နံနက်ပိုင်းက ဖြစ်ပွားခဲ့သည်။ အုတ်တံတိုင်းပြိုကျမှုကြောင့် နေအိမ် အိပ်ခန်းတွင် အိပ်ပျော်နေသော အမျိုးသမီး နှစ်ဦး၊ ကလေးငယ်တစ်ဦး စုစုပေါင်း သုံးဦးသေဆုံးပြီး မြို့နယ်မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီး မြို့နယ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်ပေးကြောင်း သိရသည်။

အလားတူ မိုးရွာသွန်းမှုကြောင့် မိုးကုတ်မြို့ အရှေ့ပိုင်း ညောင်သုံးပင် - ရေပူသွားကားလမ်းတွင် ကမ်းပါးယံပြိုကျမှုကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပွား၍ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့များမှ ဝိုင်းဝန်းရှင်းလင်းကြပြီး အဆိုပါဖြစ်စဉ်ကြောင့် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**နန်းခွာညိုနှင်း(ပြန်/ဆက်)**

# မိတ္ထီလာမြို့နယ်၌ ကျေးလက်လမ်း သုံးလမ်း အဆင့်မြှင့်တင်ခြင်းနှင့် ရေကျော်တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

မိတ္ထီလာ ဩဂုတ် ၁၂

**မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးရန်ပုံ ငွေကျပ်သန်း ၂၀၀ ကျော်ဖြင့် ကျေးလက်လမ်း သုံးလမ်း အဆင့်မြှင့်တင်ခြင်းနှင့် ရေကျော်တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ကျေးလက် လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။**



ကျေးလက်လမ်း ဖောက်လုပ်နေမှုကို တွေ့ရစဉ်။

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ ဒေသထွက်ကုန်များ သယ်ယူပို့ဆောင်ရာတွင် အဆင်ပြေစေရန် နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ရေကျော်တည်ဆောက်ခြင်း လုပ်ငန်းများနှင့် တံတားတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သန်း ၂၀၂ ဒသမ ၉၈၀ ဖြင့် ကျောက်ချောလမ်း တစ်လမ်း၊ မြေသားတင်ဂျင်းခင်းလမ်း နှစ်လမ်းနှင့် ရေကျော် တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူပြီး ဇူလိုင် ၂ ရက် မှ စတင်၍ ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ကျောက်တိုင်ရွာ အဝင်လမ်းကို ကျောက်ချောလမ်းခင်းခြင်း၊ ကျီကုန်း-ပန်းထွေးလမ်းနှင့် အိုင့်-ရေထွက်လမ်းတို့ကို မြေသားတင်ဂျင်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ကျောက်တိုင်ရွာ အဝင်တွင် ရေကျော်တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် ရေကျော်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ၎င်းလမ်းများကို အသုံးပြုနေသူ ကျေးလက်နေပြည်သူများ၏ ဒေသထွက်ကုန်များ သယ်ယူပို့ဆောင်ရာတွင် ရာသီမရွေး အဆင်ပြေတော့မည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ဝန်းသိုမြို့နယ်၌ ရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး

**ဝန်းသို ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် လေဘိုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကိုဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်တွင် လုပ်ငန်းအားလုံး၏ ၉၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ကွန်ကရစ်လမ်းမှာ အရှည်ပေ ၁၃၅၀၊ အကျယ် ၁၄ ပေနှင့် ထု ၆ လက်မဖြစ်ပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ်သိန်း ၁၁၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ကာ ကျေးရွာလူထုကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

လေဘိုကျေးရွာသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ထပ်တိုးဆောင်ရွက်ခွင့်ရရှိသော ကျေးရွာဖြစ်ပြီး ရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဇူလိုင်လဒုတိယပတ်မှ စတင်ကာ ဆောင်ရွက်ခဲ့ကြောင်း၊ ဝန်းသိုမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကျေးရွာပေါင်း ၂၅ ရွာအထိရှိကာ ကျေးရွာ ၁၇ ရွာ၌ စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးနေပြီး ကျန်ရှိသောကျေးရွာ ရှစ်ရွာ၌ စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**မင်းမြင့်မိုရ်(ကျေးလက်)**

သစ်ပင်နည်းလာ၊ တို့ကမ္ဘာ
လွန်စွာပူအေး၊ ဥတုဘေး

# မြိတ်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး စိုက်ပျိုးရေးထုတ်ကုန်များ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်

**မြိတ် ဩဂုတ် ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ ကျေးရွာ နှစ်ရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ နှစ်ဘဏ္ဍာရန်ပုံငွေကျပ် သန်း ၁၀၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးလက်ကုန်ထုတ်လမ်း၊ ကွန်ကရစ်တံတားနှင့် Box Culvert များ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ စိုက်ပျိုးရေးထုတ်ကုန်များ ယခင်ကထက် လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ပြီဖြစ်သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ထွက်ကုန်များကို လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ရည်ရွယ်၍ ကုန်ထုတ်လမ်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၌ မြိတ်မြို့နယ်တွင် သဗျာကျေးရွာ ကုန်ထုတ်လမ်းနှင့် လွတ်လွတ်ကျေးရွာ ကုန်ထုတ်လမ်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သဗျာကျေးရွာ၌ ကုန်ထုတ်လမ်းတွင် ကုန်ထုတ်(ဂဝံမြေသား) လမ်းအပိုင်း(၁) အရှည် တစ်မိုင်ခန့်နှင့် ကုန်ထုတ်လမ်းပေါ်ရှိ အကျယ် ၁၈ ပေ၊ အလျား ၄ ပေ ၉ လက်မ၊ အမြင့် ၄ ပေ ၉ လက်မရှိသည့် Box Culvert သုံးခုတို့ကို ဘဏ္ဍာရန်ပုံငွေကျပ် ၅၉ ဒသမ ၅၁၉ သန်းဖြင့် လည်းကောင်း၊ လွတ်လွတ်ကျေးရွာ ကုန်ထုတ်(ဂဝံမြေသား)လမ်း အပိုင်း(၃) အရှည်(၀/၅)ဖာလုံခန့်နှင့် ကုန်ထုတ်လမ်းဟောင်းပေါ်ရှိ အလျား ၁၀ ပေ ၊ အကျယ် ၁၄ ပေ၊ အမြင့် ၈ ပေ ကွန်ကရစ်တံတားနှင့် ကုန်ထုတ်လမ်းဟောင်းပေါ်ရှိ အကျယ် ၁၈ ပေ၊ အလျား ၄ ပေ ၉ လက်မ၊ အမြင့် ၄ ပေ ၉ လက်မရှိသည့် Box Culvert နှစ်ခုတို့ကို ဘဏ္ဍာရန်ပုံငွေကျပ် ၄၆ ဒသမ ၉၃၇ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး ထုတ်ကုန်များကို လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည့် ကုန်ထုတ်လမ်းနှင့် တံတားများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ သဗျာကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းဖြင့် စပါးစိုက်ဧက ၃၀၀ ခန့်ကိုလည်းကောင်း၊ လွတ်လွတ်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းဖြင့် စပါးစိုက်ဧက ၃၀၊ ရော်ဘာနှင့် ကွမ်းသီးခြံဧက ၃၀၀ ခန့်ရှိ စိုက်ပျိုးရေးထုတ်ကုန်များ ယခင်ကထက် လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**



# မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ အကြမ်းဖက်သောင်းကျန်းသူများက ဆင်ခြင်တုံတရားကင်းမဲ့၊ ရက်စက်ယုတ်မာစွာ လုပ်ကြံပစ်ခတ်မှုကြောင့် ကလေးငယ် တစ်ဦးသေဆုံးကာ၊ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ ထိခိုက်ဒဏ်ရာရ

နေပြည်တော် ဩဂုတ် ၁၂

**အကြမ်းဖက်သူများသည် ပြည်တွင်း၊ ပြည်ပနိုင်ငံများတွင် နေထိုင်ကြသော အစွန်းရောက် အကြမ်းဖက်လိုသူများ၏ မြှောက်ပင့်သွေးထိုးလှုံ့ဆော်မှုများကို နားယောင်ကာ အေးချမ်းစွာနေထိုင်ကြသော ပြည်သူများကို တစ်ဖက်သတ် အစွန်းရောက်ဂိုဏ်းဂဏစွဲကာ ရက်စက်ယုတ်မာစွာဖြင့် ချောင်းမြောင်းလုပ်ကြံသတ်ဖြတ်ခြင်း၊ တိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လျက်ရှိသည်။**

ထိုသို့ ချောင်းမြောင်းလုပ်ကြံခြင်းများ ပြုလုပ်ခဲ့ရာတွင် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ အစွန်းရောက် အကြမ်းဖက်သောင်းကျန်းသူများ၏ဆင်ခြင်တုံတရားကင်းမဲ့၊ ရက်စက်ယုတ်မာစွာ လုပ်ကြံပစ်ခတ်မှုကြောင့် အပြစ်မဲ့ ကလေးငယ် တစ်ဦးသေဆုံးကာ၊ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နံနက် ၇ နာရီတွင် မြင်းခြံမြို့ အမှတ်(၄)ရပ်ကွက်နေ ဦးငြိမ်းချမ်း (၂၆)နှစ် (ဘ) ဦးပြည့်စုံသည် ၎င်း၏နေအိမ်ရှေ့လမ်းဘေး၌ မုန့်ဟင်းခါးရောင်းချရန်အတွက် (၈) လအရွယ် သမီးဖြစ်သူ မငြိမ်းငြိမ်းကို ရင်ခွင်ပိုက်ကာ ဆိုင်ခင်းကျင်း ပြင်ဆင်နေစဉ် အစွန်းရောက် အကြမ်းဖက် သောင်းကျန်းသူ အမျိုးသား လေးဦးက ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး "မုန့်ဟင်းခါး ရပြီလား" ဟု မေးမြန်းကာ ၎င်းတို့ လေးဦးအနက်မှ အမျိုးသား တစ်ဦးက သေနတ်ဖြင့် လေးချက်ခန့်ပစ်ခတ်၍ ဆိုင်ကယ်များဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

ထိုကဲ့သို့ အစွန်းရောက် အကြမ်းဖက် သောင်းကျန်းသူများ၏ ရက်စက်ယုတ်မာစွာ လုပ်ကြံပစ်ခတ်ခဲ့မှုကြောင့် ရှစ်လအရွယ် မငြိမ်းငြိမ်း၏ နဖူး ကျည်ဖောက်ဝင် ဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ဦးငြိမ်းချမ်း၏ ယာဘက်လက်မောင်း ကျည်ဖောက်ထွက်ဒဏ်ရာ တစ်ချက်၊ ဝဲလက်မောင်း ကျည်ရှပ်ထိဒဏ်ရာ တစ်ချက်နှင့် အဆိုပါဆိုင်သို့ မုန့်ဝယ်ရန် ရောက်ရှိနေသော တစ်ရပ်ကွက်တည်းနေ ဒေါ်တင်တင်မာ (ဘ)ဦးထွန်းလှ၏ ယာဘက်ခြေထောက် ခြေမျက်စိ ကျည်ရှပ်ထိဒဏ်ရာ တစ်ချက်တို့ ရရှိခဲ့သည်။



အခင်းဖြစ်ပွားသည့်နေရာနှင့် သိမ်းဆည်းရမိသည့် ကျည်ခွံများ။

ထိုသို့ အပြစ်မဲ့ အသက်(၈)လ အရွယ် ကလေးငယ်သေဆုံးအောင်သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားသည့် အစွန်းရောက် အကြမ်းဖက်သမားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စုံစမ်းရှာဖွေလျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ထိုကဲ့သို့ ရက်စက်ယုတ်မာစွာ လုပ်ကြံပစ်ခတ်ခဲ့သည့် အစွန်းရောက် အကြမ်းဖက်သမားများကို မိမိတို့ပတ်ဝန်းကျင်တွင် တွေ့ရှိရပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့စခန်းများသို့ သတင်းပေးပို့နိုင်ပါရန် မေတ္တာရပ်ခံထားရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ၁၂-၈-၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၇၀၆၀၄၅၄ | ၃၀၀၅၀၀၆၄ | ၆၃၅၂၁၉ |
| ၂။ | အိန္ဒိယ | ၃၂၀၇၇၇၀၆ | ၃၁၂၆၀၀၅၀ | ၄၂၉၇၀၂ |
| ၃။ | ဘရာဇီး | ၂၀၂၄၉၁၇၆ | ၁၉၀၉၂၈၃၂ | ၅၆၆၀၁၃ |
| ၄။ | ရုရှား | ၆၅၃၄၇၉၁ | ၅၈၂၈၉၇၂ | ၁၆၈၀၄၉ |
| ၅။ | ပြင်သစ် | ၆၃၇၀၄၂၉ | ၅၈၂၁၁၀၀ | ၁၁၂၄၁၀ |
| ၆။ | ဗြိတိန် | ၆၁၄၆၈၀၀ | ၄၇၂၁၈၉၉ | ၁၃၀၆၀၇ |
| ၇။ | တူရကီ | ၅၉၉၆၂၂၄ | ၅၅၄၃၀၃၇ | ၅၂၅၆၅ |
| ၈။ | အာဂျင်တီးနား | ၅၀၅၂၈၈၄ | ၄၇၀၀၀၃၀ | ၁၀၈၃၈၈ |
| ၉။ | ကိုလံဘီယာ | ၄၈၅၂၃၂၃ | ၄၆၆၈၇၉၀ | ၁၂၂၉၅၃ |
| ၁၀။ | စပိန် | ၄၆၆၀၄၇၃ | ၃၈၆၆၂၇၆ | ၈၂၃၂၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၂ - ၈ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၇၇၄၁၅၅ | ၃၂၄၇၇၁၅ | ၁၁၃၆၆၄ |
| ဖိလစ်ပိုင် | ၁၇၀၀၃၆၃ | ၁၅၈၃၁၆၁ | ၂၉၅၃၉ |
| မလေးရှား | ၁၃၄၂၂၁၅ | ၁၀၉၃၅၀၃ | ၁၁၆၉၁ |
| ထိုင်း | ၈၃၉၇၇၁ | ၆၂၃၈၀၁ | ၆၉၄၂ |
| မြန်မာ | ၃၄၄၇၃၀ | ၂၆၀၀၂၅ | ၁၂၆၆၇ |
| ဗီယက်နမ် | ၂၄၁၅၄၃ | ၈၅၁၅၄ | ၄၄၈၇ |
| ကမ္ဘောဒီးယား | ၈၃၈၃၉ | ၇၈၄၃၁ | ၁၆၃၄ |
| စင်ကာပူ | ၆၆၀၁၂ | ၆၄၂၉၃ | ၄၃ |
| လာအို | ၉၃၆၃ | ၄၂၄၀ | ၉ |
| ဘရူနိုင်း | ၅၄၃ | ၃၂၂ | ၃ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၂

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ် ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဩဂုတ် ၁၂ ရက်၌ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ၇၃ ခုမှ Azeath500mg Tablet ၅၉၂၉၀ ၊ Enoxaparin Injection ၃၀၁၃၇ ခု ၊ Flow meter ၉၉၆ ခု၊ Oxygen Tube ၁၀၈၃ ခု ၊ Oxygen Mask ၁၅၉၄၀၊ Oximeter ၃၅၉၃၇ ခု၊ Oxygen Cannula ၂၁၅၀ ၊ Oxygen Concentrator ၂၂၉၆ ခု၊ Oxygen Regulator ၁၅၄၅ ခု ၊ Oxygen Concentrator Spare parts ၅၇၀၊ ရန်ကုန်ဆိပ်ကမ်းများတွင် ကိုဗစ်-၁၉ ကာကွယ်ကုသဆေးနှင့် အခြားဆေးမျိုးစုံ ၄၁၂၇.၁၄ Kg၊ နယ်စပ်(ကန်ပိုက်တီး၊ ချင်းရွှေဟော်၊ လွယ်ဂျယ်၊ ကော့သောင်း၊ မူဆယ်၊ မြဝတီ) တွင် ကုမ္ပဏီ ၄၇ ခုမှ Oxygen Cylinder ၆၀၇၀၊ Oxygen Concentrator ၈၉၀၊ Disposable Face Mask ၅၁၅၂၅ Kg ၊ Liquid Oxygen ၁၅၃၆၁ m³၊ Liquid Oxygen ၁၈.၃၇ တန်၊ Flow meter ၁၄၄၄၀၊ PPE ၉၅၆၀၊ Oximeter ၁၁၀၀၊ Oxygen Plant လေးခု၊ Gloves ၉၅၀၀ Kg ၊ Oxygen Regulator ၂၄၅၀ ၊ Spray Gun ၁၅၀၀ ၊ Protective Goggle ၄၈၀၀၀ ၊ Disposable Surgical Gown ၇၈၀၀ Kg ၊ Sodium Chloride Injection ၃၀၀၀၀ Kg၊ Face Shield ၂၅၀၀ Kg ၊ Oxygen Mask ၂၀၀၀ တို့အား ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

နေပြည်တော် ဩဂုတ် ၁၂

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေမည်။ မိုး/ဇလ

## တိုင်းဒေသကြီး၊ ပြည်နယ် မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးမှု မြင်ကွင်းများ


ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်။ သိန်းဇေ(ပြန်/ဆက်)


ချင်းပြည်နယ် မတူပီမြို့။ ခရိုင်(ပြန်/ဆက်)


မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်။ မယု(ငဖဲ)


ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်။ စန္ဒာမိုး(ပြန်/ဆက်)


ချင်းပြည်နယ် တီးတိန်မြို့။ ဒိုင်းဒိမ့်(ပြန်/ဆက်)


ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်။ ခင်မာဝေ


ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်။ ခွန်ရဲထွေး(ပြန်/ဆက်)


စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်။ မြို့နယ်(ပြန်/ဆက်)

■ *ကျောဖုံးမှ*

ဖော်ထုတ် စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။ ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စိစစ်နေစဉ် ကာလအတွင်း ဆေးဝါးများပုံမှန် ရောင်းချခြင်းလုပ်ငန်း ထိခိုက်မှု မရှိစေရန် ဈေးကွက်အတွင်းသို့ ပို့ဆောင်လိုပါကလည်း ပို့ဆောင် မည့်ပစ္စည်းစာရင်းနှင့် ပို့ဆောင် မည့်ဒေသကိုမှတ်သား၍ လွှတ်လပ်စွာ ပို့ဆောင်ခွင့်ပြုထားသည်။ ဩဂုတ် ၁၁ ရက်တွင် ဂိုဒေါင် ၂၄ လုံးကို ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေး ခြင်းပြုလိုက်သဖြင့် ဆေးဝါး ဈေးကွက်အတွင်း လက်လီလက် ကား ရောင်းချသောဈေးများတွင် အများပြည်သူ အသုံးများသော ဆေးများ၏ ဈေးနှုန်းများ သိသိ သာသာ ကျဆင်းသွားကြောင်း လည်း သိရှိရသည်။

ပထမအသုတ် စစ်ဆေးနေ သော ဆေးဂိုဒေါင်၂၄ ခုအနက် ကိုးခုသော ဈေးနှုန်းမြင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ထိန်းချုပ် ရောင်းချခြင်း၊ ပြည်တွင်းပြည်ပမှ ဝယ်ယူတင်သွင်းသည့် အထောက် အထားများ တင်ပြနိုင်မှုမရှိခြင်း၊ သိုလှောင်ထားသည့် ပမာဏ များပြားသဖြင့် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ထား ခြင်းများ တွေ့ရှိရသဖြင့် ဥပဒေနှင့် အညီ ထိထိရောက်ရောက် အရေး ယူသွားမည်ဖြစ်သည်။ ပုံမှန် ရောင်းချလျက်ရှိသည့် ဂိုဒေါင်များ ကို ဆေးဝါးများ ဈေးနှုန်းမြင့်မား စေရန်၊ ဈေးကွက်အတွင်း ဆေးဝါး ဖြန့်ဖြူးမှုထိန်းချုပ်ခြင်းမပြုရန်၊ အမြတ်ကြီးစားရောင်းချခြင်းမပြု ရန် သတိပေးပြီး ခံဝန်ကတိ လက်မှတ် ရေးထိုးစေမည်ဖြစ် သည်။ လုပ်ထုံးလုပ်နည်းနှင့်အညီ ပုံမှန်တင်သွင်း ဖြန့်ဖြူးရောင်းချ သောကုမ္ပဏီများကို တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခြင်းပြုမည် မဟုတ်ကြောင်း သိရှိရသည်။

ဩဂုတ် ၁၂ ရက်တွင်လည်း အိမ်သုံးဆေးဝါးသိုလှောင်သည့် ဂိုဒေါင် ၁၉ လုံးကို ပူးပေါင်းအဖွဲ့ ဖြင့် ထပ်မံစစ်ဆေးလျက်ရှိ ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ဆန်၊ စားသောက်ကုန်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဩဂုတ် ၁၂

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန် အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ သွားလာမှုကန့်သတ်ချက်များကြောင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း (Volunteer) များနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေး အတွက် တပ်မတော်နှင့် စေတနာရှင်အလှူရှင်များက စားသောက် ဖွယ်ရာများ ထောက်ပံ့ပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ဩဂုတ် ၁၁ ရက်နှင့် ယနေ့တွင် ရန်ကုန် တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး၊ အရေးပေါ်ထိန်းချုပ်ရေးကော်မတီနှင့် လူမှုရေးအသင်း အဖွဲ့များသို့ PPE Level 2 အထည် ၁၀၀၊ လက်အိတ် ၁၀၀ ပါ ၁၀ ဘူး၊ Hand Gel ဘူးသေး ၂၀၀၊ Mask ၅၀ ပါ ဘူး ၄၀၊ ခေါင်းစွပ် ၁၀၀ ပါ သုံးထုပ်နှင့် Face Shield ၁၀ ခုပါ ငါးအိတ်တို့ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများကလည်းကောင်း၊ မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျောက်ဆည်ခရိုင်ပြည်သူ့ ဆေးရုံကြီးနှင့် ရပ်ကွက်နေပြည်သူများအတွက် အောက်ဆီဂျင် ၆၃ လုံး၊ ဆန်နှင့် စားသောက်ကုန်ပစ္စည်းများကို အဆိုပါမြို့ရှိ သုံးရာသီ၊ ဘိုမြင့်သူ၊ ဟော်န္ဒန်ကုမ္ပဏီမိသားစုကလည်းကောင်း အသီးသီး ပေးအပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## သီပေါမြို့နယ်၌ အောက်ဆီဂျင်စက်ရုံဆောက်လုပ်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်

**သီပေါ ဩဂုတ် ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါလူနာများနှင့် အခြားနာမကျန်းလူနာများ၏အောက်ဆီဂျင်လိုအပ်ချက် မဖြစ်ပေါ်စေရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ဦးဆောင်ကြီးကြပ်၍ မြို့နယ်အောက်ဆီဂျင်ဖြစ်မြောက်ရေးကော်မတီ၊ မြို့မိမြို့ဖများနှင့်ပူးပေါင်းကာ အောက်ဆီဂျင်စက်ရုံ စတင်ဆောက်လုပ်လျက်ရှိသည်။



အဆိုပါ အောက်ဆီဂျင်စက်ရုံကို အလှူရှင်များ စုပေါင်းလှူဒါန်းငွေများဖြင့် တည်ဆောက်မည်ဖြစ်ပြီး ယခုအချိန်တွင် အောက်ဆီဂျင်ထုတ်ရန် စက်ကိုမှာယူထားပြီးဖြစ်ကြောင်း စက်တန်ဖိုးမှာ ငွေကျပ် ၇၇၅ သိန်းဖြစ်ပြီး စက်ရုံတည်ဆောက်ခြင်း၊ မီးစက်နှင့် လျှပ်စစ်သွယ်တန်းခြင်း၊ လမ်းခင်းခြင်း စသည့်အထောက်အကူပြုလုပ်ငန်းများ အပါအဝင် ငွေကျပ်သိန်း ၂၀၀၀ ကျော်ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း မြို့နယ်အောက်ဆီဂျင်ဖြစ်မြောက်ရေး အတွင်းရေးမှူး ဦးစိုင်းဇော်ဝင်းက ပြောသည်။

အောက်ဆီဂျင်စက်ရုံ လည်ပတ်နိုင်ပါက သီပေါမြို့နယ်မှ အောက်ဆီဂျင်လိုအပ်သော လူနာများအပြင် အခြားမြို့နယ်များမှ ပြည်သူများအတွက် လိုအပ်သော အောက်ဆီဂျင်များ တစ်ဖက်တစ်လမ်းမှ ကူညီပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## နယ်စပ်ရေးရာဝန်ကြီးဌာနက တမူးမြို့နယ်ကိုဗစ်စင်တာသို့ အစားအစာများနှင့် လိုအပ်သည့်ပစ္စည်းများ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပွားလျက်ရှိသည့် ကိုဗစ် - ၁၉ ရောဂါခံစားနေရသည့် လူနာများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အာဟာရအစားအစာနှင့် လိုအပ်သည့်ပစ္စည်းများကို ထောက်ပံ့ပေးလျက်ရှိသည်။

ထိုသို့ထောက်ပံ့ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ်ရှိ ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်ရေးအစီအစဉ်အရ ဖွင့်လှစ်ထားရှိသည့် ကိုဗစ်စင်တာတွင် တက်ရောက်ကုသနေသောလူနာများနှင့် Volunteer များအတွက် PPE ဝတ်စုံ ၁၅ စုံ၊ လက်အိတ် ၁၀ ခုပါ အထုပ် ၄၀၊ Mask အခု ၅၀ ပါ အထုပ် ၅၀၊ Hand Spray ဘူး ၁၀၀၊ ကြက်ဥ ၁၂ လုံးပါ ၇၂ ကတ်နှင့် သောက်ရေသန့် ၁၀ ကတ်တို့ကို တာဝန်ရှိသူများထံသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တမူးခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်ဦးနှင့် ရုံးဝန်ထမ်းများက သွားရောက် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပူတာအိုမြို့နယ်ရှိ စနီခ ချောင်းကူးသံကူကွန်ကရစ်တံတား တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

**ပူတာအို ဩဂုတ် ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ် ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေ ဖြင့် နယ်စပ်ဒေသများ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ကောင်းမွန် စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကချင်ပြည်နယ် ပူတာအိုမြို့နယ် ဆွမ်ပီယာန်ကျေးရွာအုပ်စုအတွင်း ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဆွမ်ပီယာန်-အင်စီယာန်ကျေးရွာသို့ ဆက်သွယ်ထားသော လမ်းမပေါ်ရှိ စနီခ ချောင်းကူးသံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းမှာ ယခုအခါ ရာခိုင်နှုန်းပြည့် လုပ်ငန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

ယင်းတံတားသည် ပူတာအို မြို့နယ် ဆွမ်ပီယာန်ကျေးရွာအုပ်စုအတွင်းရှိ ဆွမ်ပီယာန်ကျေးရွာမှ အင်စီယာန်ကျေးရွာသို့ ဆက်သွယ်ထားသည့် လမ်းမပေါ်တွင်ရှိသော စနီခချောင်းကူးတံတား အရှည် ၅၅ ပေ၊ တံတားအကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ သံကူကွန်ကရစ်တံတားတစ်စင်းဖြစ်သည်။

စနီခ ချောင်းကူးသံကူကွန် ကရစ်တံတားတည်ဆောက်ပြီးစီးခဲ့မှုကြောင့် ပူတာအိုမြို့နယ် ဆွမ်ပီယာန် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာနှစ်ရွာ၊ အိမ်ခြေ ၂၁၁ အိမ်နှင့် လူဦးရေ ၁၁၉၃ ဦးတို့၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာ အကျိုးပြုနိုင်မည်ဖြစ် ကြောင်း သိရသည်။

အဆိုပါတံတားတည်ဆောက် ပြီးစီးမှုအခြေအနေများကို ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးဇော်ဇော်ထွန်းနှင့် အဖွဲ့ဝင်များသည် ပူတာအိုခရိုင် တည်ဆောက်ရေးလုပ်ငန်း အရည်အသွေးစစ်ဆေး ရေးအဖွဲ့နှင့်အတူ ဩဂုတ် ၁၀ ရက်တွင် ကွင်းဆင်းကြည့်ရှု စစ်ဆေး ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း


မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၀ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈. ၁၄ ခု |

